www.burmeseclassic.com

# မရှိမဖြစ် စင်ကြယ်ခြင်း



ဓမ္မဒူတဆရာတော်ကြီး
ဟောသည့်
ဓမ္မဒူတ အရှင်ဆေကိန္ဒ

www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကံတွေ
ဝင်ကြွယ်သလို
စိတ်ဝင်ကြွယ်ဖို့လည်း
လိုအပ်ပါတယ်။

အညစ်အကြေးတွေ
မရှိရင်တော့
ဝင်ကြွယ်ခြင်းဆိုတာ
ဖြစ်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

မရှိမဖြစ်တဲ့

# စင်ကြယ်ခြင်း

မဇ္ဈိမ-အရှင်ဆောက်ကို

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ◆ ၄၅၂/၂၀၀၁ (၇)

မျက်နှာဖုံးခွင့်ပြုချက် ◆ ၄၂၂/၂၀၀၁(၇)

အုပ်ရေ ◆ (၁၀၀၀)

တန်ဖိုး ◆ ဓမ္မဒါန

ထုတ်ဝေသူ ◆ ဦးညွန့်ဌေး (၀၃၁၃)
စိန်ပန်းမြိုင်စာပေ
၂၃ (အေ)၊ ဦးကောင်းလမ်း
ကရင်အမျိုးသားရပ်ကွက်၊
ကြည့်မြင်တိုင်၊ ရန်ကုန်။

ပုံနှိပ်သူ ◆ ဒေါ်ကျင်လှိုင်
ကျော့အောင်အော့ဖ်ဆက် (၀၃၂၄၉)
အမှတ် (၇၈)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ◆ ပါရမီစာပေ
၂၃၊ ၂၉ လမ်း (အထက်လမ်း)
ရန်ကုန်။ ဖုန်း-၂၅၃၂၄၆
◆ ထွန်းဦးစာပေ (မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

# မရှိမဖြစ် စင်ကြယ်ခြင်း

ဤကျမ်းစာသည်မိမိ၏ဟောတရားကိုသုံးသပ်ဖြည့်စွက်၍ပြန်ရေးသားသောကျမ်းစာဖြစ်ပါသည်။ တရားဟောကြားစဉ်ကအရိယာစင်ကြယ်ခြင်းဟုအမည်ပေးခဲ့သော်လည်းကျမ်းစာအုပ်ကိုမရှိမဖြစ်စင်ကြယ်ခြင်းဟုအမည်ပြောင်းထားပါသည်။

"မရှိမဖြစ်"ဟူသည်အရေးအကြီးဆုံး၊အလိုအပ်ဆုံး၊အမြတ်နိုးသင်းဆုံးစသောအဓိပ္ပာယ်ပေါင်းများစွာ၏ကိုယ်စားသုံးဝေါဟာရတစ်ခုဖြစ်သည်ကိုလူတိုင်းသဘောပေါက်ထားကြပြီးဟု ယူဆမိပါသည်။

"စင်ကြယ်ခြင်း"ဟူသောစကားရပ်အတွက်ဆိုရပါမူလူ့လောကအသိုင်းအဝိုင်းတွင်အလုပ်,အပြော,အကြံဟူသောကံအလုပ်အမှုတို့စင်ကြယ်သူနှင့်မစင်ကျယ်သူဟုတွေ့မြင်မိသည်ကအခြေခံဖြစ်ပါသည်။ အကုသိုလ်အလုပ်,ကံမစင်ကျယ်မှုတွေကိုသာအားကိုးတန်ဖိုးထားသူတို့ကများပြားလျှက်၊ကုသိုလ်အလုပ်,ကံစင်ကျယ်မှုကိုအားမကိုး၊အားကိုးရမည်ဟုမသိ၊တန်ဖိုးမထား၀တန်ဖိုးထားရမည်ဟုမသိသူတို့ကလည်းများပြားနေကြပါသည်။

သို့အတွက်ကုသိုလ်အလုပ်ပြုလျှက်ကံစင်ကြယ်စေလို၍လည်းကောင်း၊အကုသိုလ်အလုပ်ရှောင်လျှက်ကံစင်ကြယ်စေလို၍လည်းကောင်းရေးသားခဲ့ပါသည်။

စင်ကြယ်ခြင်းသည်အလုပ်ကံစင်ကြယ်ခြင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com

စိတ်စင်ကြယ်ခြင်းဟူ၍ရှိပါသည်အလုပ်ကံစင်ကြယ်ဖို့ ကုသိုလ်ကောင်းမှုပြုနေသူကိုသူတော်ကောင်းဟုခေါ် ဆိုနိုင်၍ စိတ်စင်ကြယ်သူတို သူမြတ်ဟု ဆိုလိုက ဆိုနိုင်ပါသည်။

သူတော်ကောင်းမှသူမြတ်ဖြစ်ဖို့လည်းလိုအပ်ပါ သည်။

မကောင်းရာဂတိသို့မရောက်ရေး ကောင်းရာ ဂတိသို့ ရောက်ရေး ကံစင်ကြယ်ဖို့ မရှိမဖြစ်လိုအပ်ပါ သည်။

လောကဆင်းရဲ အပေါင်းမှ လွတ်မြောက်၍ ချမ်းသာ အစစ်ရရန် စိတ်စင်ကြယ်ဖို့လည်း မရှိမဖြစ် လိုအပ်ပါသည်။

စိတ်စင်ကြယ်ခြင်းသည်လည်း သတိ, သမာဓိ ဦးဆောင်၍ စိတ်စင်ကြယ်ခြင်းနှင့် ပညာဦးဆောင်၍ စိတ်စင်ကြယ်ခြင်းဟု နှစ်မျိုးရှိပါသည်။

ကံလည်းစင်ကြယ်စေချင်ပါသည်။ သတိ, သမာဓိ ဦးဆောင်သော စိတ်လည်းစင်ကြယ်စေချင်ပါသည်။ ပညာဉာဏ်ဦးဆောင်သော စိတ်လည်း စင်ကြယ်စေချင် ပါသည်။

သို့အတွက် မရှိမဖြစ် စင်ကြယ်ခြင်းစာအုပ်ကို ရေးသားလိုက်ရပါသည်။ စွမ်းနိုင်သမျှ စင်ကြယ်အောင် နေသွားကြလိမ့်မည်ဟု နှလုံးထားမိပါသည်။

**မေမွှေးဒုတ ဘရှင်ဆောက်နွ**

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ စင်ကြယ်ခြင်း - ၁

၂။ တရားသမားကြီး - ၇

၃။ ချစ်တာမဟုတ်ပါဘူး၊နှစ်တာပါ - ၁၃

၄။ စင်ကြယ်ခြင်းနှစ်မျိုးထဲက - ၂၈

၅။ စိတ်နဲ့မနောကံ - ၃၅

၆။ ငါနဲ့မဆိုင်ဘူး - ၄၆

၇။ ပုံရိပ်တွေကိုအစစ်ထင် - ၅၇

၈။ လောကသဘောနဲ့ပိုပြီးစွဲသင့်တာပေါ့ ၆၈

၉။ စိတ်မှာကိလေသာစင်ဘကယ်ဖို့ - ၇၄

၁၀။ ဝင်ရှုပ်လို့လဲမရပါဘူး - ၈၂

၁၁။ ပရမတ်တွေရဲ့သဘောဟာအတူတူပဲ ၉၄

၁၂။ စိတ်နဲ့မြင်နေတာ - ၉၉

၁၃။ ပညတ်ကိုထွင်းဖေါက်ပြီး
ပရမတ်ကိုရောက်တယ် - ၁၀၅

၁၄။ တရားပဲလို့သိအောင် - ၁၁၁

၁၅။ မောတယ်ငါနဲ့မဆိုင်တာ - ၁၁၆


www.burmeseclassic.com

www.burmeseclassic.com

**ဓမ္မဒူတ—အရှင်ဆေကိန္ဒ**
ကထိက
အဆောင်နာယက
(နိုင်ငံခြားသား)သံဃာတော်အဆောင်
အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်
ဓမ္မပါလကုန်းမြေ၊ ရန်ကုန်မြို့။
ဖုန်း—၇၀၁၇၇၇

**ဓမ္မဒူတ—မောင်စစ်ကိုင်း**
ဓမ္မဒူတ ဇေတဝန်တောရ
ဆေကိန္ဒာရာမကျောင်းတိုက်
အောက်ဝါးနက်ချောင်းကျေးရွာ
မှော်ဘီမြို့။

www.burmeseclassic.com

www.burmeseclassic.com



# ခင်ကြွယ်ခြင်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ**

သာသနာတော်နှစ် ၂၅၄၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခုနှစ်၊ ဥတုဂိမှန်၊ နွေဥတု နွေကာလ၊ ကဆုန်လပြည့်ကျော် (၅) ရက်၊ ၂၀၀၀ ပြည့်နှစ်၊ မေလ ၂၂ ရက်၊ တနင်္လာနေ့ နံနက်တွင် ရန်ကုန်တိုင်း၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်း၊ ဟောလီးဒေးစားသောက်ဆိုင် မိသားစု၏နေအိမ်၌သာသနာကိုကြည်ညို၊ သာသနာကို အားကိုး၊သာသနာကိုမှီခို၊ သာသနာနဲ့ပတ်သက်တဲ့အမှုကိစ္စတို့၌သာ မွေ့လျော်ပျော်၍ နေတတ်သော သာသနာ့ဒါယကာကြီး "ဦးသိန်းလှိုင်"၏ဘဝတစ်ပါးသို့ပြောင်းသွားကွယ်လွန်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလတစ်ပတ်ပြည့်တဲ့အချိန်အခါသမယ၌ ကျန်ရစ်သူများဖြစ်ကြတဲ့ သားသမီး၊ တူ တူမ၊မြေး မြစ်၊ညီအစ်ကိုမောင်နှမဆွေမျိုးသားခြင်းပရိသတ် အပေါင်းတို့ကစုပေါင်းပြီးပြုလုပ်ကြကုန်သောဒါန၊ သီလ၊သမထ၊ဝိပဿနာ၊ဝေယျာဝစ္စအစရှိကုန်သော ကုသိုလ်မျိုးစုံပြုလုပ်သောမေ့သဘင်ပွဲ၌ဟောကြား အပ်သောအရိယာ**"စင်ကြယ်ခြင်း"**တရားတော့ . .

● ● ●

ယနေ့ပြုလုပ်တဲ့ တရားပွဲနဲ့ပတ်သက်ပြီး ကျင်းပ ရခြင်းအကြောင်းရင်းကိုတော့ အားလုံးသိပြီးသားလို့ ထင်ပါတယ်။

သာသနာ့ဒါယကာကြီး "ဦးသိန်းလှိုင်"အား ရည်ရွယ်၊ ရည်စူးပြီး ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တို့အား မိမိတို့၏ အိမ်ဂေဟာသို့ ပင့်ဖိတ်ပြီး သရဏဂုံ သီလတွေ ခံယူဆောက်တည်ခြင်း၊ ဆွမ်းခဲဘွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ သင်္ကန်းပရိက္ခရာ အစရှိသော လှူဖွယ်ဝတ္ထုအစုအစုတို့ကိုလှူဒါန်းခြင်း၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့၌ အလိုရှိရာ သုံးဆောင်နိုင်ပါစေခြင်း အကျိုးငှာ ပင့်သံဃာ တစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးလျှင် တစ်သောင်းတန် နဝကမ္မလှူဒါန်းခြင်း၊ ဝေယျာဝစ္စတို့ ကိုလိုလေသေးမရှိအောင် ပြုလုပ်ဆောင်ရွက်ကြခြင်း၊ တရားနာကြားခြင်း အစရှိတဲ့ ကုသိုလ်တွေကို တရားပွဲအပြီးမှာ ရေစက်သွန်းချ အမျှပေးဝေကြမှာ ဖြစ်ပါတယ်။

ယနေ့ ဦးပဥ္စင်းတို့က ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့တဲ့ တရာတော်တွေ အထဲက "အရိယာ စင်ကြယ်ခြင်း" အကြောင်းကို ဟောပေးပါမယ်။

တရားတော်ကို မဟောသေးမီ၊မနာကြားကြသေးမီ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား"နမောတဿ" အစချီတဲ့ ဘုရားရှိခိုးနဲ့ ရှေးဦးစွာ ပြိုင်တူရှိခိုးပူဇော်ကြပါဦးစို့။

**"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"** (၃)ကြိမ်

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးပူဇော် ဦးချပြီးတော့မှ တရားတော်ကို ဟောကြ၊ နာကြပါစို့။

**ရူပေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ။**
**ရူပေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ အနက္ခာတံ မဟေသိနာ။**
**စိတ္တေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ။**
**စိတ္တေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ ဣတိဝုတ္တံ မဟေသိနာ။**

www.burmeseclassic.com

www.burmeseclassic.com



ဦးပဥ္စင်းတို့ ဖယနေ့ဟောမယ့် တရားတော်က နှစ်ခါဟော တရားတော်ပါ။

ပထမတစ်ခါ ဘယ်မှာဟောသလဲဆိုတော့ ဒါယကာကြီး ဦးသိန်းလှိုင် ဆေးရုံပေါ်မှာ ဆေးကုသနေတုန်း ဟောပေးခဲ့တာပါ။ မသေမီအနေနဲ့ နောက်ဆုံးအချိန် ဟောပေးခဲ့တဲ့ တရားလို့ဆိုရမှာပေါ့။

ဒီတရားကို နာကြားပြီးတော့ မကြာမတင် အချိန်ပိုင်းအတွင်းမှာပဲ ဒါယကာကြီးက ဆုံးပါးသွားတယ်။ ကြည်ကြည်လင်လင်၊ အေးအေးချမ်းချမ်း၊ သက်သောင့်သက်သာနဲ့ အတွေအဝေ၊ သတိရှိရှိနဲ့ ဆုံးပါးသွားခဲ့ပါတယ်။

ဒီလို သတိရှိရှိနဲ့ ဆုံးပါးသွားတော့ ညီအစ်ကိုမောင်နှမတွေကလည်း ဝမ်းသာကြလို့၊ သားသမီးတွေကလည်း ဖခင်ကြီးက အေးအေးချမ်းချမ်းနဲ့ ဘဝကူးကောင်းသွားတော့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြလို့ပေါ့လေ။

ဒါကြောင့်လည်း သမီးဖြစ်သူ ဒေါ်မိုးမိုးလှိုင်က ဒီတရားတော်ကို ပြန်ဟောပေးဖို့ လျှောက်ထားတောင်းပန်ပါတယ်။ ဦးပဥ္စင်းတို့ ကိုယ်တိုင်လည်း ဒီတရားတော်ကို ဟောရပြောရတာ နှစ်သက်မိတော့ ပြန်ပြီးဟောပေးလိုစိတ်လဲ ရှိနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဒါယကာကြီး ဦးသိန်းလှိုင်ကို ဆေးရုံပေါ်မှာ ဟောပေးခဲ့တုန်းကတော့ တိုတိုရှင်းရှင်း အကျဉ်းပေါ့။ ဒီမှာတော့ နည်းနည်းလောက် အကျယ်ချဲ့ပြီး ဟောပေးပါဦးမယ်။

• • •

**ရူပေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ။**

ရုပ်ညစ်နွမ်းတဲ့အတွက်ကြောင့် သတ္တဝါတွေ ညစ်နွမ်း ပင်ပန်းကြရလေကုန်၏။

**ရူပေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ အနက္ခာတံ မဟေသိနာ။**

ရုပ်စင်ကြယ်ရင် သတ္တဝါတွေလည်း စင်ကြယ်ကြလေကုန်၏။ ဤသို့အားဖြင့် အမြတ်တရားကို ရှာမှီးတော်မူသော မြတ်စွာဘုရားရှင်သည် ဟောတော်မမူ၊ မိန့်တော်မမူပါပေ။

ရုပ်စင်ကြယ်ရင်း၊ ကိုယ်ကောက်ကြီး သန့်ရှင်းစင်ကြယ်ရင် သတ္တဝါတွေ စင်ကြယ်သန့်ရှင်းကြတယ်လို့ ဘုရားမဟောပါဘူးတဲ့။

ဘုရားရှင် ပွင့်တော်မမူမီ ကာလက တစ်ချို့အယူအဆတွေ ရှိကြပါတယ်။ သတ္တဝါတွေ ညစ်နွမ်း၊ ပင်ပန်းကြတာဟာ ဒီရုပ်၊ ဒီကောင်ကြီး ညစ်နွမ်းလို့တဲ့။ တကယ်လို့သာ ဒီရုပ် ဒီကောင်ကြီး စင်ကြယ်ရင် သတ္တဝါတွေလည်း စင်ကြယ်ကြမှာပါပဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com



စင်ကြယ်မှုကို လိုလားတောင့်တကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဟိုလိုလုပ်ရင် စင်ကြယ်မယ်။ ဒီလိုလုပ်ရင် စင်ကြယ်မယ် ဆိုပြီးတော့ မိမိတို့အထင်၊ မိမိတို့အမြင်၊ မိမိတို့အတွေးနဲ့ စိတ်ကူးထဲ တည့်ရာ၊ တွေးကြ၊ ကြံကြ၊ ပြောကြ၊ ဆိုကြ၊ ပြုကြ၊ လုပ်ကြနဲ့ စင်ကြယ်အောင် လုပ်ကြည့်နေကြတာပေါ့။

ရုပ်စင်ကြယ်၊ ကိုယ်ကောင်ကြီးစင်ကြယ်ရင် သတ္တဝါတွေ စင်ကြယ်တယ်လို့ ပြောတတ်ကြတဲ့ အယူအဆဟာ မှန်တယ်လို့ ဘုရားရှင် အဟောမပြောပါဘူးတဲ့။

သတ္တဝါတို့က "အရိယ" ဖြစ်ချင်ကြတာကိုး။

အရိယာရဲ့အနက်အဓိပ္ပယ်တွေက အများကြီး ရှိပါတယ်။ ကိလေသာတွေမှ ဝေးကွာတယ်၊ ကိလေသာတွေကို သတ်တယ်၊ နိုင်တယ်၊ သတ်နေတယ်၊ နိုင်နေတယ်၊ ကုသိုလ်အလုပ်တွေမှ ရှေင်ကြဉ်တယ်၊ ဝေးတယ်၊ ကွာတယ်။

နောက် သတ္တဝါတွေရဲ့ စိတ်မှာ ကိလေသာတွေ ကင်းလို့ ကိလေသာတွေ စင်လို့၊ စင်ကြယ်တဲ့ သဘောကိုလည်း အရိယာလို့ ခေါ်ပါတယ်။

ဆေးရုံပေါ်မှာ ဒါယကာကြီး ဦးသိန်းလှိုင်ကို သေခါနီး ဟောပြောပေးခဲ့တဲ့ အရိယသဘောက စင်ကြယ်ခြင်းဆိုတဲ့ အဓိပ္ပာယ်နဲ့ ပြောခဲ့ ဟောခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ အရှင်ဘုရားက ဒါယကာကြီးကို သေခါနီးအချိန် ဟောပေးပြောပေးတယ်လို့ ဆိုတော့ ဘယ်လိုလုပ်ပြီး သိသလဲ၊ သိနိုင်သလဲလို့ မေးချင်းကြပါလိမ့်မယ်။

ဒီအကြောင်းကလေးကို နည်းနည်းပြောပြပါဦးမယ်။

ဒါယကာကြီး ဦးသိန်းလှိုင်က "တရားသမားကြီး" ပါ။ **"တရားသမားကြီး"** ဆိုတဲ့ဝေါဟာရက အဓိပ္ပာယ် နှစ်မျိုးထွက်ပါတယ်။ အိမ်ယာထူထောင် လူတို့ဘောင်မှာ နေပြီးတော့ ကိုယ့်တာဝန် ကိုယ်မကျေ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားနဲ့ ကာမဂုဏ် အာရုံတွေတော့ ခံစားပြီး လောကတာဝန် မကျေတဲ့သူတွေကို၊ နောက်ပြီးတော့လဲ ဒီလိုလူတွေက တရားလိုလို၊ စာလိုလို၊ ပေလိုလိုနဲ့ ယောင်တောင်ပေါင်တောင် နေတတ်ကြတာများတာကို။

အဲဒီလို လူတွေကို ဘေးပတ်ဝန်းကျင် ပရိတ်သတ်တွေက ကွယ်ရာမှာ ရွဲ့ပြီးပြောတတ်ကြတဲ့ နာမည်ပေးတတ်ကြတဲ့ ဝေါဟာရတစ်မျိုးပါ။ "တရားသမားကြီး" တဲ့။

နောက်တစ်မျိုးကတော့ အသက်အရွယ်အားဖြင့် သော်လည်းကောင်း၊ ကျန်းမာရေးအရသော်လည်း ကောင်း၊ သာသနာ့တာဝန်တွေကို မဆောင်ရွက်နိုင်လို့ ရှင်ရဟန်း မပြုနိုင်လို့၊ အိမ်ယာထူထောင် လူတို့ဘောင် မှာ နေနေရပေမယ့် ကာမဂုဏ်အာရုံတွေကို မမက်မော၊

www.burmeseclassic.com



မဖြစ်လို့သာ မှီဝဲနေရတဲ့သဘော၊ သုံးဆောင်နေရတဲ့ သဘောနဲ့စွဲလန်းမှုနည်းပါးအောင်နေနိုင်ကြပါတယ်။ နေတတ်ကြပါတယ်။

သာသနာသည်အားကိုးရာ၊ ဘုရား တရား သံဃာ သည်သာ အားကိုးရာ၊ သိပြီးသားတရားနဲ့ မွေ့လျော် ပျော်၊ ကျင့်ကြံကြိုးကုတ် အားထုတ်လို့ မသိသေးတဲ့ တရားတွေကိုရှာလို့ဖွေလို့သိအောင်ကြိုးစားလို့အဲ့ဒီလို ဒါနနဲ့ပျော်၊သီလနဲ့မွေ့လျော်၊သမထကို တန်ဖိုးထား၊ ဝိပဿနာကို မြတ်နိုး၊ ဘုရား တရား သံဃာတွေရဲ့ ဝေယျာဝစ္စကို မပြုဘဲ မနေနိုင်အောင် ဥဒ္ဒါ ပညာ အားကောင်းတဲ့ပုဂ္ဂိုလ်မျိုးကိုလည်း"တရားသမားကြီး" လို့ခေါ်ကြပါတယ်။

သူတော်ကောင်း ပညာရှိတွေကသာ ချီးမွမ်း ပြောဆိုခြင်းကိုခံရတဲ့ဝေါဟာရပါရှေ့တင်ရော၊နောက် ကွယ်တွေမှာပါ ကင်မွန်းတပ်ခံရတဲ့အမည်ပါ။

အခုဒါယကာကြီးဦးသိန်းလှိုင်ဟာ"တရားသမား ကြီး" ပါဆိုတာ ဒုတိယပုဂ္ဂိုလ်မျိုးပါ။ ပညာရှိ သူတော် ကောင်းတွေက ရှေ့တင်ရော၊ နောက်ကွယ်ရာမှာပါ ပေးထားတဲ့ အမည်နာမပါ။

နောက်ပြီးဒါယကာကြီးဦးသိန်းလှိုင်ရဲ့ဓိဆောင် ရွက်မှု တစ်ခုကို ပြောပါဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါယကာကြီးက သူတော်ချင်းချင်း သိတင်းလွှလွှ ဆိုသလိုပါပဲ။ သူတော်ကောင်းချင်း ပေါင်းဖော်ပြီး၊ တစ်လရဲ့ ကုန်ဆုံးရက် နောက်ဆုံးပတ် တနင်္ဂနွေနေ့မှာ ဆရာကြီး ဦးကျော်ထွဋ်တို့ကို ပုဂ္ဂိုလ်ကြီးတွေနဲ့မိမိရဲ့အိမ်မှာမဓမ္မသာကစ္ဆာတရားဆွေးနွေးပွဲတွေကို အမြဲကျင်းပခဲ့ပါတယ်။

တစ်လ ကြိုတင်ပြီး၊ ပညာရှိသူတော်ကောင်းတွေကိုကြိုပြီးပြောလိုက်ပါတယ်။လာမည့်လ တနင်္ဂနွေ အဆုံးပတ်မှာ၊ ဆိုပါစို့။"ဝေဒနာ"အကြောင်းဆွေးနွေးကြစို့။"အတ္တ အနတ္တ" အကြောင်း ဆွေးနွေးကြစို့ စသည်ဖြင့်ပေါ့လေ။ကြိုတင်ပြီးမှာကြားလိုက်လေ့ရှိပါတယ်။

ဒီလိုနဲ့ မဓမ္မသာကစ္ဆာတရားဆွေးနွေးပွဲဟာ လစဉ်လတိုင်း ကျင်းပခဲ့တာ ကြာလှပါပြီတဲ့။

အခုလိုပြောပေးတာဟာဆုံးပါးသွားသူကမိမိရဲ့ဒါယကာကြီးဖြစ်လို့အမွှမ်းတင်ပြီးပြောနေတာမဟုတ်ပါဘူး။ ဒီလိုအလုပ်မျိုးတွေကို ရန်ကုန်လိုနေရာမျိုးမှာ ပညာရှိသူတော်ကောင်းတွေကိုစုပေါင်းပြီးပြုလုပ်နေကြပါလားလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြစေဖို့၊နောက်ပြီး အတုယူပြီး ဆောင်ရွက်ကြဖို့၊ ဆောင်ရွက်တဲ့သူတွေ၊ အဖွဲ့တွေတိုးပွားလာရင် သာသနာအတွက် ဝမ်းမြောက်ဖွယ်တွေ ဖြစ်လို့ ဖြစ်စေလိုလို့ ပြောရတဲ့ သဘောပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



တရားသမားကြီး ဖြစ်တဲ့ ဒါယကာကြီးဟာ ကိုယ်တွင်း ရောဂါရှိနေခဲ့ပါတယ်။ ကုလည်းကုနေပါတယ်။ ရောဂါနဲ့လူ ဘယ်သူက သာနေသလဲဆိုတော့ ရောဂါက သာနေပါတယ်။

ဒါပေမယ့် ဒါယကာကြီးဟာ ကုသိုလ်အလုပ်တွေ၊ သာသနာနဲ့ ပတ်သက်တဲ့ တရားကိစ္စအလုပ်တွေကို လျှော့ပစ်တယ်၊ မရှိပါဘူး၊ တိုးပြီးတော့ကိုပဲဆောင်ရွက်ပါသေးတယ်။

ရန်ကုန်မြို့မှာ ဟောတဲ့ ဦးပဥ္စင်းရဲ့တရားပွဲတွေကို ဆိုရင် သူရဲ့ တပည့်လေးတွေ ကားမောင်းပို့ခိုင်းပြီး တရားကို နာဖြစ်အောင် နာလေ့ရှိပါတယ်။ ဒီတော့လည်း အသက်အရွယ်ကြီးတဲ့ ဖခင်၊ ရောဂါကြီးတဲ့ ဖခင်ကြီးတစ်ယောက် ဒီအရွယ်၊ ဒီအခြေအနေအထိ ရောက်နေတာတောင်တရားနဲ့မွေ့လျော်ပျော်နေတာ တွေ့တော့ သားသမီးတွေ၊ တူ တူမတွေကလည်း ဝမ်းသာကြတာပေါ့။

တစ်နေ့ စမ်းချောင်းထဲက ကံမြင့်ကျောင်း တရားပွဲကို နှစ်ညလုံးလုံး ဒါယကာကြီးက အိမ်ကကားနဲ့ ဦးပဥ္စင်းကို အကြိုအပို့ ယာဉ်အလှူ လှူပါတယ်။

အဲဒီတရားပွဲကအပြန်မှာသမီးဖြစ်သူက လျှောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းဘုန်းဘုရားအဖေကတော့မလွှဲမရှောင်သာ တစ်နေ့နေ့တော့ သူသွားရမယ့်လမ်းကို သွားမှာပါပဲ"

"အေး. . . ဟုတ်တာပေါ့"

"အဲဒီတော့ တပည့်တော်ဖြစ်ချင်တာလေးကို ကြိုပြီးဘုန်းဘုန်းဘုရားကိုလျှောက်ထားပါရစေဘုရား"

"အေး. . . လျှောက်ကြည့်ပေါ့"

"ဒီလိုပါဘုရား၊အဖေကလဲ ဒီလမ်းကို သွားတော့မှာသေချာနေပါပြီး၊အဲဒီတော့ အဖေ့ညီ၊ ဘဘဦးဝင်းထိန်ကလဲ အဖေ့အကြောင်းကို သိသင့်သလောက်သိထားပါတယ်။မငိုတတ်ပါဘူးဘုရား၊တပည့်တော်မကလဲ မငိုတတ်ပါဘူးပါရား၊ အဲဒီတော့ အဖေဆုံးပါးကာနီး အချိန်မှာ တပည့်တော်မရယ်၊ဘဘဦးဝင်းထိန်ရယ်၊ ဘုန်းဘုန်းရယ်ပဲ အနားမှာရှိစေချင်ပါတယ်၊ တစ်ခြားငိုတတ်၊ယိုတတ်တဲ့သူတွေကိုတော့အနားကိုပေး အကပ်မခံတော့ပါဘူးဘုရား"

"အေး. . . အဲဒါကောင်းတာပေါ့၊ ဒီလမ်းကလဲ မွေးဖွားလာတဲ့ လူတိုင်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီလိုပဲသွားရမှာပေါ့၊ အဲဒီလို သွားရတော့မယ့်အချိန်မှာနေတုန်းက ကောင်းကောင်းမွန်မွန်ကောင်းတဲ့စိတ်ကလေးနဲ့ နေတတ်ဖို့အရေးကြီးသလို သေကာနီးအချိန်မှာလဲ ကောင်းတဲ့စိတ်နဲ့ သေနိုင်ဖို့အရေးကြီးပါတယ်၊ ဦးပဥ္စင်းလဲ ဖြစ်အောင်နေပေးပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ။ ဦးပဥ္စင်းကတော့ အာမဘာန္တေ သဘော၊ နေဖြစ်အောင် နေပေးမယ်လို့ ဒကာကြီးရဲ့ သမီးကို ပြောလိုက်ပါတယ်။

ဗုဒ္ဓသာသနာမှာ ဘဝတစ်လျှောက်လုံး နေတတ် ထိုင်တတ်ဖို့အရေးကြီးသလို၊သေကာနီးအချိန်မှာလည်း သေတတ်ဖို့ အရေးကြီးပါတယ်။

ဘုရားရှင် ညွှန်ကြားတော်မူတဲ့ တရားအားထုတ် နည်းဆိုတာဟာ နေတဲ့အခိုက်မှာလည်း ကုသိုလ်စိတ်၊ စိတ်ကောင်း၊ သတိဉာဏ်ကောင်းနဲ့ နေတတ်အောင်၊ သေကာနီးအခိုက်မှာလည်း ကုသိုလ်စိတ်၊ စိတ်ကောင်း၊ သတိဉာဏ်ကောင်းနဲ့ သေတတ်ဖို့ ညွှန်တော်မူတဲ့နည်း ပါ။

စာထဲ ပေထဲမှာလည်း ရှိပါတယ်။ သေကာနီး အချိန်လို့ ဆိုရလောက်တဲ့အခါမှာ ကုသိုယ်စိတ်ဖြစ် အောင်၊ ကောင်းတဲ့ အာရုံနိမိတ်တွေကို ရယူနိုင်အောင် ဆောင်ရွက်ပေးကြလို့ ကောင်းသွားကြတဲ့ သူတွေ အများကြီးရှိပါတယ်။ တစ်ချို့ဆိုရင်လည်း နေစဉ်က ကုသိုလ်တွေနဲ့ မွေ့လျော်ပျော်နေပါလျက်နဲ့ သေကာနီး မသင့်မတင့် နှလုံးသွင်းမိလို့ မကောင်းတဲ့စိတ်ဖြစ်လို့ မကောင်းတဲ့ဘုံဘဝ ဘုံဌာနတွေကို ရောက်သွားကြ တာတွေကလည်း ဒုနဲ့ဒေးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့ နားမလည်ကြတဲ့ သားသမီးတွေ ဆွေမျိုးသားချင်းတွေဟာ သေကာနီးအချိန်လို့ ဆိုရလောက်အောင် အမောဖောက်နေတဲ့မိဘတွေကို အနားကပ်ပြီး "အမလေး. . . အဖေရဲ့၊အမေရဲ့"ဆိုပြီးငိုကြ၊အော်ကြ၊ဟစ်ကြပါတယ်။

မိဘတွေဟာ မရဏာသန္နသဇော စောကာနီးမှာ အဲဒီအသံကိုကြားပြီး သားစွဲ သမီးစွဲဆိုတဲ့ အစွဲတွေ၊သောကပရိဒေဝတွေကိုလေသာတွေဝင်လာပြီးတော့ဘဝ အဆုံးမှာ အသုံးမကျတဲ့ သားသမီး ဆွေမျိုးတွေကြောင့်ပဲ ပြိတ္တာဘဝကို ရောက်သွားကြရပါတယ်။

သေကာနီးအချိန်မှာ အဲဒီလို ပူသံ ဆူသံ ပူဆွေးဟန်တွေကို လုပ်ပြကြတာဟာ သေသူကို ချစ်တာမဟုတ်ပါဘူး။ နှစ်တာပါ။ သေအောင်သတ်တာပါ။

လူ့ဘဝကို သေအောင်သတ်လိုက်တာ။ လူဖြစ်ဖို့ကုသိုလ်တွေပြုခဲ့ဖူးတဲ့သူ၊လူဖြစ်ဖို့ကုသိုလ်တွေရှိတဲ့သူဖြစ်ပါစေ၊အဲဒီကုသိုလ်တွေကိုသောကပရိဒေဝတွေနဲ့ကိလေသာဖြစ်အောင်ဖုံးပစ်လိုက်ကြပါတယ်အပါယ်လေးဘုံရောက်အောင်၊ပြိတ္တာဖြစ်အောင်ဆွဲခေါ်လိုက်တယ်လို့ခေါ်ပါတယ်သေသူကိုချစ်တာမဟုတ်ပါဘူး။နှစ်တာပါ။

မိဘကို **ချစ်တာမဟုတ်ပါဘူး။ နှစ်တာပါ။**

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲ သေသူက သားသမီးဆိုရင်လည်း မိဘတွေက ချစ်တာမဟုတ်ပါဘူး။နှစ်တာပါ။

အခု၊ ဒါယကာကြီးရဲ့ သမီး ဒေါ်မို့မို့လှိုင်က သူ့အဖေ သေကာနီးအချိန်မှာ ဦးပဥ္စင်းကို အနားမှာ ရှိစေချင်တာဟာ ကောင်းတဲ့စိတ်၊ ကောင်းမြတ်တဲ့ အသိဉာဏ်ရှိတဲ့ သားသမီးဖြစ်လို့ပါပဲ။ သားကောင်း သမီးကောင်း တစ်ယောက်ပါပဲ။

ဘုရားသာသနာမှာ ဘုရားကိုတရားကိုကိုးကွယ် ရကျိုးနပ်တဲ့သူ၊ ဆရာကောင်း သမားကောင်း၊ သံဃာ တော်အရှင်မြတ်တွေကိုကိုးကွယ်တတ်သူ၊ကိုးကွယ်ကျိုး နပ်သူ ဖြစ်လို့ပါပဲ။ ဒါကြောင့်လည်း ဦးပဥ္စင်းက အာမဘဏ္ဍေ ပေးလိုက်တာပေါ့။ ရန်ကုန်မှာပဲ ရှိနေရင် ဘယ်မှာပဲ ရှိရှိ၊ ဘယ်အချိန်ပဲဖြစ်ဖြစ်၊ မရ ရအောင် ဖုန်းဆက်ပြီး ပင့်လို့ ပြောထားလိုက်ပါတယ်။

အဲဒီလိုနဲ့ပဲ ကံမြင့်တရားပွဲပြီးလို့ သိပ်မကြာပါဘူး၊ ဦးပဥ္စင်းကလည်း မန္တလေးတရားပွဲရှိလို့၊ ကျန်းမာရေး လည်း စမ်းသပ်ဖို့ မန္တလေးကိုသွားလိုက်ရပါတယ်။

မန္တလေးကပြန်လာတော့ဒါယကာကြီးဦးသိန်းလှိုင် ဆေးရုံတင်လိုက်ရပြီတဲ့။ညဉ့်မိုးချုပ်ကြီးဖြစ်နေပါတယ်။ အရေးတကြီးဆိုတာမျိုးလည်းသူတို့ကမပြောကြပါဘူး။

ဒါနဲ့ပဲ မနက်မိုးလင်းတာနဲ့ ဒါယကာကြီး တက် ရောက် ကုသတဲ့ ဆေးရုံကိုသံဃာတော်နှစ်ပါးနဲ့ပေါင်း သုံးပါးကြွသွားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုကို ရောက်သွားတော့ ဒါယကာကြီး မောနေလို့တဲ့၊ ဆရာဝန်တွေ ဆရာမတွေ အလုပ်တွေ များနေကြပါတယ်။ နှစ်လုံးစမ်းသပ်တဲ့ စက်တွေနဲ့စမ်းသပ်လို့၊ အောက်စီဂျင်ဘူး အသစ်တွေကိုလည်း လဲချိပ်လို့၊ ခဏတော့ စောင့်နေရသေးတယ်။

နောက် ဆရာဝန် ဆရာမတွေရဲ့ တာဝန်တွေ ကိစ္စတွေ ရှင်းသွားတော့မှ ဒါယကာကြီး ခုတင်နားကို ခုံရွှေ့ပေးခိုင်းပြီး သွားထိုင်လိုက်ပါတယ်။

ဦးပဉ္ဇင်းရောက်လာပြီဆိုတာနဲ့ ဒါယကာကြီးက မျက်လုံးကို ဖွင့်ကြည့်လိုက်တယ်။

မျက်လုံးက ကြည်နေပါတယ်။ သတိအားတွေ ကောင်းကောင်းရှိနေတဲ့ သဘောပါ။ ဒါပေမဲ့ ဒါယကာကြီးရဲ့ခန္ဓာကိုယ်ကန္ဓမ်းနေပါပြီ။မလန်းတော့ ပါဘူး။နောက်ပြီး အတွင်းကလီစာတွေမှာ အစာအိမ် မှာရောပေ့ါလေ အနာတွေ အများကြီးရှိနေတယ်ဆိုတာ သိရပါတယ်။ အဲ့ဒါတွေကို ထောက်ဆပြီးတော့လည်း ဒါယကာကြီးရဲ့ သေနိုင် မသေနိုင်ကို မှန်းဆသိနိုင် တာပါ။

ဒီလို သိလို့လဲ တရားကို ပြောပေးရတာပေ့ါ။

ဦးပဉ္ဇင်းက မေးလိုက်ပါတယ်။

“ဒါယကာကြီး၊တရားစကားပြောပေးရမလား”လို့ အဲ့ဒီတော့. . .။

www.burmeseclassic.com

www.burmeseclassic.com



"ပြောပေးပါဘုရား" တဲ့

အဲ့ဒီဦးပဥ္ဇင်းက . . .

"ဒါယကာကြီး၊ဦးပဥ္ဇင်းတစ်ပါးတည်း၊အေးအေးဆေးဆေး တရားစကား ပြောပေးပါ့မယ်၊ ဒါယကာကြီးကလဲ စွမ်းအားရှိသလောက် သတိဉာဏ်တွေကိုအသုံးချပြီးတရားနာကြားပါ၊ တရားအလုပ်ကိုကြိုး စားပါ" လို့ ပြောလိုက်ပါတယ်။

ဒါယကာကြီးနဲ့ တရားပြောစဥ်ကတော့ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ပါပဲ။ဒီမှာတော့တရားနာပရိသတ်တွေကို ထည့်ပြောသင့်တာတွေကိုပါ ထည့်ပြီးပြောသွား ဟောသွားပါမယ်။

ထည့်သွင်းပြီး ဟောတဲ့ တရားစကားတွေဟာ တရားနာ ပရိသတ်တွေအဖို့ သဒ္ဓါတရားတွေ တိုးဖို့၊ သတိသံဝေဂတွေ ဖြစ်စေဖို့၊ ဒါယကာကြီးကိုအတုယူအားကျစေဖို့ နောက်ပြီး ဝိပဿနာအလုပ်တွေကိုလည်းအားထုတ်တတ်စေဖို့ ပြောပေးဟောပေးသွားမှာပါ။

• • •

ဒါယကာကြီး၊ဦးပဥ္ဇင်းကိုလူတိုင်းလူတိုင်းလိုလိုက မေးတတ်ကြပါတယ်။ နောက်ပြီး တရားကို စကယ် ကြိုးကြိုးစားစားအားထုတ်နေကြသူတွေကလည်းပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



တလေးတစား မေးတတ်ကြပါတယ်။ နောက်ပြီး ကျန်းမာရေး မကောင်းတဲ့ အခုလိုဒါယကာကြီးတို့လို ခံစားနေကြရတဲ့အခါမှာလည်း အရေးတကြီး သိသင့်ပါတယ်။

ပြီးတော့ သီးပဋ္ဌင်းကိုယ်တိုင်ကလည်း ဒီတရားစကားကို အလွန်နှစ်သက်ပါတယ်။ အကြောင်းသင့်လို့ ဆုံတိုင်း ဆုံတိုင်းမှာလည်း ဟောပေး ပြောပေးလေ့ ရှိပါတယ်။

အဲဒါကတော့ "အရိယာ" ဆိုတဲ့တရားစကားပါပဲ။

"အရိယာ" ဆိုတာ လူအများ ဖြစ်ချင်နေကြတဲ့ တောင့်တနေကြတဲ့ အဖြစ်ပါ။ ပုဂ္ဂိုလ်မြတ်တွေ အဖြစ်နဲ့ ပြောရရင် ကိလေသာတွေကိုပတ်သက်ပြီးတဲ့ရဟန္တာ ပုဂ္ဂိုလ်မျိုး၊ကိလေသာတွေကိုပတ်သက်နေဆဲ၊ပတ်သက်နေတုန်း ထိုက်သင့်သလောက် ကုန်ခမ်းသွားအောင် ပြုပြီးသူတွေကိုလည်း အရိယာလို့ခေါ်ပါတယ်။ အနာဂါမ် ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ သောတပန်ပုဂ္ဂိုလ်တွေကို ပြောတာပါပဲ ။

အရိယာဆိုတဲ့ စကားရဲ့အနက်အဓိပ္ပာယ်တွေက အမျိုးမျိုး ရှိပေမယ့် ဓမ္မသဘော သက်သက်အနေနဲ့ ပြောရရင် " အရိယောနိရူပက္ကိလေသော"တဲ့အရိယာ ဆိုတာ ကိလေသာတွေကင်းနေတာ။ ကိလေသာ အပူ

www.burmeseclassic.com

www.burmeseclassic.com



အရှုပ်အနှောက်တွေ ကင်းပြီးစင်ကြယ်နေတဲ့ သဘောပါပဲ။

ဒါကြောင့် အခုလို ဒါယကာကြီးအနေနဲ့ ခုတင်ညောင်စောင်းအပေါ်မှာ သေရမည့်အချိန်ကို သတိဉာဏ်ရှိရှိနဲ့ စောင့်နေတဲ့အချိန်မှာ အရိယာနဲ့ပတ်သက်လို့ မြန်မာဝေါဟာရ ပြန်ပေးလို့တာကတော့ "စင်ကြယ်ခြင်း"ပါပဲ။

အရိယာဆိုတာ စင်ကြယ်ခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ဦးပဥ္စင်း စောစောကရွတ်ဆိုခဲ့တဲ့ပါဠိစကားကိုပြန်ပြီးရွတ်ဆိုပြပါမယ်။

ရူပေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာနဝါ။

ရူပေသုဒ္ဓေ ဝိသုဇ္ဈန္တိ၊ အနက္ခာတံ မဟေသိနာ၊

ရုပ် ညစ်နွမ်းတဲ့အတွက်ကြောင့် သတ္တဝါတွေ ညစ်နွမ်းကြရလေကုန်၏။

ဒီအဓိပ္ပါယ်လေးကို သေသေချာချာ နားလည်စေချင်ပါတယ်။

ဘုရားရှင်လက်ထက်တော်အခါကရော၊ဘုရားရှင်မပွင့်ပေါ်မီ အခါကရော၊အခုအခါမှာရောလို့ကို ပြောလိုက်ဦးမယ်။ အရင်ရော၊အခုရော၊နောင်ရောပေါ့လေ။ အယူအဆ အတွေးအခေါ် ရှိပါတယ်တဲ့။

ရုပ်ကိုကောင်ကြီး ညစ်နွမ်းတဲ့အတွက်ကြောင့် သတ္တဝါတွေ ညစ်နွမ်းကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကိုယ်တော်ကြီးသာ စင်ကြယ်မယ်ဆိုရင် သတ္တဝါတွေလည်း ချမ်းသာမယ်၊စင်ကြယ်မယ်ဆိုတဲ့အယူအဆ ရှိပါတယ်တဲ့။

ဟုတ်တယ်။အဲ့ဒီလို အယူအဆ အတွေးအခေါ် ဟာဟိုအရင် ဘုရားမပွင့်မီကတည်းက ရှိနေခဲ့ပါတယ်၊ ပွင့်တော်မူတဲ့အခါမှာရော၊ အခုရောပေါ့လေ။ဒီအယူအဆက ရှိနေတုန်းပါပဲ။

ရုပ်ညစ်နွမ်းလို့ သတ္တဝါတွေ ညစ်နွမ်းတယ်၊ ရုပ်စင်ကြယ်ရင် သတ္တဝါတွေ စင်ကြယ်တယ်ဆိုတဲ့ အယူဝါဒကို ဘုရားရှင် မဟောပါဘူးတဲ့။

အဲဒီလို အယူအဆဟာ မမှန်ပါဘူးလို့ပြောလိုတာပါပဲ။

ဟုတ်ပါတယ်။ တစ်ချို့က ခန္ဓာကိုယ်အကောင်လုံးကြီးနဲ့ပတ်သက်ပြီးဖြစ်တတ်တဲ့ပူမှုတွေကုန်အောင် အအေးခံပြီး ဖျောက်ကြလို့အပူစင်အောင်တဲ့အဲဒီလိုပဲ အအေးမှုတွေကို ကုန်ခမ်းအောင် အပူခံပြီး ဖျောက်ကြ၊ ပယ်ကြလို့ အအေးစင်အောင်တဲ့၊ဒါဟာရုပ်ခန္ဓာကိုယ်ကောင်ကြီးကိုသာ ဂရုစိုက်တဲ့သဘောပေါ့။

နောက်ပြီး ဒီရုပ်ကောင်ကြီးနဲ့စပ်ပြီး နာတာ မရှိအောင်၊ မနာတာပေါ်အောင်။ ကျင်တာမရှိအောင်၊ မကျင်တာပေါ်အောင်။ ပူတာ၊မာတာ၊တင်းတာတွေ မရှိအောင်၊ မဖြစ်အောင်၊မပေါ်အောင်၊အေးတာပျော့

www.burmeseclassic.com



တာ လျော့တာတွေ ဖြစ်လာအောင်၊ ရှိလာအောင်၊ ပေါ်လာအောင်ဆိုတာတွေကိုပဲကြိုးစားပြီးနေရမယ်ဆိုတဲ့ အယူအဆမျိုးတွေပါ။

အမှန်က ဒီကိုယ်ကောင်ကြီး၊ ဒီရုပ်ကြီး ရှိနေသရွေ့ ကာလပတ်လုံး နာတာလဲရှိမှာ၊ဖြစ်မှာပါပဲ။မနာတာလည်း ရှိမှာဖြစ်မှာပါပဲ။ ပူတာ အေးတာ မာတာ ပျော့တာ တင်းတာ လျော့တာဆိုတာတွေကတော့ ဒီကိုယ်ကောင်ကြီး ရှိနေသရွေ့ အကြောင်းဆုံတိုင်း အကျိုးတရားအနေနဲ့ ပေါ်လာကြတာပါပဲ။

နာတာကိုမနာအောင်၊ ပျောက်အောင်၊ ဒီနာတာကြီးကို ကျော်လွှားနိုင်အောင်၊ "ဒီနာတာကိုကုန်ခမ်းသွားအောင် အလုပ်တစ်ခုအနေလုပ်ပြီး ကျင့်ကြံအားထုပ်မှ တရား" ဆိုတဲ့ အယူအဆမျိုးတွေကို ပြောတာပါ။

ဒီရုပ်ကိုကြီး ကောင်းမှ၊ စင်ကြယ်မှ သတ္တဝါတွေကောင်းမယ်၊စင်ကြယ်မယ်ဆိုတဲ့ အယူအဆမျိုးတွေကို ဘုရားရှင်မဟောပါဘူးတဲ့။မှန်တယ်လို့မပြောပါဘူးတဲ့။ကြာကြာထိုင်နိုင်ရုံ၊ကြာကြာရပ်နိုင်ရုံ၊ကြာကြာလျှောင်းနိုင်ရုံ၊ ကြာကြာလမ်းလျှောက်နိုင်ရုံနဲ့ သတ္တဝါတွေရဲ့သန္တာန်မှာစင်ကြယ်ခြင်းဆိုတဲ့သဘော ပေါ်ပေါက်လာတာနဲ့ ဘာမျှမဆိုင်ဘူးဆိုတဲ့ သဘောပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် သတ္တဝါတွေရဲ့ သန္တာန်မှာ သတ္တဝါတွေ လိုလားတောင့်တတဲ့ စင်ကြယ်ခြင်းဆိုတာ သတ္တဝါတွေ ဖြစ်ချင် လိုချင် ရချင်တဲ့အဂိယာပုဂ္ဂိုလ်ရဲ့အဲဖြစ်ဆိုတာ ဘာနဲ့ဆိုင်သလဲလို့ မေးဖို့ကောင်းပါတယ်။ မေးလည်း မေးခဲ့ကြပါတယ်။

ဒ့ါကြောင့် . .

စိတ္တေန သံကိလိဿန်၊ သံကိလိသန္တိ မာဏဝါ။

စိတ္တေ သုဒ္ဓေ ဝိသုဇ္ဈန္တိ ၊ ဣတိဝုတ္တံ မဟေသိနာ။

"စိတ်ညစ်နွမ်းရင် သတ္တဝါတွေညစ်နွမ်းကြတယ်။ စိတ်စင်ကြယ်ရင် သတ္တဝါတွေစင်ကြယ်ကြတယ်"တဲ့။ အဲဒီလိုသာ ဘုရားရှင်က ဟောတော်မူပါတယ်။

စိတ်ပင်ပန်းရင်သတ္တဝါတွေပင်ပန်းကြတယ်၊စိတ် စင်ကြယ်ရင် သတ္တဝါတွေ စင်ကြယ်ကြတယ်။

"စိတ်ချမ်းသာရင် သတ္တဝါတွေ ချမ်းသာကြတယ်၊ စိတ်ညစ်နွမ်းရင် သတ္တဝါတွေညစ်နွမ်းကြရပါတယ်"တဲ့။

ဒီစကားရပ်က တကယ့်ကိုပဲ အရေးကြီးပါတယ်။

စင်ကြယ်မြင့်မြတ်တဲ့ နိဗ္ဗာန်ကို လိုလားတဲ့ ပုဂ္ဂိုလ် တွေစင်ကြယ်မြင့်မြတ်တဲ့ အရိယာဖြစ်လိုတဲ့ ပုဂ္ဂိုလ် တွေစင်ကြယ်တဲ့စိတ်ဖြစ်ဖို့အရေးကြီးပါတယ်။စင်ကြယ် တဲ့စိတ်ရှိသူဖြစ်ဖို့ အရေးကြီးပါတယ်။

ဒီစကားတော်ဟာအိန္ဒိယနိုင်ငံရဲ့ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာတွေအရ ပြောရရင် သူတို့ဓမ္မာက ဂင်္ဂါ

www.burmeseclassic.com



မြစ်ရေကိုဆင်းချိုး၊ဆောင်းတွင်းမှာအေးအေးချမ်းချမ်း ရေအေးအေးနဲ့ခန္ဓာကိုယ်ကိုစင်ကြယ်အောင်လုပ်ပေး ရင် ကိလေသာတွေစင်ကြယ်တယ်ဆိုတဲ့ အယူအဆ ဝါဒတစ်ခုကို မမှန်ကြောင်း ဖော်ပြတာပါပဲ။

မြစ်ရေချိုးလိုက်တာနဲ့အတူ ခန္ဓာကိုယ်က အညစ် အကြေးတွေကို လျှော်ဖွတ်ပြီး မျှောပစ်လိုက်နိုင်ရင် ကိလေသာတွေကို မျှောပစ်လိုက်နိုင်သူ ဖြဟ္မဏ၊ ဒါမှ မဟုတ် မီးအပူပြင်းပြင်းကို နေပူပြင်းပြင်းအချိန်မှာချွေး ဒီးဒီးကျအောင် အပင်အပန်းတွေခံပြီးတော့ လိုချင်မှု လောဘကိလေသာ၊ မကြိုက်တဲ့ ဒေါသကိလေသာ တွေကို ငြိမ်းအေးအောင်၊ ငြိမ်းသွားအောင်လုပ်နိုင်တဲ့ သမဏတွေ ဖြစ်လာနိုင်တယ်ဆိုတဲ့ အယူအဆတွေ ရှိနေကြတာကိုး။

ဒီမြန်မာနိုင်ငံက အဲဒီလို ဒီရုပ်ကောင်ကြီးကို အကြောင်းပြုပြီး အဲဒီလိုရေချိုးမှု၊ မီးလှုံမှု စင်ကြယ်ခြင်း ကိုရနိုင်တယ်ဆိုတဲ့အယူအဆမျိုးတွေကမရှိသလောက် ရှားပါတယ်။

ဒါပေမဲ့ “ ဒီရုပ်ကောင်ကြီးနဲ့ ပတ်သက်ပြီး အပင်ပန်းခံမှု စိတ်စင်ကြယ်မှု၊ ကိလေသာစင်ကြယ်မှု တွေဖြစ်မယ်၊နောက်ပြီးမကောင်းကံဒုစရိုက်စင်ကြယ်မှု တွေ ဖြစ်နိုင်တယ်” ဆိုတဲ့ အယူအဆတွေကတော့

www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြပါသေးတယ်။ ပြန်ပြီး အသက်သွင်းလာကြတာတွေကိုလည်း တွေ့နေရပါသေးတယ်။

ဦးပဉ္စင်းတို့မြန်မာနိုင်ငံမှာအဲဒီလို"စိတ်စင်ကြယ်ဖို့ ရုပ်ကောင်းအောင်နေရင်၊ ရုပ်ကို အပင်ပန်းခံရင် စိတ်စင်ကြယ်မယ်" ဆိုတဲ့အကျင့်တွေဟာ စင်ကြယ်ခြင်းလမ်းကြောင်းမှန် မဟုတ်မှန်း အခုတော့ သိသင့်သလောက် သိကုန်ကြပါပြီ။ ဒါပေမဲ့ ဒီလိုအကျင့်တွေကတော့စင်ကြယ်မှုလမ်းကြောင်းမှန်ဖြစ်လိပ့်မယ်ဆိုတဲ့ အထင်နဲ့ ကျင့်နေတာတွေကတော့ ရှိနေကြ၊ ပေါ်နေကြပါသေးတယ်။

ဒါတွေက ထားလိုက်ပါတော့၊ တကယ်အစစ် စင်ကြယ်ခြင်းဆိုတာ လူကောင်ကြီး စင်ကြယ်ရမှာလား၊ စိတ်စင်ကြယ်ရမှာလား ဆိုတာကို သဘောပေါက် နားလည်စေချင်လို့ ပြောတာပါပဲ။

ဒ့ါကြောင့် ဒါယကာကြီး ဦးသိန်းလှိုင်ကို ဆက်ပြီး ပြောပြလိုက်ပါတယ်။

"ဒါယကာကြီး၊ စင်ကြယ်ခြင်းဆိုတဲ့ အရိယာသဘောဟာလူကောင်ကြီးစင်ကြယ်တာမဟုတ်ဘူး။ စိတ်စင်ကြယ်တာ အဓိကပါ။ အခုဒါယကာကြီးဟာ လူရုပ်ကောင်ကြီးအနေနဲ့အနာရောဂါတွေရှိနေတယ်။ အများကြီးဖြစ်နေပါတယ်။ ဒါကိုရုပ်မစင်ကြယ်ဘူးလို့

www.burmeseclassic.com



ခေါ်နိုင်ပါတယ်။ ရုပ်ကောင်ကြီးနဲ့ ပတ်သက်လို့ မစင်ကြယ်တာပါ။

တကယ်တမ်းကတော့ နာတာ၊ပူတာ၊တင်းတာ ကိုက်တာ စတဲ့ လူတွေပြောတဲ့ ရုပ်ကောင်ကြီးရဲ့ မကောင်းတဲ့ သဘောတွေဟာ အခုလို ဆေးရုံကို ရောက်မှဖြစ်တာမဟုတ်ပါဘူး။အိမ်မှာနေလဲ ဖြစ်နေတာပါပဲ။

ဒီလို ဖြစ်နေလို့တော့ အရိယာ မဖြစ်နိုင်ဘူးလို့ မထင်လိုက်ပါနဲ့၊ စိတ်စင်ကြယ်ရင် အရိယာဖြစ်ပါတယ်။ အခုအချိန်မှာ စိတ်စင်ကြယ်အောင်နေနိုင်ဖို့ အရေးကြီးပါတယ်။ ဒါယကာကြီးလည်း သိတယ်မဟုတ်လား”

လို့ပြောတော့သူကခေါင်းငြိမ့်ပြပါတယ်မျက်လုံးတော့မဖွင့်ပြပါဘူး။

ဒီနေရာမှာ အရိယာပုဂ္ဂိုလ်လို့ခေါ်တဲ့ စင်ကြယ်သူတွေ ရှိသလို ကလျာဏပုထုဇဉ် ပညာရှိ သူတော်ကောင်းတွေဆိုတဲ့ စင်ကြယ်သူတွေဆိုတာကလည်း။ လောကမှာရှိပါသေးတယ်။

နားလည်အောင်ပြောရရင်စင်ကြယ်တယ်ဆိုတာ နှစ်မျိုးရှိပါတယ်။ ‘ကံ’စင်ကြယ်တာနဲ့‘စိတ်’ စင်ကြယ်တာပါ။

‘ကံ’ စင်ကြယ်တယ်ဆိုတာကို ပြောရရင်‘ကံ’ဆိုတာ အလုပ်ကိုခေါ်ပါတယ်။ ကာယကံ ကိုယ်နဲ့ပြုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်၊ ဝစီကံနှုတ်နဲ့ပြောတဲ့အလုပ်၊ မနောကံ စိတ်နဲ့ ကြံတဲ့အလုပ်လို့ သုံးမျိုးရှိပါတယ်။

'ကံ'စင်ကြယ်တယ်ဆိုတာ မကောင်းမှု ဒုစရိုက်တွေကို မလုပ်တော့တာ။မပြောတော့တာဆိုပါစို့ အမြင့်မြတ်ဆုံးအနေနဲ့ မကောင်းတဲ့အကြံအစည်တွေကို စိတ်ထဲမှာ အဖြစ်မခံတာ၊ စိတ်ကမကြံစည်တော့တာပါ၊ ပုထုဇဉ်သူတော်ကောင်းတွေဟာတကယ်လို့များမနောကံ ဒုစရိုက်တွေ ဖြစ်လာပြီဆိုရင် ချက်ချင်းဆိုသလိုပဲ ဖျောက်ဖျက်ပစ်နိုင်ကြပါတယ်၊

ဒုစရိုက်မနောကံတွေကိုဖျောက်ဖျက်ပစ်နိုင်တဲ့ သတိဉာဏ်တွေလည်း ရှိကြတယ် ဖျောက်ပစ် ပယ်ပစ်ရမယ်လက်မခံသင့်ဘူးဆိုတဲ့အသိတရားတွေကလည်း ရှိထားတော့မနောကံတွေကောင်းအောင်လည်းကြိုးစားနိုင်ကြတာပေါ့။

တစ်ချို့ပုထုဇဉ် သူတော်ကောင်းကြီးများ ဘယ်လောက်အထိ ကာယကံတွေ၊ ဝစီကံတွေ စင်ကြယ်တော်မူကြသလဲဆိုရင်"သြော်. . . အရိယာပုဂ္ဂိုလ်ကြီးတွေ ဆိုတာ ဒီလိုပုဂ္ဂိုလ်ကြီးတွေကို ပြောတာနဲ့ တူတယ်" လို့ မှတ်ယူ ကြည်ညိုနိုင်ကြတဲ့ ဆထိကိုပဲ ကံတွေစင်ကြယ်ကြပါတယ်။

ကံ စင်ကြယ်အောင်ကြိုးစားရတယ်ဆိုတာဒုစရိုက်ကံတွေ ကင်းအောင် ကြိုးစားရတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်ကံ ကင်းလိုရင် သုစရိုက်ကံကို များများလုပ်ပေါ့။ မြန်မြန်လုပ်ပေါ့။ အအားမနေဘဲ လုပ်ပေါ့လို့ပဲ ပြောရမှာ။ တိုက်တွန်းရမှာပဲ။

ဟုတ်တယ်လေ။ ပုထုဇဉ်ဆိုတာက ကုသိုလ်ကံ၊ အကုသိုလ်ကံတွေပဲ အဖြစ်များပါတယ်။ အန္ဓအကန်း ပုထုဇဉ်ဆိုရင် ဒုစရိုက်ကံတွေကများပါတယ်။ကလျာဏ ပုထုဇဉ်ဆိုရင် သုစရိုက်ကံတွေက များပါတယ်။

သူ့ အသက်သတ်တာ၊သူ့ဥစ္စာခိုးတာ၊သူ့အိမ်ရာ ကျူးလွန်တာ၊ မဟုတ်တန်းတရားတွေ ပြောတာ သေရည်သေရက် သောက်တာ ဆိုတာတွေဟာ မကောင်းတဲ့ အလုပ်တွေပါ။ ဒုစရိုက်ကံတွေလို့ခေါ်ပါတယ်။

ဒီဒုစရိုက်ကံတွေ ကင်းအောင်ဒီအတိုင်းထိုင်နေရုံနဲ့တော့ မပြီးပါဘူး။ သုစရိုက်၊ ကောင်းတဲ့ကုသိုလ်ကံ အလုပ်တွေကို များများ မြန်မြန် အအားမနေ အနားမနေ လုပ်ရမှာပါပဲ။

ဒုစရိုက်ကို ရှောင်ရင် သုစရိုက်ဖြစ်တာပါပဲလို့ ပြောကြပေမယ့် ဒါနကုသိုလ်ကံတွေပြုလို့၊ လှူလို့ သီလ ကုသိုလ်ကံတွေ ဆောက်တည်လို့၊ ဆောင်သင့်တာ ဆောင်လို့၊ ရှောင်သင့်တာတွေ ရှောင်လို့။ နေ့ရက် မနေရကံ ဒုစရိုက်တွေကင်းအောင်၊ မဖြစ်အောင် ဗုဒ္ဓါနုဿတိတို့၊ မေတ္တာဘာဝနာတို့ကို ပွားလို့၊ အား

www.burmeseclassic.com

www.burmeseclassic.com



ထုတ်လို့၊ ဒါတွေဟာ ကောင်တဲ့ကံ၊ကောင်းတဲ့အလုပ်တွေ၊ ဖြစ်လာစေတဲ့ အလုပ်တွေပဲ။ ကံစင်ကြယ်စေပါတယ်။

ပုထုဇဉ်ဆိုတဲ့သာမန်သူလိုကိုယ်လိုလူဆွေဟာခက်တော့လည်းခက်သားပါပဲ။များသောအားဖြင့်ကတော့ မကောင်းတာလုပ်မိ၊ မကောင်းတာပြောမိ၊ မကောင်းတာတွေကို ကြံစည်မိကြတာပါပဲ။

ဒါကြောင့် ခဏခဏ ပြောရတယ်။ **"လုပ်သင့်တာကို မလုပ်မိရင်၊မလုပ်သင့်တာတွေလုပ်မိနေတတ်တယ်"** ဆိုတဲ့ စကားပေါ့။

ဟုတ်တယ်လေ။လုပ်သင့်တာကကုသိုလ်အလုပ်၊သုစရိုက်ကံတွေ၊ မလုပ်သင့်တာက အကုသိုလ်ကံ၊ဒုစရိုက်အလုပ်တွေပေါ့။

ကုသိုလ်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင်အကုသိုလ်တွေဖြစ်နေတတ်တယ်။

သုစရိုက်ဖြစ်ရင်ဖြစ်၊မဖြစ်ရင်ဒုစရိုက်တွေဖြစ်နေတတ်တယ်။

ဒါကြောင့် လုပ်သင့်လုပ်ထိုက်တဲ့ကုသိုလ်ကံ၊သုစရိုက်အလုပ်တွေကို ကြိုးကြိုးစားစား လုပ်ကြဖို့တိုက်တွန်းပါတယ်။

အလှူပေးလို့ပဲဖြစ်ဖြစ်၊သီလစောင့်လို့ပဲဖြစ်ဖြစ်၊ဝေယျာဝစ္စကြောင့်၊မိဘဆရာတွေကိုရိုသေမှုကြောင့်၊

www.burmeseclassic.com

www.burmeseclassic.com



တရားနာလို့၊တရားဟောလို့၊အမျှဝေလို့၊သာဓုခေါ်လို့၊ ဘာဝနာအလုပ်တွေ အားထုတ်လို့၊ ဘာအကြောင်း ကြောင့်ပဲဖြစ်ဖြစ်၊ကုသိုလ်ဖြစ်ရမှာပါ။ သုစရိုက်ကံတွေက ဖြစ်ကို ဖြစ်ရမှာပါ။

ဒါက **စင်ကြယ်ခြင်း နှစ်မျိုးထဲက** ကံစင်ကြယ်ဖို့ ပြောတာပါ။ကံစင်ကြယ်ရင် အပါယ်လေးဘုံကို မရောက် နိုင်ပါဘူး။ သုဂတိဘုံတွေကို ရောက်စေနိုင်ပါပြီ။နိဗ္ဗာန် ရောက်ဖို့ အရိယာပုဂ္ဂိုလ်ဖြစ်ဖို့အတွက်လည်း အများကြီး အထောက်အကူ ပြုနေပါပြီ။

ဒါကြောင့် သေသေချာချာ အားပါးတရ ကံစင် ကြယ်အောင် ကြိုးစားကြစေချင်ပါတယ်။

"ဒါယကာကြီး၊ဒါယကာကြီးအနေနဲ့သာသနာကို မှီခို၊ ရတနာသုံးပါးကို ကြည်ညိုတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒုစရိုက်ကံတွေဟာ မရှိစလောက်ကိုပဲ နည်းပါးနေပါပြီ။ အရိယာပုဂ္ဂိုလ် အစစ်ကြီးတွေလို၊သောတာပန်အစစ်လို စိတ်ကမင်္ဂစိတ်ဖိုလ်စိတ်တွေမကျသေးပေမယ့်ဒုစရိုက် တွေတော့ အတော်ကိုကင်းနေပြီလို့ ဦးပဥ္စင်း ထင်ပါ တယ်"

ဒီလိုပြောလိုက်တော့ ဒါယာကကြီးက ခေါင်းလည်း ငြိမ့်ပါတယ်။ မျက်လုံးလည်း ဖွင့်ကြည့်ပါတယ်။

ဒါယကာကြီးရဲ့မျက်လုံးဟာကြည်လင်နေပါတယ်။ ခန္ဓာကိုယ်ကောင်ကြီးရဲ့ ရောဂါသည်းနေမှုနဲ့ထောက်

www.burmeseclassic.com

www.burmeseclassic.com



ဆရင် မျက်လုံးကြည်လင်နေတာဟာ ဆန့်ကျင်ဘက်လို ဖြစ်နေပါတယ်။

"ဒါယကာကြီးအတွက်ကံစင်ကြယ်မှုတွေကိုအမိက ထားပြီးပြောစရာမလိုတော့ဘူးထင်ပါတယ်။ဒါယကာ ကြီးက နေတတ် ထိုင်တတ်နေပါတယ်။ကံကောင်း အောင်၊ ကံစင်ကြယ်အောင် နေနိုင်တယ်လို့လည်း ဦးပဥ္စင်းက ယုံကြည်မိပါတယ်။ ဒါ့ကြောင့် စိတ်စင် ကြယ်တဲ့ အကြောင်းကိုပဲ ဆက်ပြီးပြောပြပေးပါမယ်။

ဒီနေရာမှာ ဒါယကာကြီးဦးသိန်းလှိုင်ကို မပြော ခဲ့ပေမဲ့ ဒီတရားနာ ပရိသတ်တွေကိုတော့ ပြောပြ ပေးရပါဦးမယ်။

ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီး သက်တော် ထင်ရှားရှိစဉ် လက်ထက်တော်အခါက သာသနာနဲ့ ပတ်သက်တဲ့ ဆရာဘက်က အရှင်သာရိပုတ္တမထေရ် မြတ်ကြီးတို့၊ ဒါယကာဘက်ကအနာထပိန်သူဌေးကြီး တို့ ဆိုတာတွေကို အားလုံးပဲသိကြမှာပါ။

အရှင်သာရိပုတ္တကို သာသနာနဲ့ ပတ်သက်ပြီး မသိသူ မရှိသလို အနာထပိန်သူဌေးကြီးကိုလည်း မသိသူမရှိကြပါဘူး။

တနေ့ပေါ့။ ဒါယကာကြီး ဦးသိန်းလှိုင်လိုပေါ့။ သူဌေးကြီးကျောင်းဒါယကာကြီး အနာထပိန်သူဌေး ကြီးလည်း မကျန်းမမာဖြစ်ပြီး အိပ်ယာခုတင်ပေါ်မှာ စောင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကို ရောက်နေပါပြီ။ ရောဂါလည်း သည်းထန်လွန်းနေပါတယ်။

ဒါယကာ ကြီးဦးသိန်းလှိုင်လိုပေ့ါ။ အနာထပိဏ်သူဌေးကြီးလိုပေ့ါ။ ဒီရုပ်ခန္ဓာကိုယ်ကောင်ကြီးဟာ ရုပ်အကြောင်း အထောက်အပံ့တွေ အားနည်းလို့ မမျှတလို့ ရောဂါတွေ သည်းထန်နေကြတာချင်းကတော့ အတူတူပါပဲ။

အနာထပိဏ်သူဌေးကြီးကတော့ သောတပန်အရိယာပုဂ္ဂိုလ်ကြီးဖြစ်လို့ အပါယ်ကို ရောက်စေမည့် ဒုစရိုက်ကံတွေ ဆိုတာ မလုပ်တော့ပါဘူးကံစင်ကြယ်နေတယ်။ ဒုစရိုက်ကံတွေ မရှိတော့ဘူး။

ဒါယကာကြီး ဦးသိန်းလှိုင်ကတော့ ရတနာသုံးပါး ကိုအားကိုး၊ မြတ်နိုးတဲ့ အဟုန်အစွမ်းနဲ့ ဒုစရိုက်ကံ တွေကိုစင်ကြယ်အောင် ကြိုးစားနေနေတဲ့သူပဲပေ့ါ။

ကဲ. . . ဆက်ပြီးပြောကြစို့

အနာထပိဏ်သူဌေးကြီးဟာ သူ့ရောဂါ သူ့အကြောင်းကို သူသိသင့်သလောက် သိပြီလည်းဆိုရော ခိုင်းစေခံ သူတပည့်ကလေးကို ခေါ်လိုက်ပါတယ်။

အနားကို သူ့တပည့်ကလေး ရောက်တယ်ဆိုရင်ပဲ

"အမောင် ကျောင်းတော်ကို သွားပါ။ ဇေတဝန်ကျောင်းကို သွားပါ"

www.burmeseclassic.com

www.burmeseclassic.com



အခုခေတ် စကားနဲ့ နားလည်အောင် ပြောကြပါစို့။ “အမောင်၊ ဇေတဝန်ကျောင်းတော်မှာ ဘုရားရှင် သီတင်းသုံးနေပါတယ်၊ ဘုရားရှင်ထံကိုသွားပြီး “အရှင် ဘုရားရဲ့ ကျောင်းဒါယကာကြီးကတော့ဖြင့် ကျန်းမာရေး မကောင်းပါ၊ ဟောသလို ဟောသလို ဖြစ်နေပါပြီ၊ ခုတင်ညောင်စောင်းမှာ လဲလျောင်းပြီသာ နေနေရပါပြီ၊ တော်တော့်ကို အခြေအနေ ဆိုးနေပါပြီ၊ အခု ဘုန်းတော်ကြီးဘုရားကို တပည့်တော်က တစ်ဆင့် စကားနဲ့ ရှိခိုးဦးချလိုက်ပါတယ်ဘုရား’ကို လျှောက်ထား ချေလို့ မှာပါတယ်။

နားလည်အောင်ပြောရင် ကျန်းမာရေး အခြေ အနေက လုံးဝမကောင်းတော့ဘူးဆိုတဲ့ အကြောင်း လျှောက်ထားရင်းနဲ့ ပူဇော်ဦးခိုက် လိုက်တာပါပဲ။

“ကျောင်းတိုက်ထဲမှာ အရှင်သာရိပုတ္တရာ မထေရ် မြတ်ကြီးဆိုတာ ရှိတယ်အရှင်မြတ်ကြီးအထံကို ဆက် ပြီးတော့ သွားပါ။ စောစောကပြောသလို စကားနဲ့ ရှိခိုး ဦးချပါ။ ကျန်းမာရေးမကောင်းကြောင်း လျှောက်ပြပေးပါ” လို့ မှာပါတယ် နောက်ပြီးတော့ . .

“အမောင်၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို လက်အုပ်ချီမိုး ရှိခိုးပြီးရိုရိုသေသေ ဟောဒီလို လျှောက်

www.burmeseclassic.com

www.burmeseclassic.com



တင်ပေးပါဦး၊ အရှင်မြတ်ကြီးဘုရား၊အရှင်ဘုရားတို့ရဲ့ ဒါယကာကြီးကအလွန်ပဲကျန်းမာရေးမကောင်းပါဘုရား၊ အရှင်မြတ်ဘုရား၊ကျောင်းဒါယကာကြီးကိုသနားစောင့် ရှောက် ချီးမြှောက်သောအားဖြင့်ဒါယကာကြီးအိမ်ကို ကြွတော်မူပါဦးဘုရား" လို့အဲဒီလို လျှောက်တင်ခိုင်း ပါတယ်။

ဒီနေရာမှာ ပြောစရာလေးတစ်ခု ရှိလာပြန်တယ်။ သာသနာမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ရှိနေတာပဲ။ ကျောင်းတိုက်အထဲမှာ ရှိနေတာပဲ။ အခု တရားနာချင်လို့၊ သေကာနီးမှာ တရားအသိတွေ တိုးချင်လို့ အရှင်သာရိပုတ္တ မထေရ်မြတ်ကြီးကို ပင့်တာတဲ့။

အမှန်က ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပင့်ဖို့ ကောင်းတာ၊ အနာထပိဏ်သူဌေးကြီးကိုယ်တိုင်က ဘုရား ရှင် ကိုယ်တော်မြတ်ကြီးကိုအကြောင်းပြုပြီး ပါပြီသောတာပန် ပုဂ္ဂိုလ်ဖြစ်ပြီးပြီ။ အရိယာစာရင်းဝင်သွားပြီးပါပြီ။

အခု သူဌေးကြီးက ဘာလို့ ဘုရားရှင်ကို မပင့်ခိုင်း တာလဲ။ ကြည်ညိုအားနည်းလို့လား မဟုတ်ပါဘူး။ တကယ်ကို ကြည်ညိုပါတယ်။ သူကြည်ညိုပုံကလည်း လွန်လွန်းအားကြီးပါတယ်။

လူအပြောနဲ့ နားလည်အောင်ပြောရရင် သူဌေးကြီး က ဘုရားရှင်ကို တအားချစ်တာတဲ့၊ တအားကြည်ညို

www.burmeseclassic.com

www.burmeseclassic.com



တာတဲ့၊ တကယ်လို့များ သူ့အတွက်နဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက တရားဟောပေးမယ်ဆိုရင် ပင်ပန်းတော်မူမှာ တအားစိုးရိမ်သတဲ့လေ။ လွန်ရော၊ အဲဒါကြောင့် ဘုရားရှင်ကို မပင့်တော့တာတဲ့။

ဘုရားရှင်ကို မပင့်ပေမယ့် သေကာနီးအချိန်မှာ တရားတော်ကို နားကြားချင်တဲ့စိတ်ကလည်း ဆန္ဒပြင်းပြနေပါတယ်။ ဒါကြောင့် ဘုရားရှင်မှလွဲလို့သူကြည်ညိုတဲ့ အရှင်သာရိပုတ္တ မထေရ်မြတ်ကြီးကို ပင့်လျှောက်ခိုင်းတာပါပဲ။

အနာထပိဏ်သူဌေးကြီးက လုလင်တပည့်ကလေးကို ခိုင်းလိုက်တယ်ဆိုရင်ပဲ လုလင်တပည့်ကလေးကလည်း ဖြစ်စေလိုတဲ့အတိုင်း၊ ခိုင်းတဲ့အတိုင်း၊ တစ်သွေမတိမ်း ဆောင်ရွက်ပေးပါသတဲ့။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကလည်း ဒီလိုအခြေအနေမှာ ပင့်တယ်ဆိုတော့ ကြွတော်မူပေးပါတယ်၊ အရှင်အာနန္ဒာမထေရ်ကို အကျိုးအကြောင်းပြောပြပြီး အရှင်မြတ်ကြီးနှစ်ပါး သင်္ကန်းစံပယ်တော်မူကြပြီး သူဌေးကြီးအိမ်ကို ကြွတော်မူခဲ့ကြပါတယ်တဲ့။

သူဌေးကြီးအိမ်ရောက်တော့ ခင်းထားတဲ့ နေရာထိုင်ခင်းတွေပေါ်မှာသီတင်းသုံးတော်မူကြပြီး "ဒါယကာကြီးကျမ်းမာရေးကောင်းရဲ့လား"စသည်ဖြင့်ပေါ့လေ။ လူနာမေး စကားတွေ မေးကြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သူဌေးကြီးကလည်း သူရဲ့ ကျန်းမာရေး အခြေအနေတွေကို လျှောက်ပြပါတယ်။ အခုခေတ်လို နားလည်အောင် ပြေရင်ရင်“တပည့်တော်ဒီတောင်လို မကျော်နိုင်တော့ပါဘုရား” လို့ လျှောက်ပြတယ်။ တရားလည်း နာချင်တယ်ပေါ့။

တရားနာချင်တယ်ဆိုတာ တကယ်အရေးကြီးတဲ့ အခုလို အချိန်မှာသင့်တော်တဲ့ တရားတော်ကို နာကြားပြီးတော့ ကိလေသာတွေ စင်ကြယ်သည်ထက် စင်ကြယ်ဖို့ အရေးကြီးနေတာကိုး၊ ရတနာသုံးပါးကို ကြည်ညိုလွန်းတဲ့ သောတာပန် ဒါယကာကြီး တရားတော်ကို နာကြားချင်တာ မဆန်းပါဘူး။ တရားနဲ့ မွေ့လျော်၊ တရားနဲ့ပျော်၊ တရားတော်ကို ချစ်ခင်၊ တရားတော်ကို နှစ်သက်၊ တရားကိုသာစိတ်ဝင်စားတဲ့ အရိယာပုဂ္ဂိုလ်ကြီးကိုး။

ဒီနေရာမှာတချို့ကပြောကြလိမ့်မယ်။ အနာထပိဏ် သူဌေးကြီးဟာ သောတာပန်ကြီးပဲ။ အရိယဖြစ်နေပြီပဲ။ ဝိပဿနာတရားအလုပ်တွေကို အားထုတ်တတ်နေပြီပဲ။ ဘာလို့များ ထပ်ပြီး တရားဟောပေးစရာ လိုသေးလို့လဲ။ တရားနာစရာများ လိုသေးသလားလို့ ပြေတတ်ကြပါတယ်။

နားလည်စေချင်ပါတယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသော်မှ တရားတော်မြတ်ကိုမြတ်နိုးလို့ ဂရုဂါရဝ

www.burmeseclassic.com

www.burmeseclassic.com



လေးစားတော်မူလွန်းလို့ တပည့် သာဝကတွေ ဟော တော်မူတဲ့ တရားကို နာကြားတော်မူပါသေးတယ်။ ဘုရားရှင်မှာ ကိလေသာအားလုံးကို ဝါသနာနဲ့တကွ ပယ်ထားပြီး ဖြစ်တာတောင် တရားနာကြားပါသေး တယ်။

အခု အနာထပိဏ်သူဌေးကြီးမှာ ကိလေသာတွေ ကိန်းနေပါသေးတယ်။ တကယ်တမ်း လုံးဝဥဿုံဆိုသလို စိတ်မစင်ကြယ်သေးပါဘူး၊ တရားနာဦးမှာပေါ့။ ဒါ့ကြောင့် တရားနာချင်နေပါသေးတယ်။ တရားတော်ကိုလည်း မြတ်နိုးစိတ်၊ လေးစားစိတ်နဲ့ နာကြားပါသေးတယ်။

ဒီနေရာမှာ စိတ်စင်ကြယ်တာနဲ့ ကံစင်ကြယ်တာကို ထပ်ပြီး နားလည်အောင် ပြောပြပါဦးမယ်။

စိတ်နဲ့ ကာယကံနဲ့ မတူပါဘူး။

စိတ်နဲ့ ဝစီကံနဲ့ မတူပါဘူး။

ကံဆိုတာ စေတနာပြဌာန်းပါတယ်၊ စိတ်ဟာ စိတ် ပါပဲ။

စိတ်နဲ့ မနောကံနဲ့ မတူပါဘူး။

တချို့က စိတ်နဲ့ မနောကံနဲ့ကို အတူတူပဲလို့ ထင်ကြပါတယ်။

စိတ်နဲ့ မနောနဲ့သာ တူပါတယ်၊ မနောကံနဲ့ မတူ ပါဘူး။ စိတ်နဲ့ မနောကံ တူတယ်လို့ယူဆရင်၊ထင်နေရင် စေတနာကံနဲ့ စိတ်ကို ခွဲခြားပြီး သိသင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှ မသိသေးဘူးဆိုရင် ကာယကံဆိုတာ ကိုယ်လက်လှုပ်ရှားမှု၊ ဝစီကံဆိုတာ နှုတ်ထွက်အသံထွက် ပြောဆိုမှုလောက်ပဲဆိုတဲ့ အသိပဲရှိနေကြလို့သာပါ။

ဘုရားဟော ပါဠိတော်ရှိပါတယ်။

**စိတ္တေ ဗျာပန္နေ ကာယကမ္မမ္ပိ ဗျာပန္နံ ဟောတိ။**

စိတ်ဖောက်ပြန်ရင် ကာယကံလည်း ဖောက်ပြန်တယ်တဲ့။

**စိတ္တေ ဗျာပန္နေ ဝစီကမ္မမ္ပိ ဗျာပန္နံ ဟောတိ။**

စိတ်ဖောက်ပြန်ရင် ဝစီကံလည်း ဖောက်ပြန်တတ်တဲ့။

**စိတ္တေ ဗျာပန္နေ မနောကမ္မမ္ပိ ဗျာပန္နံ ဟောတိ။**

စိတ်ဖောက်ပြန်ရင် မနောကံလည်း ဖောက်ပြန်တတ်တဲ့။

ဒါက ပါဠိတော်စကားပါ။ ဘုရင်းရှင်ရဲ့ စကားတော်ပါ။

ဟုတ်ပါတယ်။ စိတ်ဖောက်ပြန်ရင် ကာယကံလည်း ဖောက်ပြန်၊ ဝစီကံလည်း ဖောက်ပြန်၊ မနောကံလည်း ဖောက်ပြန်တာပါပဲ။

ဒီနေရာမှာ စိတ်ဖောက်ပြန်တယ်ဆိုတာ လောက အပြောနဲ့ စိတ်ဖောက်ပြန်ပြီး ရူးသွားကြတာမျိုးကို ပြော တာမဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖောက်ပြန်တယ်ဆိုတာ နဂိုစိတ်ကလေးမျိုး မရှိတော့ဘဲ စိတ်တစ်မျိုး ဖြစ်သွားတာပါပဲ။ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့ အတိအလင်း ထင်ထင်ရှားရှား ရှိနေတုန်းမှာ လူလာဖြစ်နေသူတွေရဲ့ နဂိုစိတ်ဆိုတာ ဘယ်လိုစိတ်လဲ၊ ဒါလေးလောက်တော့ သိသင့်ပါတယ်။

လူဖြစ်လာရတာဟာ ကုသိုလ်ရှိမှကုသိုလ်အကျိုး ပေးမှသာ လူဖြစ်နိုင်ပါတယ်။ လူ့ဘဝကို ရစေနိုင်ပါ တယ်။

အကုသိုလ်တွေကတော့ ရှိခဲ့တူးတာပေါ့။ ဒါပေမယ့် ဒီဘဝရောက် လူဖြစ်အောင် အကျိုးပေးနိုင်တဲ့ အရင် ဘဝနဲ့ နိဂုံးအဆုံးသတ် စုတိစိတ်ကျချိန်အခါမှာ သေကာ နီးစိတ်ဟာ ကုသိုလ်စိတ်ဖြစ်ခဲ့လို့သာ၊ ကုသိုလ်ဇောတွေ စောခဲ့လို့သာ မရဏာသန္နဇောဟာ လူဖြစ်စေနိုင်တဲ့ ကုသိုလ်စိတ် ဖြစ်လို့သာ လူလာပြီး ဖြစ်ရတာပါ။

အရင်ဘဝရဲ့နိဂုံးအဆုံးသတ်ချိန် သေကာနီးမှာ လူဖြစ်စေနိုင်တဲ့ ကုသိုလ်စိတ်၊ ကုသိုလ်ဇောကြောင့် ဒီဘဝမှာ ပဋိသန္ဓေနေတဲ့အခါ လူဖြစ်လာတာပါ။ လူဖြစ် လာစေတဲ့ ကုသိုလ်အကျိုးပေး မဟာဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေလာခဲ့ရတာပါ။ ဒါကြောင့်လည်းလူပဋိသန္ဓေ စိတ် ဖြစ်ဖို့၊ လူဖြစ်မည့် ကုသိုလ်စိတ်က အကျိုးပေး တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် လူစိတ်ဆိုတာ ကုသိုလ်စိတ်၊ ကုသိုလ်နဲ့ စပ်တဲ့စိတ်လို့ ပြောနိုင်ပါတယ်။

ဒီကုသိုလ်စိတ် ပျောက်သွားရင်၊ ကုသိုလ်စိတ်တွေ ထပ်မဖြစ်ရင်၊ အကုသိုလ်စိတ်တွေ ဖြစ်နေရင် ဒါကို စိတ်ဖောက်ပြန်တယ်လို့ ခေါ်တာပါ။

ကုသိုလ်စိတ်ဆိုတာ သဒ္ဒါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာစတဲ့ ကောင်းတဲ့စိတ်တွေ၊ ကောင်းတဲ့စေတသိက်တွေ၊ ပေါင်းဆုံစုစည်းပြီးဖြစ်တဲ့ စိတ်ပါ။ ဒါကို လူစိတ် လူရဲ့ပင်ကိုစိတ်လို့ ခေါ်လို့ရပါတယ်။

တကယ်လို့များ အဲဒီ သူတော်ကောင်းဓာတ်တွေ၊ ကောင်းတဲ့ စေတသိက်တွေ ပျောက်ဆုံးပြီး၊ မကောင်းတဲ့ ဓာတွေ၊ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာဓာတ်တွေ၊ မကောင်းတဲ့ စေတသိက်တွေ ဝင်လာပြီဆိုရင် ဒီစိတ်ဟာ လူစိတ်၊ လူ့ပင်ကိုစိတ်ရင်း မဟုတ်တော့ပါဘူး။ ဒါမျိုးဖြစ်တာကို စိတ်ဖောက်ပြန် တယ်လို့ ခေါ်ပါတယ်။

စိတ်ဖောက်ပြန်ရင် ကာယကံ လုပ်သမျှတွေလည်း အလွဲချည်းပဲ ဖြစ်ကုန်ပါတယ်။

စိတ်ဖောက်ပြန်ရင် ဝစီကံ ပြောသမျှတွေလည်း အမှားချည်းပဲ ဖြစ်ကုန်ပါတယ်။

စိတ်ဖောက်ပြန်ရင် မနောကံ ကြံစည်သမျှတွေ လည်း မကောင်းတာတွေချည်း ဖြစ်ကုန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် စိတ်မဖောက်ပြန်အောင်၊ ကိလေသာ မဝင်အောင်၊ လူစိတ်မပျောက်အောင်၊ ကုသိုလ်စိတ်ဖြစ်အောင် နေကြရမှာပါ။

ကိလေသာဝင်လို့ စိတ်ဖောက်ပြန်ရင် ကိုယ်ကောင်ကြီး ငြိမ်နေနေ၊ လှုပ်နေနေ ကာယကံ မကောင်းပါဘူး။ ကိလေသာတွေ ဝင်နေလို့ စိတ်ဖောက်ပြန်ရင် နှုတ်ပါးစပ်က ဖွင့်နေနေ၊ ပိတ်နေနေ၊ ဝစီကံ မကောင်းပါဘူး။

စိတ်ကလေးဟာ မစဉ်းစား၊ မကြံစည်၊ မသိဘူး ဆိုတဲ့အချိန် မရှိပါဘူး။ ကိလေသာဝင်လို့ စိတ်ဖောက်ပြန်ရင် စဉ်းစာ ကြံစည် သိနေသမျှ စိတ်တွေလည်း မကောင်း၊ မနောကံတွေကလည်း မကောင်းတော့ပါဘူး။

ဒါကြောင့်လည်း ဘုရားရှင် ကိုတော်မြတ်ကြီးက-

**စိတ္တေ အဗျာပန္နေ ကာယကမ္မမ္ပိ အဗျာပန္နံ့ဟောတိ၊**

**စိတ္တေ အဗျာပန္နေ ဝစီကမ္မမ္ပိ အဗျာပန္နံ့ဟောတိ၊**

**စိတ္တေ အဗျာပန္နေ မနောကမ္မမ္ပိ အဗျာပန္နံ့ဟောတိ၊**

လို့ မိန့်တော်မူပါတယ်။

ကိလေသာမဝင်၊ စိတ်စင်ကြယ်လို့ စိတ်မဖောက်ပြန်ရင် ကာယာကံ ဝစီကံ မနောကံတွေလည်း မဖောက်ပြန်ပါဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် စိတ်စင်ကြယ်ရင် သီလကံတွေလည်း စင်ကြယ်ပါတယ်။ စိတ်ကောင်းရင် သီလကံတွေလည်း ကောင်းပါတယ်။

အရိယာပုဂ္ဂိုလ် အစစ်ကြီးတွေကတော့ သီလကံ ကောင်းကြပါပြီ။ ကိလေသာ ကျန်နေသေးတဲ့ အရိယာ တွေသာ စိတ်စင်ကြယ်ဖို့ရာ ကျန်နေတာပါ။ ရဟန္တာ အရိယာဆိုင်တော့ စိတ်လည်း စင်ကြယ်၊ ကံလည်း စင်ကြယ်နေကြပါပြီ။

သူတော်ကောင်း ပုထုဇဉ်တွေကတော့ကိလေသာ တွေ ရှိနေသေးလို့ စိတ်မစင်ကြယ်ပေမယ့် သီလကံ တွေ စင်ကြယ်အောင်တော့ ဒုစရိုက်တွေကိုရှောင်၊ သုစရိုက်တွေကို ဆောင်ရွက်နေကြပါတယ်။ ကြိုးကြိုး စားစားကိုပဲ ဆောင်ရွက်နေကြပါတယ်။

အခု အနာထပိဏ်သူဌေးကြီးဟာ စိတ်စင်ကြယ်မှု မပြည့်စုံသေးပေမယ့်သီလကံတွေကတော့စင်ကြယ်နေ ပြီလို့ ပြောရပါမယ်။ အပါယ်ကိုရောက်စေနိုင်တဲ့ ဒုစရိုက် ကံတွေ မရှိတော့ပါဘူး။

ဒီနေရာမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်က အနာထပိဏ်သူဌေးကြီးကို ဟောတဲ့တရား ဆက်ပြီး ဟောပြပါဦးမယ်။ဒီတရားကိုပဲဒါယကာကြီးဦးသိန်းလှိုင် ကို ဟောပြခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



အရှင်သာရိပုတ္တရာနဲ့ အရှင်အာနန္ဒာကို နှစ်ပါးဟာ ဒါယကာကြီး အနာထပိဏ်သူဌေးကြီးရဲ့ အိမ်ကို ရောက်တော့ ခင်းကျင်းထားတဲ့နေရာမှာ သီတင်းသုံးပြီး မေးတော်မူကြပါတယ်။

"ဒါယကာကြီး ဘယ်လိုလဲ၊ ကျန်းမာရဲ့လား၊ နေရထိုင်ရတာ အဆင်ပြေရဲ့လား၊ ရောဂါဝေဒနာတွေ လျော့သွားပြီး မတက်ဘဲရှိရဲ့လား" လို့ မေးတော်မူကြပါတယ်။

အဲဒီတော့ သူဌေးကြီးက-

"အရှင်ဘုရား၊ အရှင်မြတ်သာရိပုတ္တာ၊ တပည့်တော်ရဲ့ ရောဂါဟာ မလျော့ဘဲ တိုးချည်းသာနေပါတယ်။ ရောဂါ မသက်သာပါဘုရား၊ ဦးခေါင်းခဲတဲ့၊ ကိုက်တဲ့ ရောဂါကလည်း တစ်နေ့တခြား ပိုပြီးဆိုးလာပါတယ် ဘုရား. . . စသည်ဖြင့်ပေါ့လေ။ အမျိုးမျိုး ဥပမာတွေနဲ့ ခံစားနေရတာတွေကို ပြန်လျှောက်ပြပါတယ်။

အဲဒီတော့ အရှင်သာရိပုတ္တရာက အခုလို ဟောပေးတော် မူပါတယ်။

**"တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ၊ န စက္ခုံ ဥပါဒိယိဿာမိ၊ န စ မေ စက္ခုနိဿိတံ ဝိညာဏံ ဘဝိဿတီ တိ။ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ"** တဲ့။ ဒါယကာကြီး ဒီလိုဖြစ်နေရင် သင်ဟာ ဟောဒီလို ကျင့်သင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ မျက်စိကို မစွဲလန်းတော့ဘူး။ ငါ့ရဲ့ မျက်စိကို မှီပြီးတော့ ငါမြင်ရတဲ့စိတ်ဟာ ဖြစ်တယ်ဆိုတာမျိုးလည်း မဖြစ်တော့ဘူး" လို့ အဲဒီလို အသိရှိအောင် ကျင့်ရမယ် အဲဒီလို ဟောတော်မူပါတယ်။

နောက်တော့ နားကို၊ နားနဲ့ ပတ်သက်တာကို မစွဲလမ်းတော့ဘူး။ အဲဒီလိုကျင့်ရမယ် စသည်ဖြင့်ပေါ့လေ ဆက်ကာဆက်က ဟောပါတယ်။ နောက်. . .

**န ရူပံ ဥပါဒိယိဿာမိ၊ န စ မေ ရူနိဿိတံ ဝိညာဏံ ဘဝိဿတိ. . .** တဲ့။

"ငါဟာ မြင်ရတဲ့ အဆင်းရုပ်ကို မစွဲလန်းတော့ဘူး။ ငါ့ရဲ့ မြင်ရတဲ့ အဆင်းကိုမှီးပြီးတော့ မြင်ရတဲ့ စိတ်ဟာ ဖြစ်တယ် ဆိုတာမျိုးလည်း မဖြစ်တောဘူး" လို့ အဲဒီလို အသိရှိအောင် ကျင့်ရမယ်တဲ့။

နောက်တော့ ဆက်ကာ ဆက်ကာ ကြားရတဲ့ အသံ၊ အသံနဲ့ ပတ်သက်တာတွေကို ဟောတော်မူပါတယ်။ နောက်. . .

**န စက္ခု ဝိညာဏံ ဥပါဒိယိဿာမိ၊ န စ မေ စက္ခုဝိညာဏ နိဿိတံ ဝိညာဏံ ဘဝိဿတိ** တဲ့။

"ငါဟာ မြင်သိစိတ်ကို မစွဲလန်းတော့ဘူး။ ငါ့ရဲ့ မြင်သိစိတ်ကို မှီးပြီးတော့ မြင်ရတဲ့ စိတ်ဟာ ဖြစ်တယ် ဆိုတာမျိုး မဖြစ်တော့ဘူးလို့ အဲဒီလို သိရှိအောင် ကျင့်ရမယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ကျင့်နည်းကို ပြောပြရုံလောက်နဲ့တော့ တရား နာတဲ့ သူတွေ ချက်ချင်း သဘောပေါက် နားလည်း ချင်မှ နားလည်းပါလိမ့်မယ်။ ဒါကိုဘဲ သေသေချာချာ မြန်မာစကားပြေနဲ့ ပြောပြီးတော့ ထပ်ရှင်းပြပါမယ်။

"ငါဟာ မျက်စိကိုလည်း မစွဲလန်းတော့ဘူး၊ မြင်ရတဲ့ အဆင်းကိုလည်းဘဲ မစွဲလန်းပါဘူး၊ မြင်သိစိတ်ကိုလည်း မစွဲလန်းတော့ဘူး၊ အဲဒီသုံးမျိုးကို အမှီသဟဲပြုပြီးတော့ ဖြစ်ပေါ်လာတတ်တဲ့ စိတ်ကိုလည်း ငါ့ကိုစွဲပြီးတော့ ဖြစ်ရတာပါလားလို့ စွဲတာမျိုးလည်း မဖြစ်ရတော့ဘူး"လို့ ဆိုလိုတဲ့သဘောပါ။

အဲဒီပြောရုံနဲ့လည်း မရှင်းနိုင်သေးပါဘူး။

ဒီတော့ ဒါယကာကြီး ဦးသိန်းလှိုင်ကို ဦးပဥ္စင်း ဟောပေးခဲ့တဲ့အတိုင်း ပြန်ပြောပေး၊ ဟောပေးပါဦးမယ်။

ဒါယကာကြီးက ဆေးရုံပေါ်က ခုတင်မှာ၊ ခုတင်ပေါ်မှာ ပက်လက်ကလေးပေါ့။ အောက်ဆီဂျင်ပိုက်ကလည်း နှာခေါင်းမှာတပ်ထားတယ်။ အသက်ကတော့ ရှူနေပါတယ်၊ သတိလည်းရှိနေပါတယ်။

လူ့ဘဝလို့ခေါ်တဲ့ ဘဝတစ်ခုရဲ့ နိဂုံးအဆုံးသတ်ကာနီးအချိန်ကို ရောက်လုနေပါပြီ။ ခန္ဓာကိုယ်ကြောင်ကြီးက လျှော့တိလျှော့ရဲနဲ့ အသာကလေးပစ်ချထားလို့သာ တင်နေတဲ့ ပုံစံမျိုးလေးပဲ ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်အနေနဲ့ မှန်းကြည့်ရရင် သိတတ်တဲ့ အချိန်က စပြီး သီလတွေကို စင်ကြယ်အောင် စောင့်စည်းခဲ့၊ ထိန်းသိမ်းခဲ့လို့ သီလကံတွေ စင်ကြယ်သင့်သလောက် စင်ကြယ်နေပြီလို့ မှန်းဆပြော ပြောနိုင်ပါတယ်။

သီလကံတွင် စင်ကြယ်သင့်သလောက် စင်ကြယ်တော့ သူ့ရဲ့စိတ်ဓာတ်ဟာလည်း ကြည်လင်းနိုင်သလောက် ကြည်လင်နေပါလိမ့်မယ်။

မှန်းခြေနဲ့ပြောရရင် ကိုယ်တော်ကြီးကသာ ငှက်ပျောတုံး၊ လက်ပံတုံးလို ရှိနေပေမယ့် စိတ်ကတော့ ကြည်ကြည်လင်လင်နဲ့ တရားကို နာလိုတဲ့ဆန္ဒ ပြင်းပြနေပါလိမ့်မယ်။

မျက်နှာက ကြည်နေတာကိုး၊ ဟော-မျက်စိကလေး နှစ်ဖက် ပိတ်ထားရာက ပွင့်လာပြီး အားယူပြီး ဖွင့်ရတဲ့ပုံမျိုး ရှိနေပေမယ့် မျက်လုံး နှစ်လုံးစလုံးက ကြည်နေပါတယ်။ သတိကောင်းဆဲလို့ သိနိုင်တာပေါ့။

"အရှင် ဘုရား တရားဆက်ပြီး ဟောပေးပါဘုရား"လို့ ပြောဆိုတောင်းပန်လိုတဲ့ အရိပ်အယောင်တွေကိုလည်း တွေ့ရတာပေါ့။

"ဒါယကာကြီး၊ အခုလို အချိန်မှာ ဟောဒီလို ကျင့်လိုက်ပါ။ ဟောဒီလို ကျင့်စမ်းပါ"

"မျက်စိကို မစွဲလန်းတော့ဘူး။ အဆင်းကိုလည်း မစွဲလန်းတော့ဘူး၊ ငါမြင်တယ်ဆိုတဲ့ မြင်စိတ်ဖြစ်တဲ့ အခါ မြင်စိတ်ကိုလည်း မစွဲလန်းတော့ဘူး"။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို "ငါမစွဲလန်းတော့ဘူး"ဆိုတာကို ကျင့်ရမယ်လို့ တိုက်တွန်းပါတယ်။

"ကျင့်ရမယ်"ဆိုတဲ့စကားရဲ့ အဓိပ္ပါယ်က အဲဒီလို အသိမျိုး ရှိကိုရှိရမယ်။ အဲဒီလို သိနိုင်တဲ့ ပညာဉာဏ်မျိုး အဲဒီလို ပညာဉာဏ်တွေ ပေါ်လာစေတဲ့သတိ,ဝီရိယမျိုး ရှိအောင် ကျင့်ရမယ်လို့ ဆိုလိုပါတယ်။

"ဒါယကာကြီး သေသေချာချာကလေး နားထောင်စေချင်ပါတယ်"။

မြင်တဲ့အခိုက်မှာ မျက်စိကိုလည်း မစွဲလန်းနဲ့၊ မစွဲလန်းနဲ့ဆိုတာ ငါ့ဉစ္စာ၊ ငါ့ဟာ၊ ငါနဲ့ဆိုင်တယ်ဆိုတဲ့ အထင်မျိုး အသိမှားမျိုးကို လက်မခံနဲ့လို ပြောတာပါ။

နောက်ပြီး မြင်တဲ့အခိုက်မှာ "မြင်နေရတဲ့အဆင်းဘာတွေပဲဖြစ်ဖြစ်၊ မြင်နေရသမျှတွေကို မစွဲလန်းနဲ့"၊ မစွဲလန်းနဲ့ဆိုတာ "ငါ့ဉစ္စာ၊ ငါ့ဟာ၊ ငါ၊ ငါနဲ့ဆိုင်တယ်ဆိုတဲ့ အမှတ်မှား၊ အထင်မှား၊ အသိမှားမျိုးကို လက်မခံနဲ့" လို့ ပြောတာပါ။ အဲဒီလို အထင်မျိုးတွေ ပေါ်လာရင် မှားနေပြီ။ အသိတွေမှား၊ အထင်တွေမှား၊ အမြင်တွေမှားနေပါပေါ့လေးဆိုတဲ့အသိဉာဏဝင်ရပေါ်ရမယ်၊ သတိရှိပေးရပါမယ်။ ဝီရိယ ရှိပေးရပါမယ်။

မြင်တဲ့အခိုက်မှာ မျက်စိကို "ငါနဲ့ဆိုင်တယ်"လို့ထင်တတ်ကြသလို မြင်ရတာတွေကိုလည်း ငါနဲ့ဆိုင်တယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ထင်တတ်ကြပါတယ်။ နောက်ပြီး မြင်သိစိတ်ကိုလည်း ငါနဲ့ဆိုင်တယ်လို့" ထင်တတ်ကြပါတယ်။

"ငါမြင်တယ်၊ ငါတွေ့တယ်၊ ငါမြင်လို့ သိတယ်" ဆိုတဲ့ "ဆိုင်တယ်၊ ဆိုင်တယ်"ဆိုတဲ့ အစွဲတွေ အထင်တွေ ဝင်လာတတ်ကြပါတယ်။ အဲဒီလိုတွေလည်း အဝင်မခံ၊ အဖြစ်မခံဖို့ ပြောပေးတဲ့သဘောပါ။

"ငါနဲ့မဆိုင်ဘူး"ဆိုတဲ့ အသိအမှန်ဝင်လာရင် စွဲလန်းမှုဆိုတာ မရှိတော့ပါဘူး၊ မစွဲလန်းတော့ပါဘူး။

ငါနဲ့မဆိုင် ငါမစွဲလန်းတော့ စွဲလန်းမှု ဥပါဒါန်တွေ ပျောက်ကင်းနိုင်ပါတယ်။ လိုချင်မှုတွေ နည်းပါးလာ၊ အထင်လွဲမှုတွေ ကင်းပျောက်လာပါတယ်။

အရှင်သာရိပုတ္တာ မထေရ်မြတ်ကြီးကလည်း အရှင်အာနန္ဒာနဲ့အတူ သင့်တင့်လျောက်ပတ် မြင့်မြတ်တဲ့နေရာမှာ သီတင်းသုံးနေပါတယ်။ သီတင်းသုံးနေရင်း တရားတော်ကို ဟောနေပါတယ်။

အနာထပိဏ် သူဌေးကြီးကလည်း ကုတင်ညောင်စောင်းပေါ်မှာပဲလဲလျောင်းပြီးရိုရိုသေသေနေသာသလို နေပြီး တရားတော်ကို နာကြားနေပါတယ်။

"ဒါယကာကြီး ဒီလိုကျင့်ရမယ်၊ အမှန်တရားကို ဒီလို သိထားရမယ်၊ အဆင်းနဲ့ မျက်စိဆုံမိလို့ မြင်တယ်ဆိုတဲ့ အခိုက်မှာ "ငါမြင်တယ်၊ ငါမျက်စိပါနဲ့ဆိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ဆိုင်တဲ့ အဆင်းအားရုံ"ဆိုပြီးတော့ မစွဲလန်းပါနဲ့" ဒီလိုဟောပေးပါတယ်။

အမှန်တကယ်ကတော့လည်း စွဲလန်းချင်လို့သာ စွဲလန်းနေကြတာပါ။ ငါနဲ့ဆိုင်တယ်လို့ ထင်ချင်လို့သာ ထင်နေကြတာပါ။ တကယ်တန်းက ဘာမျှမဆိုင်ပါဘူး။

ဟုတ်တယ်လေ၊ အဆင်းဆိုတဲ့ အာရုံရယ်၊ မျက်စိဆိုတဲ့ မှီရာရယ် မြင်သိစိတ်ရာယ သုံးမျိုးဆုံတဲ့အခိုက်မှာ မြင်ပါတယ်။ အဲဒီမြင်တဲ့ သဘောတွေအထဲမှာ မြင်ရတဲ့ အဆင်းကို ရှေးဦးစွာ ပြောကြည့်ရအောင်။ ဆိုင်မဆိုင်၊ ဗဟုသုတ အသိနဲ့ ချင့်ချိန်ကြည့်ကြရအောင်ပါ။

BURMESE CLASSIC ဆိုကြပါစို့၊ ရုပ်ရှင်တို့၊ ဇာတ်ပွဲတို့၊ ဗီဒီယိုတို့ကြည့်ဖူးကြတဲ့သူတွေဆိုရင် ပိုပြီးတော့ သိသာနိုင်ပါတယ်။

ကိုယ်ကြည့်နေတဲ့ရုပ်ရှင်၊ ဒီရုပ်ရှင်ဇာတ်လမ်း၊ ဇာတ်လမ်းထဲက မင်းသား မင်းသမီး၊ မင်းသားမင်းသမီးတွေရဲ့ သရုပ်ဆောင် အမူအရာတွေ၊ နောက် အမည်နာမ၊ နေရပ်၊ ဆွေမျိုးတော်စပ်ပုံတွေကို ဆင်ခြင်ကြည့်လိုက်စမ်းပါ။

ဒီရုပ်ရှင် ဓိဇာတ်လမ်း၊ ဒီမြင်တဲ့ အခိုက်မှာ တွေ့နေရတဲ့၊ သိနေရတဲ့ ဇာတ်လမ်း၊ ဇာတ်ကွက် အမည်နာမတွေကို မဟုတ်ဘူးလို့ ငြင်းလို့မရပါဘူး။

ဟုတ်ပါတယ်၊ ဒီဇာတ်လမ်းထဲမှာတော့ ဒီတိုင်းပဲ ခေါ်ကြ ပြောကြ မှတ်သားထားကြရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အခုစဉ်းစာကြည့်မှာနော် ၊ ဒီရုပ်ရှင်ဟာ ပြတုန်းရှိတာပါ။ မပြရင် မရှိတော့ပါဘူး။ မြင်တုန်းရှိတာပါ။ မမြင်ရင် မရှိတော့ပါဘူး။

ရုပ်ရှင်မှ မရှိတော့ဘူးဆိုရင် ဒီအထဲက အမူအရာတွေ အမည်နာမတွေ ဆိုတာလည်း မရှိကြတော့ပါဘူး။

အဲဒါတွေကိုက ခဏမျှဖြစ်တဲ့ သဘောကို အကြာကြီးလို့ ထင်တာ၊ သရုပ်ဟန်ဆောင်ပြတဲ့ သဘောကို တကယ်အစစ်ထင်နေတာလို့ သဘောပေါက်လိုက်ပါ။

လောကအပြော၊ မြင်တာမှန်တယ်လို့ ဆိုရပေမယ့် စိတ်အထင်က မှားနေတာပါ။

စိတ်အထင်ကသာ ကြာရှည်စွဲပြီး စိတ်ထဲမှာ အထင်တစ်လုံးနဲ့ ကျန်ခဲ့ပေမယ့် တကယ်မြင်စရာ အဆင်းအာရုံတွေကတော့ ချက်ချင်းဆိုသလိုပဲ ပျောက်ကွယ်နေကြတာဟာ အမှန်တရားတွေပါပဲ။

ဒါပေမယ့် ကိုယ့်မှာရှိနေတဲ့ စွဲလန်းချင်တဲ့ ဓာတ်နဲ့ "ငါနဲ့ဆိုင်တယ်"ဆိုတဲ့ အသိမှားကြောင့်သာ ကိုယ်ကြာကြာ တည်နေစေချင်သလောက် တည်နေတဲ့ သဘောပါ။ ဒါကလည်း အစစ်အမှန် မဟုတ်ပါဘူး။

အို-ရန်ကုန် ပြေလိုက်မယ်၊ ဒီမြင်နေရတဲ့ ရုပ်ရှင်ဇာတ်လမ်း ဇာတ်ကွက် အမူအရာတွေဟာ မျက်စိဖွင့်ပြီးကြည့်နေလို့သာပါ။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိ မှိတ်လိုက်စမ်းပါ။ ဘာဆို ဘာမျှ မမြင် တော့ပါဘူး။ မင်းသား၊ မင်းသမီး၊ တိုက်တာ အဆောက် အဦ၊ ရွှေ၊ ငွေ၊ ပစ္စည်း ဘာတွေဆို ဘာတွေကိုမျှ မမြင်ရတော့ပါဘူး၊ မျက်စိမှိတ်လိုက်တာကိုး။

"ငါနဲ့ဆိုင်တယ်၊ ငါတွေ့နေရတဲ့ဟာတွေ" ဆိုတာ ဟာ ဘယ်ပျောက်လို့ ပျောက်ကုန်မှန်း မသိတော့ပါဘူး၊ မမြင်ရတော့ပါဘူး။

မြင်စရာ အဆင်းတွေက မရှိတော့တာ မဟုတ် ပါဘူး။ မျက်စိမှိတ်လိုက်လို့ မမြင်တာပါ။

မြင်ရင် ငါနဲ့ဆိုင်တဲ့ဟာတွေ၊ မမြင်ရင် ငါနဲ့ ဆိုင်တဲ့ ဟာတွေ မဟုတ်ဘူးလို့ ဒီလိုမျိုး လူပြိန်းတွေးနဲ့ ပြောလို့ တော့ မဖြစ်နိုင်ပြန်ပါဘူး။

တစ်ချို့က "ငါနဲ့မဆိုင်ဆိုတဲ့စိတ်မျိုးမွေးဖို့ဆိုရင် မကြည့်ဘူးပေါ့။ မကြည့်တော့ မမြင်၊ မမြင်တော့ မဆိုင် တော့ဘူးပေါ့" လို့ ဖြတ်လမ်းလိုက်ပြီး ပယ်တတ်ကြ ပါတယ်။

"မမြင်တော့ မပြေရဘူး၊ အပြောရ သက်သာ တယ်၊ မဆိုင်ဘူးဆိုတော့ အနေသာကြီးပါ" လို့ ပြော တတ်ကြပါတယ်။

အဲဒီလို လူပြိန်းတွေး တွေးပြီး၊ လူပြိန်းတွေ မွေးတဲ့ စိတ်မျိုးနဲ့ ငါနဲ့ မဆိုင်ဘူးဆိုတာတွေကတော့ မကောင်း ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အနာထပိဏ်သူဌေးကြီးကို ကျင့်ခိုင်းတဲ့ အကျင့်ဟာ အဲဒီလို "မမြင်ရင် မဆိုင်တော့ဘူးကွ" ဆိုတဲ့ အသိမှားမျိုးဖြစ်အောင် ပေါ့ပေး၊ ပြောပေးနေတာ အဟုတ်ပါဘူး။

မြင်နေတုန်းမှာလည်း အဆင်းဆိုတဲ့ မြင်စရာ ရုပ်အာရုံတွေဟာ ရှိနေ ဖြစ်နေ တတ်ကြပါတယ်။ မမြင်ရတဲ့ အချိန်မှာလည်း အဆင်းရုပ် ရှိနေဖြစ်နေကြတာပါပဲ။

မြင်တယ်ဆိုတာ အဆင်းနဲ့ မျက်စိနဲ့ဆုံ၊ အလင်းရောင်ကလည်းရှိ၊ အဲဒီတော့ မြင်သိစိတ်ဆိုတာက တစ်ပြိုင်တည်းလိုဖြစ်၊ အဲဒီလို ဖြစ်တာကို မြင်တယ်ခေါ်ပါတယ်။

ဒီလောက်တော့ သဘောပေါက်ထားရပါမယ်ဒီလို ဗဟုသုတ အသိကလေးတော့ ရှိထား၊ သဘောပေါက်ထားရပါမယ်။

ဗဟုသုတ အသိရှိအောင် ကြိုးစားတာကို ကျင့်တယ်လို့ ခေါ်ပါတယ်။ စဉ်းစာချင့်ချိန်ပြီး မှန် မမှန် ဟုတ် မဟုတ်သိအောင်၊ စဉ်းစားသိ အသိရှိအောင် ကြိုးစာတာကိုလည်း ကျင့်တယ်ကို ခေါ်ပါတယ်။

ဗဟုသုတ အသိမှန်အောင်၊ စဉ်းစာသိ မှန်အောင် ထိုးထွင်းသိ မှန်အောင် ကျင့်ပါလို့ တိုက်တွန်းနေတာပါ။

www.burmeseclassic.com

www.burmeseclassic.com



အနာထပိဏ်သူဌေးကြီးကို သုံးမျိုးစလုံးသိအောင် ကျင့်ခိုင်းတာပါ။ သိစေလိုတာပါ။

ကဲ-အခုပြောခဲ့သလိုပဲပေါ့ မျက်စိမှိတ် ထားလိုက်တဲ့အခါမှာ အမြင်ခံစရာ အဆင်းတွေကလည်း သူ့အလိုလို ဖြစ်နေ၊ ရှိနေကြတာပါပဲ။ သူ့အလိုလိုဆိုတာ စကားအဖြစ်ပြောတာပါ။ တကယ်တန်းကျတော့ သူ့အကြောင်းနဲ့သူ၊သူ့အကြောင်းကြောင့်၊အကြောင်းတွေဆုံလို့ အကျိုးဆက် အဆင်းရုပ်တွေ ဖြစ်လာ၊အကြောင်းတွေကုန်ရင် အကျိုးဆက် အဆင်းရုပ်တွေ ပျက်သွားနေကြတာပါ။

သူ့အကြောင်းနဲ့သူ ဖြစ်နေကြတာကို နားလည်လွယ်အောင် သူ့အလိုလို ဖြစ်တာလို့ သုံးနှုန်းလိုက်တာပါ။ လောက ဝေါဟာရပေါ့။

ဟုတ်တယ်လေ၊ တစ်ချို့က ငါမျက်စိဖွင့် ငါ ကြည့်မှမြင်တယ်၊ ငါကြည့်မှ ဒီအဆင်းတွေကရှိတာ၊ဖြစ်တာလို့ ထင်တတ်ကြတာကိုး။

အဲဒီ အဆင်းတွေဟာ "ငါကြည့်မှသာ ရှိတာပါ" ဆိုတဲ့ အသိဟာ မှားတဲ့အကြောင်း၊ အဟုတ်မမှန်၊ အထင်တွေသာ ဖြစ်တဲ့အကြောင်း၊ သိအောင်လို့ လွယ်လွယ်ကူကူ သူ့အလိုလို ဖြစ်တာပါလို့ပြောလိုက်တာပါ။

မြင်တဲ့အခိုက် မြင်တာနဲ့ ပတ်သက်ပြီး မြင်စရာ အဆင်းတွေကို မစွဲလန်းဖို့၊ နောက်တစ်မျိုးသဘော ပေါက်အောင် ပြောပြပါဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါယကာကြီး လူတိုင်း လူတိုင်းမှာ ကိုယ်ပိုင်တယ်၊ ကိုယ်ဆိုင်တယ်လို့ သတ်မှတ်ထားတဲ့ ပစ္စည်းတွေဆိုတာ ရှိကြကာတယ်။ လောက သဘောနဲ့ ပြောရရင် ဒါယကာကြီးရဲ့ စားသောက်ဆိုင်ကို ဒါယကာကြီး ပိုင်တယ်၊ ဒါယကာကြီးရဲ့ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေကို ဒါယကာကြီးက ပိုင်တယ်"

"နောက်ပြီး ဒီသားတွေ၊ သမီးတွေကို လွှဲထားပြီး ဖြစ်တဲ့ လုပ်ငန်းကိုင်ငန်းတွေ၊ အမွေခွဲပေးပြီး ဖြစ်တဲ့ ရွှေငွေ ပစ္စည်းတွေ လက်ဝတ်လက်စားတွေ အသုံးအဆောင်တွေ ဒါတွေကိုလည်း ဒါယကာကြီး ပိုင်ခဲ့တာပါပဲ။"

"ဟော-ကြည့်လေ၊ ပိုင်ခဲ့တာပါပဲ ဆိုတော့ အရင်ကပိုင်ခဲ့တာပေါ့၊ အခုတော့ မပိုင်တော့ဘူး ဆိုသလိုဖြစ်နေတယ်။ အခုတောင် မပိုင်ရင် နောင်တစ်ချိန် ပြန်ပိုင်ချင်သေးသလား၊ ပြန်ယူ၊ ပြန်တောင်းပြီး သားသမီးတွေဆီက ပြန်ရမှာ ပိုင်မှာလား"

"ဒါယကာကြီး သေသေချာချာ စဉ်းစားပါ။ ဒါယကာကြီးက မပိုင်တော့ဘူး၊ ငါနဲ့ မဆိုင်တော့ဘူး ဆိုတာမျိုး ဖြစ်အောင် စာချုပ်စာတန်းနဲ့ အမွေတွေခွဲပေးလိုက်မှ မပိုင်တော့တာလား။

ဒါမှမဟုတ် စာချုပ်မပါဘဲ အမွေတွေ ပေးလိုက်ရင်ရော ပိုင်ပါဦးမလား၊ ငါ့မပိုင်၊ ငါ့မဆိုင် ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာဟာ စာချုပ်ပါတာ၊ မပါတာနဲ့ဆိုင်တာလား၊ ဘာနဲ့ ဆိုင်တာလဲ၊ သေသေချာချာ နားလည်းစေချင်ပါတာ။

ကဲ-အဲဒီ အမွေခွဲ ပေးလိုက်တာတွေကို ဘယ်အချိန်မှာ ဘယ်လိုလုပ်လိုက်လို့ မပိုင်တော့၊ မဆိုင်တော့တာလဲ ဆိုတာ အဖြေသိပြီးပြီ ဆိုရင် နောက်ထပ်ပြောပြပါဦးမယ်။

အမွေမပေးရာသေးတဲ့ ပစ္စည်းတွေ၊ ဒါမှမဟုတ် ဒါယကာကြီးဒ အမြတ်တနိုးနဲ့ သိမ်းထားတဲ့ ပစ္စည်းတွေဆိုတာ ရှိနေပါသေးတယ်။ အဲဒါတွေကိုတော့ ဒါယကာကြီးက "ငါပိုင်တယ်၊ ငါဆိုင်တယ် ထင်နေဦးမှာပါပဲ"။

ကဲ-ဒါယကာကြီး ပိုင်ပါတယ်၊ ဆိုင်ပါတယ်ဆိုတဲ့ အဲဒီ ပစ္စည်းတွေဟာ အခု ဆေးရုံမှာ မရှိကြပါဘူး၊ ဒါယကာကြီး အနားမှာ အရှိကြပါဘူး၊ ဘယ်လို ပြေရမလဲ ဒါယကာကြီးစဉ်းစားပါ။ အဲဒါတွေကို "ငါပိုင်သေးသလား၊ ပိုင်သလား၊ ငါဆိုင်သေးသလား၊ ဆိုင်သလား" ဆိုတာ စဉ်းစာပါ။

"ဒီသဘောတွေဟာ မစဉ်းစားကြလို့ပါ။ မကြံစည်ကြလို့သာပါ။ တကယ်တန်းက ဘယ်လိုဟာကို ငါပိုင်တယ်၊ ဘယ်ဟာက ငါနဲ့ ဆိုင်တယ်ဆိုတာ သေချာသိရင် အထင်မှားခဲ့တာတွေဟာ တကယ်တန်းကျတော့ ရယ်စရာတွေ ဖြစ်ကုန်မှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါယကကြီး အမြုတ်တနိုး သိမ်းဆည်းထားတဲ့ ငါပိုင်တဲ့ပစ္စည်းတွေ ဆိုတာကိုလဲ တကယ်တမ်းမှာ ငါက သပ်သပ် သူတို့က သပ်သပ်ဆိုတာ သိလာပါလိမ့်မယ်။

ဒီလိုပြောပါလျက်နဲ့ ဒါယကာကြီးက "ဒီဟာလေး တော့ တပည့်တော်က ပိုင်သေးတယ်ဟိုဟာလေးတော့ တပည့်တော်နဲ့ ဆိုင်သေးတယ်"ဆိုတဲ့ ခံတော်တွေရှိနေ ရင် အဲဒါဟာ အထင်မှားမှု သက်သက်ပါပဲ။ စိတ်အထင် နဲ့ ဟုတ်တယ်လို့ ထင်နေတာပါပဲ။

"ကဲ-ဒါယကကြီး၊ အခု ဆေးရုံပေါ်မှာရှိနေတဲ့ အခိုက် အရေးအကြောင်းရှိလို့ လောကအပြောနဲ့ ဒါယကာကြီးပိုင်တာကို ယူပါလို့ ပြောလိုက်ရင် ဟိုအိမ် မှာရှိတဲ့ ပစ္စည်းတွေကို ဘယ်မှာ ယူနိုင်ပါ့မလဲ၊ အခု ဒါယကာကြီးရဲ့ လက်တစ်လှမ်းအကွာအတွင်းကပစ္စည်း တွေသာ ယူနိုင်မှာပေါ့။

ဒီလက်တစ်ကမ်းအတွင်းက ယူနိုင်တဲ့ ပစ္စည်းတွေ ကသာ ငါပိုင်တယ်လို့ ဒါယကာကြီး သိသွားပါလိမ့် မယ်၊ အထင်နဲ့ သိသွားပါလိမ့်မယ်"

"စဉ်းစားပါနော်၊ လက်ကလည်း လှမ်းနိုင်၊ လှမ်း ယူနိုင်လို့ လက်တစ်ကမ်းအတွင်းမှာရှိတဲ့ ပစ္စည်းတွေကို ငါပိုင်တယ်၊ ငါဆိုင်တယ်လို့ထင်နေတာပါ။ တကယ်လို့ များ လက်လှုပ် ခြေလှုပ်ကလေးတောင်မှ မပြုနိုင်ရင် ဘယဟာကို ပိုင်တယ်ပြောလို့၊ ယူနိုင်တယ် ပြောလို့ ရပါတော့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပြောလိုက်လို့ ပိုင်တယ် ဆိုင်တယ်ဆိုတာ လက်တစ်ကမ်းအတွင်း လှမ်းနိုင်၊ ယူနိုင်မှ ငါပိုင်တယ်လို့ သတ်မှတ်ပေးတာ မဟုတ်ပါဘူး၊ တဖြည်းဖြည်းချင်း သဘောပေါက်အောင် ပြောပြချင်လို့သာ ပြောရတာပါ။

တကယ်ကိုပဲ အထင်မှား အမြင်မှား အသိမှားတွေနဲ့ စွဲလန်းလွန်းတဲ့ ပုဂ္ဂိုလ်တွေ အတွက်ကတော့ လက်လှုပ် ခြေလှုပ် စကားတွေပြော၊ အလုပ်နိုင် မပြောနိုင်ရင်တောင်မှ မျက်စိကလေး မှိတ်ပြီး ဘယ်ဟာတွေ ငါပိုင်တယ်၊ ဘယ်ဟာတွေ ငါဆိုင်တယ် ဆိုတာမျိုး တွေးနေတတ်ပါတယ်၊ စွဲလန်းနေတတ်ပါတယ်။

ဒါယကာကြီးရဲ့ အသိတရားတွေ၊ သတိတရားတွေကတော့ အဲဒီလောက် လွန်လွန်ကဲကဲကြီး သောင်းကျန်းတာမျိုး စိတ်ကူးပြီး ငါဆိုင် ငါပိုင်တာတွေကို ပုံဖော်ခေါ်ယူတာမျိုးတော့ အလုပ်တော့ဘူး ထင်ပါတယ်။

ဒါယကာကြီး၊ ငါဆိုင် ငါပိုင်လို့ ထင်တာတွေကို ပုံဖော်ပြီး လုပ်မယူတော့ပေမယ့် ပုထုဇဉ် သဘာဝ၊ အရိယာ မဖြစ်သေးသမျှတော့ ကိလေသာတွေ အရှိန်၊ မိစ္ဆာ ဒိဋ္ဌိ ဝိစိကိစ္ဆာတွေရဲ့ အရှိန်နဲ့ ပိုင်တယ် ဆိုင်တယ် ထင်ထားခဲ့တာတွေ ပြန်ပေါ်လာတတ်ပါတယ်။ ပိုင်တယ် ဆိုင်တယ် ထင်နေတုန်းကဟာတွေ ပြန်ပြီး ပေါ်လာတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့ကျတော့ ဒါမျိုးဖြစ်နိုင်တာဟာ သူ့အလိုလို ဖြစ်တာပါလို့ ပြောတတ်ကြတယ်။ လောက,က လက်ခံတဲ့အနေနဲ့တော့ မှန်နိုင်ပါတယ်။ ဒါပေမယ့် ဒါဟာ ကိလေသာတွေ ရှိနေသူတိုင်း ကိလေသာတွေကပုံဖော်၊ လိုချင်ခိုင်း၊ "ငါနဲ့ဆိုင်တယ်၊ ငါပိုင်တယ်"လို့ အထင်မှားခိုင်းတဲ့ သဘောတွေပါ။

အခုဆိုပါစို့၊ ဒါယကာကြီးက "ငါ့သမီးကြီးကို ဘာမှချင်လိုက်တာ၊ ငါ့သားအငယ်ကို ဘယ်လို ပြောချင်သေးတာ"ဆိုတဲ့ စိတ်မျိုးတွေ တစ်ခါတစ်ခါ ဝင်လာတတ်တယ် ဆိုပါစို့။

ဒါယကာကြီးရဲ့ သမီးကြီးကိုလည်း မှာသင့်သမျှတွေကို မှာခဲ့ ပြောခဲ့၊ ဆုံးမခဲ့ပြီးပြီ၊ သားကိုလည်း ပြောခဲ့ပြီးပြီ။ နောက်ဆုံး ဒါယကာကြီးကိုယ်တိုင်က ကောင်းအောင် နေပြခဲ့ပြီးပြီ၊ သားသမီးတွေရဲ့ စံနမူနာအဖြစ် ဖခင်ကောင်းတစ်ယောက် အနေနဲ့ နေပြခဲ့ပြီးပါပြီ။ ဒါဟာ ဆုံးမခဲ့ပြီးပြီလို့ ပြောနိုင်ပါတယ်။

ကဲ-အခု ဒါယကာကြီးက ဆေးရုံထက်က ခုတင်ပေါ်မှာ မျက်စိကလေးမှိတ်ပြီး အသာကလေးနေသာထိုင်သာရှိအောင် နေ,နေရပါတယ်။

အဲဒါ ဒါယကာကြီးရဲ့စိတ်က သမီးကို စဉ်းစားလိုက်စမ်းပါ၊ သားကို စဉ်းစားကြည့်စမ်းပါ၊ သူတို့နဲ့ ပတ်သက်တဲ့ လုပ်ငန်းကိစ္စ၊ လူမှုရေးကိစ္စ၊ ဘာသာရေးကိစ္စတွေကို စဉ်းစားကြည့်စမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်တယ်ဆိုတော့ ပုံဖော်တာကို ပြောတာပါ၊ ပုံပေါ်တာ၊ ပုံဖော်တာတွေ ဖြစ်နေတယ် ဆိုပါစို့။

"ဒါယကာကြီး၊ဒါယကာကြီးကသာ စဉ်းစားနေတာ သူတို့က မသိကြပါဘူး"

ထပ်ပြောမယ် ဒါယကာကြီး၊ ဒါယကာကြီကသာ စဉ်းစားနေတာ သူတို့က သိမှာ မဟုတ်ပါဘူး၊ မသိကြပါဘူး၊ သေသေချာချာ သဘောပေါက်ပါနော်။

စဉ်းစားတဲ့အခါ မျက်စိမှာ ပုံရိပ်မထင်ဘဲ စိတ်မှာတော့ ပုံရိပ်ထင်နေကြပါတယ်။ ဒါတွေဟာ ပုံရိပ်တွေပါပဲ။

မျက်စိဖွင့်ပြီး ပုံရိပ်တွေကို အစစ်ထင်ခဲ့ပါတယ်။ ငါဆိုင်၊ ငါပိုင်၊ ငါမြင်၊ ငါတွေ့တယ်လို့ ထင်ခဲ့ပါတယ်။

မျက်စိမဖွင့်လည်း စိတ်မှာ ဒီပုံရိပ်တွေကို ပြန်ပြီး ထင်ဟပ်ပေါ်လွင်စေပြီး ငါဆိုင်၊ ငါပိုင်၊ ပါမြင်၊ ငါတွေ့တယ်ဆိုတာတွေ လုပ်နေတတ်ကြပါတယ်။ အဲဒါတွေဟာ စောစောက ပြောခဲ့တဲ့ ရုပ်ရှင်၊ ဇာတ်ပွဲ၊ ဗီဒီယို ဇာတ်လမ်းတွေကို ကြည့်နေသလိုပေါ့။

ဒါယကာကြီး၊ ဒါယကာကြီးကိုတော့ ဒီလိုသဘောပြောပြရတာဟာ အထပ်ထပ် ရှိနေပါပြီ၊ ဦးပဥ္စင်းဟောခဲ့ ပြောခဲ့တဲ့ တရားခွေတွေထဲမှာ ဒါတွေက ပါခဲ့ပြီးသားတွေပါ။ ဒါယကာကြီးက တရားခွေတွေကို အထပ်ထပ် နာပြီးသားပါ။

www.burmeseclassic.com

www.burmeseclassic.com



ဦးပဥ္စင်းတိုက ဘာလို့ "ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါဆိုင်တယ်၊ ငါပိုင်တယ်" အလုပ်ဖို့၊ အဖြစ်မခံဖို့ ပြောရတာလည်းဆိုရင် ဒါယကာကြီးလည်း အသိပါ။

ပြောခဲ့ဖူးတယ်လေ၊ ဟိုတလောက တောင်အာဖရိကဘက်မှာ လေယာဉ်ပျံကြီးတစ်စင်း ပျက်ကျသွားတယ်ဆိုတာ သိရတယ်။ နောက်ပြီး အိမ်မှာ ဘုရားစင်ပေါ်က ဘုရားသောက်တော်ရေ ဖန်ခွက်ကလေး ကျကွဲသွားတယ်၊ ဒီလိုလည်း ရှိတယ်ဆိုပါစို့။

လေယာဉ်ပျံ ပျက်ကျတာနဲ့ ဖန်ခွက်ကွဲကျတာ **နှစ်မျိုး**မှာ မိမိစိတ်ကို ဘယ်ဟာက သောကဖြစ်စေသလဲ၊ပူပန်စေသလဲ။ နောက်ဆက်တွဲ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေကို ဖြစ်ပေါ်စေသလဲ၊ ဆက်ဆက်ပြီး မဟုတ်တာလုပ်၊ မဟုတ်တာပြော၊ မဟုတ်တာတွေကို စဉ်းစားပြီး အကုသိုလ် ဒုစရိုက်ကံတွေကိုဖြစ်စေသလဲ။ ဟောခဲ့ ပြောခဲ့ဖူးပါပြီ။

ဖန်ခွက်ကွဲကျတာကို သိရတဲ့အတွက် ပိုဆိုးတာပေါ့၊ ပိုပြီး စိတ်ဆင်းရဲရတာပေါ့။

တန်ဖိုးချင်းက အလွန်အမင်း ကွာပါတယ်။ လေယာဉ်ပျံဖိုးနဲ့ ဖန်ခွက်ဖိုး အလွန်ကွာပါတယ်။

စိတ်ဆင်းရဲစေတာ၊ ဆက်ကာဆက်က မကောင်းတာတွေကို ဖြစ်စေတာဟာ တန်ဖိုးအနည်းအများထက်

www.burmeseclassic.com

www.burmeseclassic.com



ငါပိုင်တယ်၊ ငါနဲ့ဆိုင်တယ်ဆိုတဲ့ သဘောက ပိုပြီး ချယ်လှယ်နေပါတယ်။

ဟုတ်တယ်လေ၊ လေယာဉ်ပျံ ပျက်ကျတယ်၊ လူပေါင်းများစွာ သေတယ်၊ တန်းဖိုးကြီးမားစွာ ပျက်စီးတယ်၊ ဒါပေမယ့် အစိုးရိမ်ပါဘူး၊ ငါ့ဟာမဟုတ်၊ ငါနဲ့ ဆိုင်သူမပါ။ ငါ့ပစ္စည်း တစ်ခုကမှ အလျော့လို့ကိုး။

ဟော-ဖန်ခွက် ကွဲတာကျတော့ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါဆိုင်၊ ငါပိုင်ဆိုတာ လွန်ကဲနေတယ်။

အမယ်လေး သွားပါပြီ။ ဒီဖန်ခွက်က တို့ငယ်ငယ် မင်္ဂလာဦး လက်ဖွဲ့ပစ္စည်း၊ ဒါမျိုးက ရွှေပုံပေးလည်း ရှာဝယ်လို့ မရတော့ဘူး၊ ဒီလိုဒီဇိုင်း ဒီလို ရွှေပန်းခက် မျိုးက ဘယ်မှာမှ ရှာလို့မရဘူး။

ဒါကြောင့် ပြောတာပေါ့ ကုသိုလ်ရစေချင်လို့သာ ခိုင်းရတာ၊ ဘယ်တော့မှ စိတ်မချရဘူး၊ အခု ကြည့်လေ၊ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ ဆိုသလိုပဲ ဖြစ်ကုန်ပြီ။ ကိုသိုလ်တောင် ပေးပြီး မလုပ်ရဲအောင်ပဲ။

အဲဒါပဲပေါ့၊ ကိုယ့်ဖာသာကိုယ် လုပ်ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး၊ ဘယ်သူ့မှ စိတ်တိုင်းမကျဘူး၊ ငါကိုယ်တိုင် လုပ်မှပါ၊ နောက်ဆိုရင်တော့-

အကုန်လုံးကိုပဲ ကိလေသာတွေဝင်လာတယ်ပြော ရမယ်။ မီးခိုးကြွက်လျှောက် ဆိုသလို ကိလေသာတွေ ဝင်တယ်။ ဒုစရိုက် မနောကံတွေ၊ ဝစီကံတွေ ဝင်လာ

www.burmeseclassic.com



တယ်။ တစ်ခါတစလေ ကာယကံ ဒုစရိုက်တွေပါ ဝင်လာ။

ဒီလိုဖြစ်ရတာဟာ လက်သည်ကတော့ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါဆိုင်၊ ငါပိုင်တယ် ဆိုတဲ့အထင်မှား၊အမြင်မှား၊ အသိမှားတွေနဲ့ စွဲလန်းမှုပဲပေါ့။

ဒီအထင်မှားတွေစွဲလန်းမှုတွေဟာအလွန်ပဲဆိုးဝါး လှပါတယ်။

အခုကြည့်လေ၊ ဒါယကာကြီးကို ဒီလို ပြောပြနေ တော့ မျက်စိမှိတ်ထားပေမယ့် ဒါယကာကြီးရဲ့ စိတ်ထဲ မှာ အဆင်းပုံရိပ်တွေ တစ်ခုပြီးတစ်ခု တစ်မျိုးပြီး တစ်မျိုး ပေါ်နေကြမှာပေါ့။

မျက်စိနဲ့ တိုက်ရိုက်မြင်တယ် ဆိုတာ ပစ္စုပ္ပန် အဆင်းရူပါရုံတွေပါ။ အခု မှိတ်လျက်နဲ့ မြင်နေရတာ တွေက အတိတ်၊ အနာဂတ်၊ ရူပါရုံ အဆင်းတွေရဲ့ အရိပ် အယောင်တွေပါ။ဒါပေမယ့်အခုချက်ချင်းပစ္စုပ္ပန် ဓမ္မာရုံနေနဲ့ ပေါ်နေတဲ့ အဆင်းရုပ်ပုံရိပ်တွေပါပဲ။

တိုက်ရိုက်ပဲမြင်မြင်၊ ပြန်ပေါ်လို့ပဲမြင်မြင် မြင်ခိုက် တွေ့ခိုက် ပစ္စုပ္ပန်ခဏမှာ ဒီအဆင်းကို အာရုံပြုပြီး အသိ ဗဟုသုတ၊ သတိဉာဏ်အားနည်းတဲ့ သူတွေကအဟုတ် ထင်တတ်ကြပါတယ်။ အဟုတ်ထင်ပြီးတော့ အစွဲကြီး စွဲပြီး၊ ငါဆိုင်,ငါပိုင် လုပ်တတ်ပါတယ်။ ငါဆိုင်, ငါပိုင်လုပ်ပြီး ပေါ်လာတဲ့ ပုံရိပ်အဆင်းတွေကို "ဟိုလို

www.burmeseclassic.com

www.burmeseclassic.com



တော့ မဖြစ်စေချင်ဘူး၊ ဒီလိုပဲဖြစ်ချင်တယ်”ဆိုတာမျိုး တွေလည်း ဖြစ်လာတတ်ပါတယ်။

ဒီလိုဖြစ်တာဟာ ကိလေသာဝင်တာ၊ ကိလေသာ သောင်းကျန်းတာလို့ သိလိုက်စေချင်ပါတယ်။

သိပါတယ်။ ဒါတွေကို ဒါယကာကြီးက သိပါ တယ်။ ဒီပေါ်လာမျှတွေဟာအဆင်းရုပ်တွေဆိုတာသိပ် တယ်။ သူ့အကြောင်းဆုံလို့ သူတို့ပေါ်လာကြပြီး သူ့ အကြောင်း ကုန်တာနဲ့ ချက်ချင်း ပျောက်သွားကြတယ် ဆိုတာ ဒါယကာကြီးက သိပါတယ်။

အသိ ဗဟုသုတလည်းရှိ စဉ်းစားဉာဏ်အစစ်လည်း ရှိသူတွေကတော့ အဆင်းရုပ်တွေဟာ သူ့အကြောင်း ဆုံလို့ ပေါ်လာ၊ အကြောင်းကုန်တော့ ပျောက်သွား၊ ဒီလိုပါပဲလို့ သိကြပါတယ် အသိမှန်နဲ့ သိကြပါတယ်။

ဒီလို အသိမှန်နဲ့သိရင် မစွဲလန်းတော့ပါဘူး၊ အသိ မှန်ရင် အသိမှား၊ အထင်မှား၊ အမြင်မှားဆိုတာတွေက ပျောက်သွား ကင်းသွားကြတော့တာပါပဲ။ ကိလေသာ မဝင်တော့ဘူးပေါ့။

ဒါလေးကို ထပ်ပြီးရှင်းပြချင်ပါသေးတယ်။

ကိလေသာဆိုတာ တချို့က မျက်စိမှိတ်ထားရင် မဝင်ဘူး၊ ဖွင့်ထားရင် ဝင်တယ်လို့ ပြောတတ်ကြပါ တယ်။ အဲဒီလို ဘုရားရှင် အဟောပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အခုကြည့်လေ၊ မျက်စိမှိတ်လည်း အဆင်းရုပ်ပေါ်တာပဲ၊ မျက်စိဖွင့်ထားလည်းအဆင်းရုပ်ပေါ်တာပဲ။

အဆင်းရုပ်တွေကို တွေ့နေရင်၊ မြင်နေရင်၊ ကိလေသာတွေ ဝင်တယ်လို့ ပြောတတ်ကြပြန်တယ်။

မှိတ်မှိတ်၊ ဖွင့်ဖွင့် အဆင်းရုပ်ဆိုတာ ပစ္စုပ္ပန်ရူပါရုံ အနေနဲ့ရော၊ နောက် မှော်ရုံအနေနဲ့ပါပေါ်တတ်တယ်။ ပေါ်လည်း ပေါ်ပေါ်တယ်။

နောက်ပြီးအဆင်းရုပ်ပေါ်တိုင်းကိလေသာဝင်တာ မဟုတ်ပါဘူး။ ဒီအဆင်းရုပ်တွေကို ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါဆိုင်၊ ငါပိုင်ဆိုတဲ့ ခတ်ဆိုးတွေနဲ့ကြည့်မှ ကိလေသာတွေ ထကြွသောင်းကျန်းတာပါ။ ဝင်ကြာတာပါ။ ဒီခတ်ဆိုးတွေကိုက ကိလေသာတွေပါ။ ဒီခတ်ဆိုးတွေမဖြစ်အောင် ဆိုရင် ဗဟုသုတအသိနဲ့ သတိညာဏ်အစစ်တွေ ရှိရပါမယ်။ ရှိဖို့ အရေးကြီးပါတယ်။

တကယ်လို့သာ ဒီလောက် အသိဗဟုသုတရှိရင်၊ သတိဉာဏ်ရှိရင် မျက်စိမှိတ်မှိတ် မျက်စိဖွင့်ဖွင့် ကိလေသာမဝင်ပါဘူး။ မျက်စိဖွင့်လို့ပဲ ပေါ်ပေါ်၊ မှိတ်ထားလို့ပဲပေါ်ပေါ် ဒီအဆင်းအာရုံတွေကို မစွဲလန်းတော့ပါဘူး။ သတိဉာဏ် အစစ်တွေကြောင့် စွဲလန်းမှု ခတ်ဆိုးတွေ မထကြွကြတော့ပါဘူး။

အခု ဒါယကာကြီးက ကျန်းမာရေးကြောင့် မျက်စိမှိတ်ထားတယ်။ ပေါ်တာပါပဲ။ အဆင်းအာရုံကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲမှာ မြင်ရတတ်တယ်။ အသံတွေကိုလည်း ပြန်ကြားနေတတ်ပါတယ်။ စိတ်ထဲမှာပေါ့။

အခု တကယ်လို့ မျက်လုံးဖွင့်ကြည့်ရင်လည်း မျက်လုံးနဲ့ တိုက်ရိုက်မြင်ပါတယ်ဆိုတာက နံရံတို့ မျက်နှာကျက်တို့ပေါ့။ ဒါပေမယ့် နံရံတွေ မျက်နှာကျက်တွေကို မြင်ရင်းနဲ့ပဲ တခြားတခြား အဆင်းအာရုံတွေကို ဒါယကာကြီးရဲ့ စိတ်ထဲမှာ ပုံဖော်နေမိတတ်ပါတယ်။ ဒါမှမဟုတ် ဒီအာရုံတွေက ပုံပေါ်လာတတ်ပါတယ် ဒါက ဒါယကာကြီး သိပြီးသားတွေကို ထပ်ပြီး ပြောပြတာပါ။

အဲဒီလို မျက်စိဖွင့်လျက်ပဲ ပေါ်ပေါ်၊ မှိတ်လျက်နဲ့ပဲ ပေါ်ပေါ်, ပေါ်လာသမျှ အဆင်းရုပ်တွေဟာ ကိုယ်နဲ့မှ မဆိုင်ဘဲ ကိုယ်ပိုင်တာလည်း ဟုတ်မှမဟုတ်ဘဲဆိုတဲ့ အသိတော့ ရှိထားသင့်ပါတယ်။ ဒီလောက်ကလေး အခြေခံ အသိတောင် မရှိဘူးဆိုရင် မြင်တဲ့အခိုက်မှာ အဆင်းရူပါရုံကို ဘယ်လိုပဲရှုရှု၊ ဘယ်လိုပဲမှတ်မှတ်၊ ရှုတော့ ရှုဖြစ်နေပါလိမ့်မယ်။ မှတ်တော့ မှတ်ဖြစ်နေပါလိမ့်မယ်။ ငါဆိုင်တယ်၊ ငါပိုင်တယ်ဆိုတဲ့ ဓာတ်ဆိုးကိုတော့ လွန်မြောက်နိုင်မှာ မဟုတ်ပါဘူးမလွန်မြောက် ထကြွသောင်း ကျန်းနိုင်ပါတယ်။

ကိုယ်နဲ့မဆိုင်၊ ကိုယ်မပိုင်ပါလားဆိုတဲ့ အဆွဲကင်းတဲ့ စိတ်ဓာတ်နဲ့ ကြည့်မှသာ ရုပ်အဆင်းဟာ ငါမဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com



ငါမဆိုင်ဘဲ သူ့အလုပ်သူလုပ်၊ သူ့အကြောင်းဆုံသူပေါ်၊ သူ့အကြောင်းကုန်တော့ သူပျောက်ဆိုတာကို မြင်နိုင်ပါတယ်။ အဆင်းရုပ် ပရမတ်တွေကို တွေ့နိုင်ပါတယ်။

ဖြူ၊ နီ၊ ပြာ၊ ဝါ အရောင်စုံပညတ်။

လေးထောင့်၊ အဝိုင်း၊ အတို၊ အရှည် ပုံသဏ္ဌာန်ပညတ်။

သား၊ သမီး၊ ယောကျ်ား၊ မိန်းမ၊ လူ၊ တိရစ္ဆာန် စတဲ့ ပုဂ္ဂလ ပညတ်။

ဟိုနား ဒီနားလေး ဆိုတဲ့ ဒေသပညတ်။

အရင် တုန်းကအဆင်း၊ အခုအဆင်း၊ နောင်တွေ့ရမည့်အဆင်း စတဲ့ ကာလပညတ်တွေ။

ဒီလို ပညတ်သတ်မှတ်ချက်အမျိုးမျိုးတွေကိုလည်း သိလျက် ထွင်းဖောက်ပြီး အဆင်းရုပ်အစစ်ရဲ့ သဘောကိုလည်း ထိုးထွင်းနားလည် နိုင်ပါတယ်။ နားလည်ရင်လည်း မစွဲလန်းတော့ဘူးပေါ့။ မစွဲလန်းတော့လို့လည်း နားလည်တာပေါ့။

ဒီစကားက အရေးကြီးပါတယ်။

နားလည်ရင်လည်း မစွဲလန်းတော့ပါဘူး။

မစွဲလန်းတော့လို့လည်း နားလည်သဘောပေါက်ပါတယ်။

တရားအားထုတ်သူအတွက် ဒီသဘောတွေကို ဗဟုသုတအနေနဲ့ နားလည်းထားဖို့ အရေးကြီးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု ပြောခဲ့တယ်လေ။ အဆင်းရုပ်တွေဟာ သူ့အလုပ် သူလုပ်၊ သူဖြစ်ချင်သလို ဖြစ်နေကြတယ်။ ငါမပိုင်၊ ငါမဆိုင်သဘောတွေပါလို့ ဗဟုသုတက အသိပေးခဲ့ပါတယ်။

အဲဒီဗဟုသုတ အသိကိုသာ ယုံယုံကြည်ကြည်နဲ့ နားလည်ရင်၊ လက်ခံရင် ငါပိုင်တယ် ငါဆိုင်တယ်ဆိုတဲ့ စဉ်းစားမှုမျိုးတွေ ဖြစ်မလာနိုင်ပါဘူး။

ဖြစ်လာခဲ့ရင်လည်း ဗဟုသုတက ပယ်ချပစ်ပါတယ်။ လက်မခံပါဘူး၊ ဗဟုသုတ အသိဉာဏ်က စိတ်ထဲမှာ အင်အားကောင်းနေတော့ ပိုင်တယ်၊ ဆိုင်တယ် ထင်သမျှတွေကို "မဟုတ်ဘူး၊ အပိုင်ဘူး၊ အဆိုင်ဘူး" လို့ကို တွင်တွင်ကြီး ငြင်းဆန်ပြီး ပယ်ချနေပါတယ်။

ဗဟုသုတဉာဏ်နဲ့ နားလည်ရင်ကိုပဲ စဉ်းစားစိတ်နဲ့ မစွဲလန်းတော့ပါဘူး။

တကယ်ကိုပဲ စဉ်းစားဉာဏ်နဲ့ နားလည်သဘောပေါက်ပြီဆိုရင် ဘယ်အဆင်းဘယ်အာရုံ ဘယ်လိုတွေနဲ့ပဲဆုံဆုံ၊ ဘယ်အချိန် ဘယ်နေရာ ဘယ်ဒေသမှာ ဘယ်လိုပုံစံတွေနဲ့ပဲဆုံဆုံ၊ ဒီကြုံသမျှ အဆင်းရုပ်တရားတွေဟာ မိမိစိတ်ကို ကိလေသာ ဝင်အောင် မလုပ်နိုင်တော့ပါဘူး။

တကယ်တမ်းက စိတ်မှာ ကိလေသာဝင်တာ အဆင်းရုပ်ကြောင့် မဟုတ်ပါဘူး။ နှလုံးသွင်း မမှန်မှု

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပါ။ အသိညဏ်မရှိမှု၊ သတိလွတ်ကင်းမှုတွေ ကြောင့်သာပါ။

အဆင်းရုပ်ကြောင့်သာကိလေသာဝင်ကြစတမ်း ဆိုရင် ဘုရား ရဟန္တာတွေရဲ့ သန္တာန်မှာပါ ဝင်ကုန် တော့အပေါ့။ မဝင်ပါဘူး။

ကိလေသာဝင်တာဟာ နှလုံးသွင်းမမှန်၊ အသိညဏ် ကင်း၊ သတိလွတ်လို့ပါ။

ဗဟုသုတ မှန်၊ စဉ်းစားနှလုံးသွင်းမှန်ရင် ထိုးထွင်း သိညဏ်လည်း အမှန်အတိုင်းပေါ်လာပါတယ်။

ဗဟုသုတ နားလည်လို့ စိတ်ကူးစဉ်းစားတာလည်း မှန်ပြီး မစွဲလန်းတော့တာပါ။

စိတ်ကူးနဲ့ နားနည်းမှု မှန်လို့လည်း ထိုးထွင်းသိ အနေနဲ့ဘယ်အဆင်းအာရုံကိုမဆိုမစွဲလန်းတော့တာပါ။

ထိုးထွင်းသိအနေနဲ့ မစွဲလန်းတော့ဘူး ဆိုရင်လည်း အသိစစ် ညဏ်အစစ်တွေပေါ်ပြီး အမှန်တကယ် နားလည်အသဘောပေါက်သွားတယ်လို့ပြောနိုင်တယ်။

အဆင်းရုပ် အာရုပ်ကိုသဘောပေါက်သလိုအသံ ရုပ်အာရုံ၊ အနံ့ရုပ်အာရုံ၊ အရသာရုပ်အာရုံ၊အတွေ့အထိ ရုပ်အာရုံ၊ စဉ်းစားစရာ မမွှသဘောတရား အာရုံတွေ ကိုလည်း နားလည်သဘောပေါက်သွားပါလိမ့်မယ်။

"ဒကာကြီး၊ အခုလို ပြောတာတွေကိုတော့ သဘောပေါက် နားလည်ပြီးသားလို့ ထင်ပါတယ်"။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမေးလိုက်တော့ ဒါယကာကြီးက မျက်လုံးကလေး နှစ်ဖက်ဖွင့်ပြီး ကြည့်ပါတယ်။ ခေါင်းလည်း ညိတ်ပါတယ်။

"အင်း. . . ဆက်ပြီးတော့ပြောရဦးမယ်၊ဒကာကြီးနားလည်တယ်ဆိုပေမယ့် ပိုပြီးနားလည်အောင်ပေါ့"

ခက်တော့လည်း ခက်သားကလား၊ အခုမြင်တာနဲ့ ပတ်သက်ပြီး ပြောနေတဲ့အခါ မြင်စရာ အဆင်းမျိုးစုံ ရူပါရုံတွေကို ငါနဲ့မဆိုင်၊ ငါမပိုင်လို့ သဘောပေါက်အောင် ပြောနေတာပါ။

မြင်သမျှ အဆင်းတွေက ကိုယ်နဲ့ တခြားစီဘဲ။ သူ့ဟာသူ ဖြစ်နေကြတာလို့ သိဖို့က လွယ်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီအဆင်းတွေကို ငါ့ဟာ၊ ငါ့ဥစ္စာလို့ သိပ်မစွဲကြတာများလို့ပါပဲ။

ဟုတ်တယ်လေ။ သူ့သားသမီးလည်း မြင်တဲ့အခိုက် အဆင်းပဲ၊ ငါ့သားသမီးလည်း မြင်တဲ့အခိုက် အဆင်းပဲ။ အဆင်း အာရုံတွေကို မြင်ရတာချင်း အတူတူကိုး။

သူ့သားသမီး၊ အဆင်းအားရုံတွေဟာ ဆိုးချင်ဆိုး၊ လိမ္မာချင် လိမ္မာ၊ လဲချင်လဲ၊ ကွဲချင်ကွဲ၊ ငါနဲ့မဆိုင်ပါဘူး၊ မစွဲလန်းပါဘူးလို့ လူပြိန်းစိတ်ဓာတ်နဲ့ မျက်နှာလွှဲ မဆိုင်၊ မစွဲလန်းမျိုးတွေကလည်း ရှိနေတော့ လွယ်လွယ်ကူကူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ပါတယ်လို့ ထင်ကြပါတယ်။ ကိုယ်သားသမီး၊ သူ့သားသမီး ကွာခြားတာကိုး။ ကိုယ့်သားသမီးကိုတော့ လဲချင်လဲ၊ ကွဲချင်ကွဲ အဖြစ်မခံနိုင်ကြာတာလည်း ရှိတတ်ကြပါတယ်။

အခု ထပ်ပြီး ပြောပြဦးမယ်လေ။

ကိုယ့်သားသမီး ခေါင်းကိုက်တာနဲ့ ကိုယ် ခေါင်းကိုက်တာ၊ ကိုယ့်သားသမီးရဲ့ မျက်စိနာ၊ မျက်စိကျိန်းတာနဲ့ ကိုယ့်မျက်စိနာ၊ မျက်စိကျိန်းတာ တူသလားဆိုတဲ့အမေးရဲ့ အဖြေကိုပဲ ကြည့်ပေါ့။

မတူပါဘူး။

ကိုယ့်သားသမီးထက် ကိုယ့်ကိုယ်ကို။ ကိုယ့်သားသမီးရဲ့ ပိုင်ဆိုင်တာတွေထက် ကိုယ်ပိုင်ဆိုင်တာတွေကို ပိုပြီး လွန်လွန်ကဲကဲ စွဲတတ်ကြပါတယ်။

ရှင်းရှင်းပဲ ပြောပါမယ်။

မျက်စိနဲ့ အဆင်းရူပါရုံ နှစ်မျိုးမှာကိုယ်နဲ့ကြုံနေတဲ့ အဆင်းရူပါရုံထက် ကိုယ့်ရဲ့ မျက်စိကို ပိုပြီးစွဲလန်းတတ်ကြပါတယ်။ ငါ့ဟာ၊ ငါ့ဥစ္စာလို့ ပိုပြီး ထင်တတ်ကြတယ်လို့ ပြောလိုတာပါ။

ဟုတ်တယ်လေ၊ လောက သဘောနဲ့ ပိုပြီးစွဲသင့်တာပေါ့။

အပြင်ပန်း မြင်သမျှ အဆင်း အာရုံ ပစ္စည်းဝတ္ထုတွေက ဝယ်လို့ ရတယ်။ အသစ်လုပ်လို့ရတယ်။ မျက်စိက ဝယ်လို့မရဘူး။ အသစ်လုပ်လို့မရဘူး။

www.burmeseclassic.com

www.burmeseclassic.com



တခြားပစ္စည်းတစ်ခု ဟောင်းရင် အသစ်လဲ၊ ညစ်နွမ်းရင် ပြန်ပြီးလျှော်ဖွတ် ရတယ်။ ကိစ္စမရှိဘူး။ ဒီတစ်ခုမကောင်း နောက်တစ်ခုပြောင်းပေါ့။ ဒီအရောင်း၊ ဒီအဆင်း၊ ဒီအာရုံ မကောင်းရင် နောက်အာရုံပြောင်း ပေါ့။ ရတယ်။ သေချာပေါက်ကို ရပါတယ်။

မျက်စိကတော့ အဲဒီလိုမရပါဘူး။ အဟောင်းအသစ် လဲဖို့လည်း မလွယ်။ ဒီဟာမကောင်း၊ အသစ်ဝယ်လဲလို့ လည်း မဖြစ်၊ ဒါကြောင့် ပင်ကိုယ်သဘာဝကိုက မျက်စိကို အလွန်အမင်းပဲ ငါ့ဥစ္စာ၊ ငါ့ဟာ၊ ငါပိုင်၊ ပါဆိုင်တယ်လို့ စွဲစရာ အကောင်းဆုံးလို့ ခေါ်တာပေါ့။

အတွင်းမှာရှိလို့ အဇ္ဈတ္တလို့ ခေါ်တာမျိုး မဟုတ် ပါဘူး။ လွန်လွန်ကဲကဲ စွဲလန်းစရာအဖြစ် သတ်မှတ်ခံ ထားရလို့ အဓိအတ္တ အဇ္ဈတ္တ ခေါ်တာပါ။

မြင်တဲ့အခိုက် မျက်စိ၊ အဆင်း၊ မြင်သိစိတ်တွေ တစ်ပြိုင်နက်တည်း ဖြစ်ကြပါတယ်။

စွဲတာကတော့ သုံးမျိုးစလုံးကို စွဲတတ်ပါတယ်။

ငါနဲ့ဆိုင်၊ ငါပိုင်၊ ငါမြင်ရတဲ့ အဆင်း။

ဒါမှမဟုတ် ငါ့မျက်စိ၊ မျက်စိရှိလို့၊ မျက်စိဖွင့်လို့ မြင်ရတယ်။ ဒီမျက်စိက ငါ့အတွက် ငါ့ဟာ၊ ငါဖွင့်ချင် တိုင်း၊ ဖွင့်လို့ရတယ်။ မြင်ရတယ်။

ငါမြင်တယ်၊ ငါမြင်လို့ တော်သေးတယ်။ ငါဟာ မမြင်လိုက်ရင်. . . စတဲ့ အထင်တွေနဲ့ မြင်သိစိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ငါ၊ ငါ့ဟာ၊ ငါဆိုင်၊ ငါပိုင်တယ် လုပ်တတ်ကြပါတယ်။

အဲဒါတွေဟာ စွဲလန်းမှုတွေပေါ့။ ကိလေသာတွေပေါ့။

ဒါကြောင့် စိတ်စင်ကြယ်စေလိုတော်မူတဲ့ အရှင်သာရိပုတ္တ မထေရ်မြတ်ကြီးက အနာထပိဏ်သူဌေးကြီးကို ဟောပေး ပြောပေးနေတာပေါ့။

"ဒါယကာကြီး သင် ရောဂါသည်းနေတယ်ဆိုရင် ဟောဒီလို ကျင့်ရမယ်၊ အဆင်းလဲ မစွဲလန်းပါနဲ့၊ မျက်စိလဲ မစွဲလန်းနဲ့၊ မြင်သိစိတ်ကိုလဲ မစွဲလန်းနဲ့"

ဒီလို ဟောပေးပါတယ်။

အဆင်းကို ပြောခဲ့ပြီးပါပြီ။ အခု မျက်စိကို ဆက်ပြီး ပြောပါမယ်။ မျက်စိဆိုတာ ကမ္မဇရုပ်ပါ။ ကုသိုလ်ကံ အားကြီးပြီး ကံကောင်းလို့ ကမ္မဇရုပ် မျက်စိ ကောင်းတာပါ။ မျက်စိဖြစ်ဖို့ ကုသိုလ်ကံရှိလို့ မျက်စိဖြစ်လာတာပါ။

မျက်စိဖြစ်ဖို့ ကုသိုလ်ကံ မရှိခဲ့ရင် မျက်စိလည်း မဖြစ်နိုင်ပါဘူး။ မျက်စိ ပျက်စီးဖို့ ကံပါလာရင်လည်း အခုချက်ချင်းဆိုသလို ပျက်စီးနိုင်ပါတယ်။

တချို့ဆိုရင် မျက်စိဖြစ်ဖို့၊ ရှိဖို့၊ ကောင်းဖို့ ကံတွေ ကုန်တာနဲ့ မျက်စဉ်းခတ်ရင်း မျက်စိကွယ်တာတို့၊ ဆေးစားရင်း မျက်စိမှုန်တာတို့၊ ဖျားနာပြီး အပူရှပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မြေမှုတ်ပြီး မျက်စိကွယ်တာတို့ ဖြစ်သွားကြတာတွေ တစ်ပုံတစ်ပင်ကြီးပါ။

ဒီလိုပါပဲ မျက်စိပျက်စီးဖို့ကံကအကျိုးပေးရင်းလည်း မျက်လုံးနှစ်လုံး ရှိနေပေမယ့် ကွယ်သွားကြ မမြင်ကြနဲ့ ကြောင်တောင်ကြီးတွေ ကန်းနေတာတွေလည်း ဒုနဲ့ ဒေးပါ။

သေသေချာချာ နားလည်စေချင်ပါတယ်။

မျက်စိဆိုတာ၊ မျက်စိရှိတယ်ဆိုတာ အတိတ်ကံ ကုသိုလ်က ထောက်ပံ့လို့ ဖြစ်လာတဲ့ အကျိုးပေးရုပ် တရားတွေပါ။ မြင်သိစိတ်ကသာ မြင်တယ်လို့သိရင် မြင်သိစိတ်ဟာ အကျိုးပေး နာမ်တရားတွေပါ။

ဒီ မျက်စိရှိနေတာ၊ ကောင်းနေတာကိုက ကံ ကောင်းနေသေးလို့ပါ။ ကံက စီမံတဲ့အတိုင်းပါ။

အဲဒီတော့ မြင်တဲ့အခိုက်မှာ မြင်နိုင်ဖို့ ကူညီတဲ့ မျက်စိက ကံအကျိုးပေး ရုပ်တရားလို့ ပြောခဲ့သလို၊ ဒီအဆင်းနဲ့ မျက်စိဆုံပြီး ဒါတွေကို မြင်ရ၊ တွေ့ရတယ် ဆိုတာလည်း ကံအကြောင်းကြောင်းတွေကြောင့် မြင်ရတွေ့ရ ဆုံရတဲ့ အကျိုးတွေပါ။

ကံ-ကံရဲ့ အကျိုးတွေကို ယုံကြည်စွာ နားလည်း လက်ခံနိုင်တဲ့ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ဟာအလွန် အရေးကြီးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သေချင်ပေမယ့် သေချင်တိုင်း မသေ၊ မသေချင်ဘဲနဲ့ ချက်ချင်းဆိုသလို သေရတဲ့ သဘောတွေကို လေ့လာကျက်စားကြည့်ရင် ဒီ ကံ-ကံရဲ့အကျိုးတွေကို နားလည်လာပါလိမ့်မယ်။

အဲဒီဉာဏ်လောက်မျှ မရှိရင် ငါ့မျက်စိ၊ ငါ့ဥစ္စာ၊ ငါတော်လို့ ဒီလောက်မြင်တာ၊ ဒီလောက်ကြည်တာ၊ ငါ့မျက်စိ ဘယ်လောက်ကောင်းသလဲဆိုတာမျိုးတွေ၊ နောက်ပြီး အမယ်လေး ငါကဂရုစိုက်လျက်နဲ့ ဒီမျက်လုံးဟာ ဘယ်လိုဖြစ်တာလဲ။ မှုန်သွားလိုက်တာ၊ ဟော မမြင်တော့ဘူး။ ငါ့မျက်လုံးတော့ ပျက်ပါပြီ။ ငါတော့ ဒုက္ခပါပဲဆိုတဲ့ သောကတွေ ဝင်လာတတ်ပါတယ်။

ဒီလိုဖြစ်ရတာတွေဟာ အစွဲအလန်းတွေကြောင့် ကိလေသာတွေကြောင့် ဖြစ်ပေါ်လာရတဲ့ အကျိုးဆက်တွေပါ။

ဒါနကံတွေ ကောင်းခဲ့လို ချမ်းသာ၊ ဒါနကံ အားနည်းလို့ မွဲ။ သီလကံတွေ ကောင်းခဲ့လို့ ကျန်းမာ၊ သီလကံတွေ သိမ်ဖျင်းလို့ ရောဂါထူ။ သမာဓိကောင်းလို့ စိတ်ကြည်၊ သမာဓိအား နည်းပါးလို့ စိတ်ရှုပ်၊ စိတ်နောက်၊ စိတ်ညစ်တာတွေကြုံကြရတာကို တော့ ဒါယကာကြီးက သိထားပြီးသားပါ။

ဒါယကာကြီး, မျက်စိကိုလည်း မစွဲလမ်းပါနဲ့တော့

www.burmeseclassic.com



မျက်စိဆိုတာ ကိုယ်ဖြစ်ချင်သလို ဖြစ်လို့မရပါဘူး။ ဒီနေရာမှာ မျက်စိဆိုတာကို မစွဲလန်းဖို့က ဒီမျက်လုံးကြီး နှစ်လုံးကို အမိက ပြောတာမဟုတ်ပါဘူး။ဒီမျက်လုံးကြီး နှစ်လုံးကို ပြူးကျယ်နေရင် ကျဉ်းအောင်၊ ကျဉ်းမှေးနေရင်လည်း ကျယ်တယ် ထင်ရအောင် ဆေးဆိုးပန်းရိုက် ပန်းချီဆွဲ ပြုပြင်နေသူတွေကိုတော့ ဒီနေရာမှာ စာရင်းထဲကို မသွင်းတော့ပါဘူး။

မြင်တဲ့အခိုက်မှာ ဒီမျက်စိရုပ်တရားကို အကြောင်းပြုလို့ မြင်ရတာပါ။ ဒီပသာဒစက္ခုကို အကြောင်းပြုပြီး မြင်တာပါ။ ဒါဟာ အမှန်ပါပဲ။

ဒါပေမယ့် ငါ့မျက်စိ၊ ငါ့ဥစ္စာ၊ ငါပိုင်၊ ငါဆိုင်တယ် မလုပ်မိဖို့၊ ကိုယ့်အထင်နဲ့ကိုယ် ဟုတ်လှပြီမထင်ဖို့၊ မစွဲလန်းဖို့ ပြောတာပါ။

အကြောင်း မကောင်းလို့ မျက်စိကွယ်သွားရင်ပဲ ဖြစ်ဖြစ် အကြောင်းမဆုံလို့ မမြင်ရ မတွေ့ရရင်ပဲဖြစ်ဖြစ်၊ စိုးရိပ်သောကတွေ၊ အလိုမကျ ဒေါသတွေ မဖြစ်လာဖို့ ပြောတာပါ။

အကြောင်းဆုံလို့ မြင်ရရင်လည်း သဘောကျလောဘတွေ၊ ကာမရာဂ တဏှာတွေ မဖြစ်ဖို့ပြောတာပါ။

အကြောင်းကြုံ၊ အကြောင်းကုန်တာတွေကို သဘောပေါက်ရင်လည်း မျက်စိကိုမစွဲလန်းတော့ပါဘူး၊ လွန်လွန်မင်းမင်း မစွဲလန်းတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



မြင်တဲ့အခိုက်မှာ မြင်တာကို အကြောင်းပြုပြီး ဝိပဿနာအလုပ် အားထုတ်ဖို့ရာအတွက် ရှုနည်း၊ မှတ်နည်း၊ အားထုတ်နည်းတွေကို ပေးကြ၊ ဟောကြ၊ ပြောကြတာတွေကို အမျိုးမျိုးတွေ့ရပါတယ်။

အခု အရှင်သာရိပုတ္တာ မထေရ်မြတ်ကြီးက ဗုဒ္ဓဘုရားရှင် အလိုတော်ကျ စိတ်စင်ကြယ်ဖို့၊ စိတ်မှာ ကိလေသာစင်ကြယ်ဖို့၊ အရိယာဖြစ်ဖို့၊ သောတပန်ဖြစ်ပြီးသားဆိုတော့ သကဒါဂါမ်၊အနာဂါမ်စတဲ့အထက် အထက် အရိယာပုဂ္ဂိုလ်ဖြစ်ဖို့ အနာထပိဏ်သူဌေးကြီးကို ဟောပေး ပြောပေးနေတာပါ။

ဟောတဲ့အတိုင်း၊ ပြောတဲ့အတိုင်းလည်း ကျင့်ကြံနိုင်အောင်၊ ကျင့်ကြံအားထုတ်လို့ရအောင် ဟောပေးပါတယ်။

"ဒါယကာကြီး၊ (မြင်တဲ့အခိုက်မှာ) အဆင်းရူပါရုံကိုလည်း၊ မစွဲလန်းနဲ့၊ ငါနဲ့ဆိုင်တယ်၊ ငါပိုင်တယ်လို့ မထင်နဲ့၊ အလုပ်နဲ့၊ အဲဒီလို ထင်တာတွေဟာ တကယ် မဟုတ်ဘူး။ တကယ်လည်း မဖြစ်ဘူး"

"ဒါယကာကြီး(မြင်တဲ့အခိုက်မှာ)မျက်စိကိုလည်း မစွဲလန်းနဲ့၊ ငါနဲ့ဆိုင်တယ်၊ ငါပိုင်တယ်၊ ငါ့ဥစ္စာလို့ မထင်နဲ့၊ မလုပ်နဲ့၊ အဲဒါတွေဟာ တကယ်မဟုတ်ဘူး"

"ဒါယကာကြီး (မြင်တဲ့အခိုက်မှာ) မြင်သိစိတ်ကိုလည်း မစွဲလန်းနဲ့၊ နောက်ပြီး မြင်တာနဲ့ပတ်သက်ပြီး ဆက်စပ်ဖြစ်လာသမျှ စိတ်တွေကိုလည်း မစွဲလန်းနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဟောပေးတာပါ။

မြင်တဲ့အခိုက်မှာ အဆင်း၊ မျက်စိ၊ မြင်သိစိတ် သုံးခုဆုံ။ သုံးမျိုး ဖြစ်နေကြပါတယ်။

ဝိပဿနာသဘောအရ မြင်စရာ အဆင်းကိုလည်း ရှုလို့ ရပါတယ်။ မျက်စိကိုလည်း ရှုလို့ရပါတယ်။ မြင်သိစိတ်ကိုလည်း ရှုလို့ရပါတယ်။ ဒါတွေဟာ ခန္ဓာတွေ၊ အာယတနတွေ၊ ဓာတ်တွေပါ။ ရုပ်နာမ်တွေပါပဲ။ ပရမတ်တွေပါပဲ။

ခန္ဓာ၊ အာယတန၊ ဓာတ်၊ ရုပ်နာမ်တွေဆိုတာ ပရမတ် အရှိတရားတွေပါ။ ဘယ်သူ ဘယ်ပုဂ္ဂိုလ်ကိုမှ မငဲ့ပါဘူး။ သူ့အလုပ် သူလုပ်ပြီး၊ သူ့သဘာဝအတိုင်း ဖြစ်ပြီးပျက်၊ ပေါ်ပြီးပျောက်၊ ထင်ရှားပြီးချုပ်၊ ရှိပြီး မရှိ၊ ဒီလိုပဲ ဖြစ်နေကြတာပါ။

ကိုယ်က စွဲလန်းချင်လို့ စွဲလန်းဦးတော့ သူတို့ကတော့ အစွဲလန်းလည်းမခံပါဘူး။ စွဲလန်းသူကိုလည်း ဂရုမစိုက်ပါဘူး။ စွဲလန်းသူက ဖြစ်ချင်တာတွေကို ဖြစ်အောင်လုပ်လည်း ဖြစ်ချင်မှ ဖြစ်တာပါ။ ပျက်ချင်တာတွေကို ပျက်အောင်လုပ်လည်း ပျက်ချင်မှ ပျက်၊ပျောက်ချင်မှ ပျောက်တာပါ။

ဒါက ပရမတ်တွေရဲ့ သဘော တစ်စိတ်တစ်ဒေသပါ။

www.burmeseclassic.com

www.burmeseclassic.com



"ငါမြင်တယ်၊ ငါတွေ့တယ်" ဆိုတဲ့အထင်ဟာ တကယ်တမ်းက စက္ခုဝိညာဏ်လို့ခေါ်တဲ့ မြင်သိစိတ်က တွေ့တာပါ။

ဒီမြင်သိစိတ် ဖြစ်တဲ့အခိုက်မှာ အဆင်းနဲ့ဆုံ၊ အလင်းရောင်က အားပေး၊ မျက်စိက ကူညီ၊ နှလုံးသွင်းကလည်းရှိ၊ ဒါကြောင့် မြင်တာပါ။ ဒီမြင်သိမှုဟာ စိတ်၊ နာမ်သဘောပါ။

အမြင်ခံရတဲ့ သဘောဟာ မသိတတ်သလို မြင်သိတတ်တဲ့ သဘောဟာလည်း အမြင်ခံလို့ မရပါဘူး။

ပကတိ မျက်စိနဲ့(တွေ့ဆုံ)မြင်ရတာက အခြေခံအဆင်းရုပ်ပါ။ အဆင်းကို မြင်တတ်၊ မြင်နိုင်တာက မြင်သိစိတ် နာမ်ပါ။ အမှီခံမျက်စိကတော့ မမြင်တတ်တဲ့ ရုပ်ပါ။ ပကတိ မျက်စိနဲ့ ပြန်ပြီး မမြင်နိုင်တဲ့ ရုပ်ပါ။

မြင်တဲ့အခိုက်မှာ ဒီသဘော သုံးမျိုးဟာ သူ့အလုပ်သူလုပ်နေကြပါတယ်။

ဒီသုံးမျိုးအနေနဲ့ကတော့ ဘယ်သူက ဘယ်သူ့ကိုမှ ဝိပဿနာဉာဏ်အဖြစ်နဲ့ ရှုလို့မရပါဘူး၊မြင်တဲ့အခိုက်က ခဏမျှသာပါပဲ။

နောက်ပြီး ဝိပဿနာ သတိဉာဏ်ဆိုတာလည်း အဆင်းထဲမှာလည်း မဖြစ်ပါဘူး။ မျက်စိထဲမှာလည်း မဖြစ်ပါဘူး။ မြင်သိစိတ်ထဲမှာလည်း မဖြစ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာ သတိဉာဏ်ဆိုတာ ဝိပဿနာစိတ်ထဲမှာသာ ဖြစ်တတ်၊ ရှိတတ်တာပါ။

ဝိပဿနာသတိ၊ ဝိပဿနာဉာဏ်ရှိတဲ့ စိတ်ဖြစ်လို့လည်း ဝိပဿနာစိတ်လို့ ခေါ်တာပေါ့။

ဝိပဿနာဆိုတာ ထူးထူးခြားခြား အဆင့်မြင့်မြင့်နဲ့ သေသေချာချာ နားလည်သဘောပေါက်တာကို ခေါ်ပါတယ်။ တကယ်တမ်းကတော့ အသိဉာဏ်ပညာပါပဲ။

အခု ကြည့်လေ။

မြင်တဲ့အခိုက်မှာ အဆင်းအာရုံ၊ မျက်စိ အမှီခံဝတ္ထုရုပ်၊ မြင်သိစိတ်တွေဆုံပြီးဖြစ်နေကြပါတယ်။ဒီသုံးမျိုးစလုံးဟာ သူတို့ အကြောင်းညီလို့ ဆုံလို့ ဖြစ်လာ။ နောက် အကြောင်းကုန်တော့ ပျက်စီး၊ ချုပ်ဆုံးသွားကြတယ်။

ဒီအသိ ဗဟုသုတရှိရင် ဒါကို ဝိပဿနာသုတဉာဏ်ရှိတယ်လို့ ခေါ်ပါတယ်။

တကယ် စဉ်းစားကြည့်တဲ့အခါ၊ တွေးတဲ့အခါ မြင်တိုင်း မြင်တိုင်း မြင်သိစိတ်ပေါ်တိုင်း စဉ်းစာကြည့်တဲ့အခါ အမှန်တကယ်ပဲ ဆိုတာကို လက်ခံနိုင်တဲ့ဉာဏ်ပေါ်လာရင်၊ ဉာဏ်ရှိရင် ဒီဉာဏ်ကို စိန္တာမယဉာဏ်လို့ ခေါ်ပါတယ်။

ဟုတ်တယ်လေ။ အရင်မြင်ခဲ့တုန်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဒီသုံးမျိုး ဆုံနေတာပါ။ အခုဆက်ပြီး မရှိတော့ပါဘူး။ နောက် ဖြစ်လာကြဦးမယ့် မြင်တယ်ဆိုတဲ့ သဘောတွေဟာလည်း ဒီသုံးခုဆုံပြီး ချက်ချင်းဆိုသလို ပြီးဆုံးသွားကြဦးမှာပါပဲ။

ကဲ. . . အဲဒါဟာ စဉ်းစာဉာဏ်ပေါ့။ ဝိပဿနာပွားသိ၊ ထိုးထွင်းသိဉာဏ်ကို ဖြစ်စေနိုင်တဲ့ ဝိပဿနာ စိန္တာမယဉာဏ်ပေါ့။

အမှန်တကယ်ထိုးထွင်းသိ၊ဝိပဿနာဉာဏ်ဖြစ်ပြီးဆိုရင် ခန္ဓာ၊ အာယတန၊ ဓာတ်ဆိုတာတွေ၊ ရုပ်နာမ်ဆိုတာတွေ၊ ပရမတ်တွေရဲ့ သဘောတွေကို တွေ့မြင်နိုင်ပါတယ်။

အဲဒီလို တွေ့မြင်လို့လည်း မစွဲလန်းတော့တာပါ။ စွဲလန်းမှုစိတ် မရှိတော့တာပါ။

စွဲလန်းမှုစိတ် မရှိသင့်ဘူးဆိုတဲ့ ဗဟုသုတအသိကနေ တစ်ဆင့်တစ်ဆင့် မြင့်တက်သွားတဲ့စဉ်းစားအသိတွေကြောင့်ပဲ ထိုးထွင်းသဘောပေါက်လာတာပဲ ဖြစ်ပါတယ်။

အဲဒီတော့ မြင်တဲ့အခိုက်မှာ မြင်စရာ အဆင်းအာရုံ ရုပ်တရား၊ မြင်တဲ့အခါ ကူညီတဲ့ မျက်စိဝတ္ထုမျက်စိပသာဒ ရုပ်တရား၊ မြင်သိစိတ်နာမ်တရားတွေရဲ့

www.burmeseclassic.com



သဘောတွေက သူ့အလုပ် သူလုပ်ကြပြီး စွဲလန်လို့ မရအောင် ချုပ်ပျောက်သွားကြပါတယ်။ စွဲလန်းစရာ မရှိအောင်လည်း ဖြစ်ပျက်သွားကြပါတယ်။

ဒါတွေဟာ ပရမတ် ရုပ်နာမ်တွေရဲ့ သဘောတွေပါ။ အဲဒီသဘောတွေဟာ မြင်တဲ့အခိုက်မှာ တိုက်ရိုက် မသိနိုင်၊ မမြင်နိုင်ပေမယ့် အသိဉာဏ်က မှန်းဆလို့လဲ ဖြစ်ဖြစ်၊ အကြောင်းအကျိုးကို နားလည်လို့ပဲဖြစ်ဖြစ်၊ အရိပ်ပြအကောင်ထင် ဆိုသလိုပဲဖြစ်ဖြစ်၊ ဒီပရမတ်ရဲ့ သဘောတွေကို ပိုင်ပိုင်နိုင်နိုင် ထိုးထွင်းပြီး သိနိုင်တဲ့ ဉာဏ်နဲ့ပဲဖြစ်ဖြစ် သေချာသိနိုင်ပါတယ်။

"ဒါယကကြီး၊ ဒီလို ပရမတ်သဘောတွေကို ထိုးထွင်းပြီး သိလိုက်တဲ့ အသိဉာဏ်ရှိသူဟာ ဟိုပရမတ်က တစ်မျိုး၊ ဒီပရမတ်ကတစ်မျိုး ဆိုတာမျိုး မရှိတော့ပါဘူး။ ပရမတ်မှန်ရင်ပရမတ်အလုပ်လုပ်ကြတာချင်းက အတူတူပါပဲ"

ရုပ်ပရမတ်နဲ့ နာမ်ပရမတ်ဟာ ပရမတ်အလုပ်ချင်း တူကြပါတယ်။ ဒါပေမယ့် ရုပ်အလုပ်က သပ်သပ်၊ နာမ်အလုပ်က သပ်သပ်၊ ရုပ်သဘောနဲ့ နာမ်သဘော ချင်း မတူကြတာကိုလည်း သိလာပါတယ်။ ပရမတ် သဘောချင်း တူကြတာကိုလည်း သိလာပါတယ်။

ဒီသဘောတွေဟာ နက်နဲပါတယ်။ သိမ်မွေ့ပါ တယ်။ ဉာဏ်အားနည်းသူတွေအတွက် သိနိုင်ခဲပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်နားလည်းစေလိုတဲ့စေတနာနဲ့နားလည်းစေနိုင်သလောက်တော့ ပြောပြကြည့်ပါဦးမယ်ပြောပေးပါဦးမယ်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်က အနာထပိဏ်သူဌေးကြီးကို ဟောတော်မူပါတယ်။

ဒါယကာကြီး အဆင်းကိုရော၊ မျက်စိကိုပါ၊ မြင်သိစိတ်ကိုလည်း မစွဲလန်းပါနဲ့၊ မြင်တာနဲ့ဆက်စပ်ပြီးလည်း ငါဆိုင်တယ်၊ ငါပိုင်တယ်၊ ငါ့ဥစ္စာတွေလို့ အလုပ်ပါနဲ့။

အဲဒီလိုပဲ အသံကို၊ နားကို၊ ကြားသိစိတ်ကို၊ အနံ့ကို၊ နှာခေါင်းကို၊ နံ့သိစိတ်ကို၊ အရသာကို၊ လျှာကို၊ စားသိစိတ်ကို၊ အတွေ့အထိကို၊ ကိုယ်ပသာဒကို၊ ထိသိစိတ်ကို၊ ဒါတွေနဲ့ဆက်စပ်ဖြစ်နေတာတွေကိုလည်း ငါဆိုင်တယ်၊ ငါပိုင်တယ်၊ ငါ့ဥစ္စာတွေလို့ မလုပ်ပါနဲ့။

ဒီလို ဟောတော်မူပါတယ်။

ဒီနေရာမှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတာက တစ်အုပ်စုပါ။ ရုပ်အာရုံ တရားတွေပါ။

အဆင်း၊ အသံ၊ အနံ့ဆိုပြီး ကွဲပြားပေမယ့် ရုပ်သဘောချင်းကတော့ အတူတူပါပဲ။ အမြဲဖောက်ပြန်နေတယ်။ အကြောင်းစုံလို့ ဖောက်ပြန်၊ မရုပ်မနား ဖောက်ပြန်၊ အမြဲတမ်း ဖောက်ပြန်နေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဆင်းရုပ်နဲ့ ဖောက်ပြန်တဲ့သဘောကို သိရင် အခြား အမျိုးတူ ရုပ်တွေရဲ့ ဖောက်ပြန်တဲ့ သဘောကိုလည်း သိပါတယ်။ အဲဒီလို ဖောက်ပြန်နေတာကိုပဲ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘောလို့ သေချာ သဘောပေါက်လာနိုင်ပါတယ်။

ဒါက ပါဠိလို အနိစ္စ၊ အနတ္တဆိုတဲ့ စကားလုံးတွေကို မြန်မာမှု ပြုထားတာပါ။

မမြဲတဲ့သဘောကို တွေ့ရင်လည်း ငါမပိုင်၊ ငါ မဆိုင်၊ ငါထင်တဲ့အတိုင်း မဟုတ်၊ ငါ့ဥစ္စာ မဟုတ် ပါလားဆိုတဲ့ သဘောတွေကို သိလာပါတယ်။ အဲဒီ အသိဉာဏ်ထူး ပေါ်လာပါတယ်။

ဆင်းရဲတဲ့သဘော ဆိုတာကို တွေ့ရင်လည်း ငါမပိုင်၊ ငါမဆိုင်၊ ငါထင်တဲ့အတိုင်းအဟုတ်၊ ငါ့ဥစ္စာ မဟုတ်ပါလားဆိုတဲ့ သဘောတွေကို သိလာပါတယ်။ အဲဒီ အသိဉာဏ်ထူး ပေါ်လာပါတယ်။ အဲဒီ အသိဉာဏ်ထူး ပေါ်မှုလည်း မမြဲအစစ်၊ ဆင်းရဲအစစ်ကို တွေ့တာပါ။

နားလည်စေချင်ပါတယ်။

အခုပြောတဲ့ အမြင်ခံအဆင်း၊ အကြားခံအသံ၊ အနံ့ခံ အနံ့၊ အစားခံ အရသာ၊ အတွေ့ထိခံ အတွေ့ထိမှု ဆိုတာက အာရုံရုပ်တရား အုပ်စုတွေပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အာရုံ ရုပ်တရားကိုပဲ တွေ့တွေ့၊ ဘယ်အာရုံရုပ်တရားကိုပဲ မြင်မြင်၊ အာရုံရုပ်တရားမှန်သမျှ အတွေ့အမြင်၊ အကြား၊ အနံ့၊ အသိခံပြီး ပျောက်ပျက်သွားကြတာချည်းပါပဲ။အမြဲမတည်အမြဲမရှိနိုင်ကြပါဘူး။ ချက်ချင်းဆိုသလို ခပ်သုတ်သုတ်၊ သူ့အလုပ် သူလုပ်ပြီး ပျက်သွားကြတာချည်းပါပဲ။

သူ့အလုပ် သူလုပ်နေကြတာပါ။ ဘယ်သူမှ ဝင်ရှုပ်လို့လည်း မရပါဘူး။

သူ့သဘောသူဆောင်၊ သူဖြစ်တတ်သလိုသူဖြစ်၊ သူပျက်တတ်သလို သူပျက်နေကြတာပါ။ ဘယ်သူမှ ဝင်တားလို့လည်း မရပါဘူး။

သူတို့အကြောင်းညီရင် အကျိုးဖြစ်၊ သူတို့အကြောင်း မညီရင် အကျိုးပျက် ဘယ်သူမှ ဝင်ထိန်းချယ်လှယ်လို့လည်း အရပါဘူး။

ဝင်ရှုပ်လို့၊ ဝင်တားလို့၊ ဝင်ထိန်းလို့၊ ဝင်ပြီးချယ်လှယ်လို့ မရပါဘူး။

မရတာကို ရတယ်ဆိုပြီး ဝင်ရှုပ်မယ်၊ ဝင်တားမယ်၊ ဝင်ထိန်းမယ်၊ ဝင်ပြီးချယ်လှယ်မယ်ဆိုရင်လည်း အထင်အမြင်လွဲမှုဆိုတဲ့ ငါနဲ့ပဲ ဝင်ပြီးရှုပ်တာ၊ တားတာ၊ ထိန်းတာ၊ ချယ်လှယ်တာပါ။

ဒီလိုပြောလိုက်တော့ ရှုပ်သွားပြီဆိုရင်၊ နားမရှင်းသေးဘူးဆိုရင် "ဒီအာရုံမမွှတွေဟာ၊ ဒီအာရုံသဘော

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ သူ့အလုပ်သူလုပ်နေကြတဲ့ ဓမ္မသဘော သက်သက်မျှပါ၊ ငါထင်သလို တစ်ခုမျှမဟုတ်ကြပါဘူး" လို့တော့ ရှင်းရှင်းပဲ သိလိုက်ကြပါဦး။

ငါထင်သလို အဟုတ်ဘူးလို့ သဘောပေါက်ရင် ထင်ထားသမျှ ငါတွေ အကုန်ပြုတ်ကုန်ပါတယ်။

အဲဒီလို သဘောမပေါက်သေးသမျှငါထင်းတားတဲ့ အတိုင်း တစ်ခုခု ဟုတ်နေသေးသမျှ၊ ငါ၊ ငါ့ဥစ္စာ၊ ငါပိုင်၊ ငါဆိုင် ဆိုတာတွေကတော့ ရှိနေဦးမှာပါပဲ။

ဒါက အာရုံ ဓမ္မသဘောတရားတွေကို ပြေပြ တာပါ။

နည်းနည်းလေး တစ်ဆင့်တိုးပြီး ပြေလိုပါတယ်။

အာရုံတွေနဲ့ ဓမ္မသဘောတရားတွေဆိုတာကို ခွဲခြားပြီး ပြေပါဦးမယ်။

အာရုံဆိုတာ အာရမ္မဏိတ စိတ်ရဲ့ သိစရာအာရုံ တွေပါ။ စိတ်ရဲ့ သိစရာတွေပါ။

အာရုံတွေရဲ့ ဓမ္မသဘေားတရားတွေဆိုတာအသိ ဉာဏ် ပညာရဲ့ သိစရာ သဘောတရားလက္ခဏာတွေ ပါ။ ဉာဏ်ရဲက သိစရာတွေပါ။

ပြန်ပြောပါဦးမယ်။

စိတ်က သိနိုင်တာက အာရုံတရား၊ အာရုံတရား တွေက စိတ်ရဲ့ သိစရာ။

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်က သိနိုင်တာက အာရုံရဲ့ သလောတရား လက္ခဏာ၊သဘောတရား လက္ခဏာတွေက ဉာဏ်ရဲ့ သိစရာတွေပါ။

အခု တရားနာနေတဲ့ ပရိသတ်တွေကို ဒီသဘော လေးတွေ ကွဲကွဲပြားပြား နားလည်အောင် ထည့်ပြော စရာ တရားစကားလေးတစ်ခု ရှိပါတယ်၊ အဲဒါလေးကို ထည့်ပြီး ပြောခွင့် ပြုစေချင်ပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက "ဈာန်" "ဈာန်" လို့ ဈာန်ကို ဟောတော်မူလေ့ရှိပါတယ်။

ဟောတဲ့အခါမှာလည်း ရူပဘုံ၊ အရူပဘုံတွေကို ဈာန်က ရောက်စေနိုင်တယ်လို့လည်း ဟောပါတယ်။

နိဗ္ဗာန်ကိုလည်း ဈာန်က ရောက်စေနိုင်တယ်လို့ လည်း ဟောပါတယ်။

"ဟာ-အရှင်ဘုရား ဈာန်ဆိုတာ ရူပ၊ အရူပ၊ ဗြဟ္မာဘုံတွေကို ရောက်စေနိုင်တဲ့ ပထမဈာန် စတဲ့ ဈာန်တွေကိုပဲကြားဖူးပါတယ်။ ဒီဈာန်တွေကပဲ နိဗ္ဗာန်ကို ရောက်စေတာလားလို့ မေးချင်ကြပါလိမ့်မယ်။ မေးပါ"

ဒါမှမဟုတ် သမထဈာန်လို့သာ ကြားဖူးပါတယ်။ သမထက ရူပ၊ အရူပဘုံကို ရောက်စေနိုင်တယ်။ နိဗ္ဗာန်ကို အရောက်နိုင်ပါဘူး။ အခု ဘယ်လိုလုပ်ပြီး ဈာန်က နိဗ္ဗာန်ကို ရောက်စေသလဲလို့ မေးချင်မေးကြ ပါလိမ့်မယ်။ မေးပါ။

www.burmeseclassic.com

www.burmeseclassic.com



မေးခဲ့ရင် ဈာန်ဆိုတာကို အရင်ပြောပြပါမယ်။ "ကပ်၍ ရှုတတ်၊ ကြည့်တတ်၊ မြင်တတ်လို့ ဈာန်ခေါ်ပါတယ်" "သေသေချာချာ ရှုကြည့် မြင်နိုင်လို့လည်း ဈာန်လို့ ခေါ်ပါတယ်" လောင်ကျွမ်းသင့်တာတွေ လောင်ကျွမ်းစေတတ်လို့လည်း ဈာန်" လို့ခေါ်ပါတယ်။

ဈာန်က နှစ်မျိုးရှိပါတယ်။ အာရမ္မဏူပနိဇ္ဈာန်နဲ့ လက္ခဏူပနိဇ္ဈာန်လို့ နှစ်မျိုးရှိပါတယ်။

အာရုံကိုကပ်ပြီး စိုက်စိုက်စူးစူး ရှုတတ် မြင်တတ်၊ ကြည့်တတ်လို့ အာရမ္မဏူပ ဈာန်ပေါ့။ လောင်မြိုက်သင့်တဲ့နီဝရဏတွေကို လောင်မြိုက်လို့လည်း အာရမ္မဏူပ ဈာန်ပေါ့။ ဒါကို သမထဈာန်လို့ ခေါ်ပါတယ်။

သမထဈာန်က အာရုံကို ဂရုစိုက်ပါတယ်။နီဝရဏတွေကိုပဲ နိုင်ပါတယ်။ ကိလေသာကို မနိုင်ပါဘူး။ အာရုံကိုပဲ သိတတ်၊ သိနိုင်တဲ့ စိတ်ရဲ့ စွမ်းအားတစ်ခုပါ။ သမာဓိအားပါ။

သဘောတရား လက္ခဏတွေကို သေသေချာချာ ရှုတတ်၊ ကြည့်တတ်၊ မြင်တတ်လို့ လက္ခဏူပ ဈာန်လို့ ခေါ်ပါတယ်။

လောင်မြိုက်သင့်တဲ့ ကိလေသာတွေကို လောင်မြိုက်နိုင်၊ ရှို့နိုင်လို့လည်း လက္ခဏူပဈာန်လို့ခေါ်ပါတယ်။ ဒါကို ဝိပဿနာဈာန်လို့ ခေါ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာစျာန်က အာရုံရဲ့ လက္ခဏာ၊ အာရုံရဲ့ သဘောကိုသာ ဂရုစိုက်ပါတယ်။ ကိလေသာတွေကို နိုင်ပါတယ်။ ပယ်ပါတယ်။ နီဝရဏတွေကိုတော့ အရင်းလဲ အဖျားထင်းဖြစ် ဆိုသလို သီးခြားပယ်စရာ မလိုတော့ပါဘူး။

ပြန်ပြောလိုက်ပါဦးမယ်။ အာရမ္မဏူပစျာန်ဆိုတာ အာရုံကိုပဲ ဂရုစိုက်တယ်။ နီဝရဏလို့ ခေါ်တဲ့ စိတ်နဲ့ အာရုံကြား ဖုံးကာတတ်တဲ့ အတားအဆီးတွေကို ပယ် နိုင်တယ်။ ဒါကို သမထစျာန်လို့ ခေါ်ပါတယ်။ သမာဓိ ဦးဆောင်တဲ့ စျာန်ပါ။

လက္ခဏူပစျာန် ဆိုတာက အာရုံရဲ့ သဘော လက္ခဏာကို ဂရုစိုက်နိုင်ပါတယ်။ ကိလေသာခေါ်တဲ့ စိတ်ရဲ့ အညစ်အကြေးတွေကို လောင်မြိုက် ဖျက်ဆီး ပါတယ်။ ဒါကို ဝိပဿနာစျာန်လို့ ခေါ်ပါတယ်။ ပညာ ဦးဆောင်တဲ့ စျာန်ပါ။

သမထဆိုတဲ့၊ အာရုံကို ဂရုစိုက်တဲ့ စျာန်က ပထမစျာန်၊ ဒုတိယစျာန်စတဲ့ ရူပ၊ အရူပစျာန်၊ ရူပါဘုံ အရူပဘုံကို ရောက်စေတဲ့ သမာဓိ ဦးဆောင်တဲ့ စျာန်စိတ်ပါ။

ဝိပဿနာဆိုတဲ့၊ အာရုံရဲ့ သဘောလက္ခဏာကို ဂရုစိုက်တဲ့ စျာနက အနိစ္စ အစရှိတဲ့ အစွမ်းနဲ့ ငါမဆိုင်၊ ငါမပိုင်၊ ငါ့ဥစ္စာ အဟုတ်ဆိုတဲ့ သဘောပေါက်နိုင်မှု

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်အစွမ်းနဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတွေရဲ့ သဘော အမှန်တွေကို ကပ်ရှုတတ်ပါတယ်။ မြင်တတ် သိတတ် ပါတယ်။ ဝိပဿနာဉာဏ်ပေါ့။

ဝိပဿနာဉာဏ်ရဲ့ လက္ခဏာ သဘောတရားတွေ ကို သိမှုဟာ အရိယာမဂ်ကိစ္စနဲ့သာ ပြီးဆုံးခြင်းကို ရောက်ပါတယ်။

ဒါကြောင့် လက္ခဏူပဇ္ဈာန်ဆိုတာ လက္ခဏာ သဘောကို မြင်တတ်တဲ့ ဝိပဿနာဉာဏ် မဂ်ဉာဏ် ပါပဲ။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တွေဟာ အာရုံကို စိတ်က သိနေခိုက်မှာဘဲ ဒီသိမှုအားထက် လက္ခဏာ သဘောကို သေသေချာချာ ဉာဏ်နဲ့ထိုးထွင်းပြီးသိလိုက် တာပါ။

ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ရဲ့ အကျိုးဆက်ဖြစ်တဲ့ ဖိုလ်ဉာဏ် ဆိုတာကလည်း သုညတလက္ခဏာရှိတဲ့၊ အနိမိတ္တလက္ခဏာရှိတဲ့၊ အပ္ပဏိဟိတ လက္ခဏာရှိတဲ့ နိဗ္ဗာန်ဆိုတဲ့ အာရုံကို သိနေတာပါပဲ။

ဒီနေရာမှာ သေသေချာချာကိုဘဲ နိဗ္ဗာန်ဆိုတဲ့ အာရုံလို့ သုံးလိုက်ပါတယ်။ အမှန်က နိဗ္ဗာန်အာရုံရဲ့ သဘောတရားလက္ခဏာလို့ သုံးသင့်ပါတယ်။

သေချာ ရှင်းပြပါမယ်။ ဂရုစိုက်စေချင်ပါတယ်။

နိဗ္ဗာန်ကို အာရုံလို့ ဆိုပါတယ်။ ရုပ်နာမ် သင်္ခါရ တွေကိုလည်း အာရုံလို့ ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်နာမ်သင်္ခါရတွေဆိုတဲ့ သင်္ခါရအာရုံကသပ်သပ်၊ သင်္ခါရအာရုံရဲ့ သဘောလက္ခဏာက သပ်သပ်လို့ ခွဲခြားပြီး သိရမှာပါ။ သိနိုင်ပါတယ်။

နိဗ္ဗာန်က သင်္ခါရမဟုတ်ပါဘူး။ သင်္ခတလည်း မဟုတ်ပါဘူး။ အသင်္ခတဓာတ် သဘောပါ။ နိဗ္ဗာန် အသင်္ခတဓာတ်ဆိုတာ ရုပ်နာမ် သင်္ခါရဓာတတ သင်္ခတ ဓာတ်နဲ့ မတူပါဘူး။

ရုပ်နာမ် သင်္ခတဓာတ်က အာရုံရှိတယ်။ လက္ခဏာ သဘောရှိတယ်။ အာရုံသပ်သပ်၊ လက္ခဏာ သဘောက သပ်သပ်။

နိဗ္ဗာန်အသင်္ခတဓာတ်က အာရုံရှိတယ်။ လက္ခဏာ သဘောရှိတယ်။ အာရုံသပ်သပ်၊ လက္ခဏာသဘောက သပ်သပ် မဟုတ်ပါဘူး။

ဒီလက္ခဏာ သဘောပင်လျှင် အာရုံပါပဲ့။ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ရဲ့ နိဗ္ဗာန်ဆိုတဲ့ အာရုံပါပဲ။

ရုပ်နာမ်ဆိုတဲ့သင်္ခတပရမတ်ရဲ့သဘောလက္ခဏာ ဝိပဿနာဉာဏ်ရဲ့ သိစရာပါ။

နိဗ္ဗာန်ဆိုတဲ့ အသင်္ခတပရမတ်သဘောလက္ခဏာ ဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့ သိစရာပါ။ အာရုံပါပဲ။

ဒီသဘောတွေက နက်နဲလွန်းတော့ ပရိယတ္တိ ပဋိပတ္တိစွယ်စုံ ကျွမ်းကျင်လိမ္မာတော်မူကြတဲ့ဆရာတော် ကြီးတွေထံကိုသာ ချဉ်းကပ်ပြီးတော့နည်းနာယူကြစေ လိုပါတယ်။ အရေးကြီးလွန်းလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ အခု ဦးပဥ္စင်းပြောခဲ့တဲ့ တရားစကားတွေကို ပကတိ နားနဲ့ သာမကဘဲ ဉာဏ်နားနဲ့ပါ ဂရုတစိုက် နာယူနေကြတော့ ပင်ပန်းသွားကြတဲ့ သူတွေရှိပါလိမ့်မယ်။

လူပင်ပန်းတာ မဟုတ်ပါဘူး။ စိတ်ပင်ပန်းတာလည်း မဟုတ်ပါဘူး။ **ဉာဏ်ပင်ပန်းသွားတာပါ။**

မိမိတို့ မရရှိသေးတဲ့ဗဟုသုတတွေကို ရရှိအောင်၊ မသိသေးတဲ့ စဉ်းစားစရာတွေကို မပြတ်တမ်း စိန္တမယ ဉာဏ်နဲ့ ကြံစည်လို့၊ နာတိုင်း ကြားတိုင်း အသိတိုးအောင် ကြိုးစားပြီး နာကြားနေရတာဟာ ဉာဏ်အလုပ်ပါ။

ဉာဏ်မှီသူက တရားနာရင်း ထိုးထွင်းသိ၊ သဘောပေါက်သွားနိုင်ပါတယ်။ ဒါပေမယ့် ဗဟုသုတဉာဏ်၊ စဉ်းစားဉာဏ်အားတွေ နည်းနေသေးရင် ဉာဏ်ပင်ပန်းမှု ရှိကြပါလိမ့်မယ်။

လောကသဘောနဲ့ ပြောရရင် တရားနာရင်း ဉာဏ်က ဉာဏ်ရှိတဲ့ စိတ်က တရားသံ အာရုံကိုကြားလျက် သဘောအဓိပ္ပါယ်တွေကို သိဖို့ နောက်ကနေ အတင်းဒုန်စိုင်းပြီး လိုက်နေကြရတော့ ဉာဏ်မောတယ်။ ဉာဏ်ပင်ပန်းတယ် ခေါ်တာပေါ့။

ဒါ့ကြောင့် အေးအေးသက်သာ မမောမပန်းဘဲ နာကြားနိုင်ဖို့ ဒီလို ပြောပြပါမယ်။

www.burmeseclassic.com

www.burmeseclassic.com



မြင်ရတဲ့ အဆင်းရုပ်ကလည်း ဘာမျှမဟုတ်။ ငါနဲ့မဆိုင်၊ ငါမပိုင်၊ ငါထင်သလို မဟုတ်ဆိုရင် ကျန်တဲ့အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ရုပ်ဆိုတာလည်း "ဒီလိုပါပဲကွာ"ဆိုတဲ့ အသိဉာဏ်မျိုးရှိစေဖို့ ပြောတာပါ။

ကောက်ပဲသီးနှံ အရောင်းအဝယ် လုပ်သူတွေ လုပ်ငန်း လုပ်ကြပုံကို ပြောပြပါမယ်။

ပွဲရုံကို ရောက်လာတဲ့ မြေပဲလှည်းတွေ၊ ဒါမှမဟုတ် ကုလားပဲ လှည်းတွေ၊ တစ်အုပ်စုတည်း၊ တစ်ရွာတည်း၊ တစ်နယ်တည်းက လှည်းတွေ ရောက်လာတယ်ဆိုပါစို့။

ဘယ်လှည်းက ကုလားပဲပဲဖြစ်ဖြစ်၊ ကောက်ကြည့်လိုက်တယ်။ ဘယ်လို အမျိုးအစားလဲ၊ ဘယ်လောက်ကောင်းသလဲ၊ ညံ့သလဲ၊ ဘယ်လောက်စျေးဖြတ်ရမလဲ ဘယ်လောက် စျေးဖြတ်ရင် ဘယ်လောက်နဲ့ ရောင်း၊ ဘယ်လောက် မြတ်၊ ချက်ချင်း သိသွားပါတယ်။ ကျွမ်းကျင်ရာ လိမ္မာဆိုသလိုပေါ့။

ကဲ. . . စျေးဖြတ်ပြီးပြီဆိုမှတော့လှည်းအစီးတစ်ရာလည်း ဒီစျေး၊ တစ်ထောင်လည်း ဒီစျေးပါပဲ။

ရောင်းသူ ဝယ်သူ ကတိတည် လေးစားယုံကြည်ရတော့ တစ်လှည်းကြည့်တာနဲ့ လှည်းအားလုံးအတူတူဆိုတာ သိပါတယ်။ တစ်လှည်း ဆိုတာတောင်မှ တစ်လှည်းလုံး မဟုတ်ပါဘူး။ လက်တစ်ဆုပ်စာမျှ ကုလားပဲစေ့တွေပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပါပဲ။ သင်္ခါရ ရုပ်နာမ်တွေဆိုတာ ခန္ဓာတွေပါ။ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေပါ။

ဆိုပါစို့။ အာရုံ ရုပ်ခန္ဓာတစ်ခုကို အဆင်းဖြစ်ဖြစ်၊ အသံဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ သေချာ လက်ဖဝါးပေါ် တင်ကြည့်သလို ဉာဏ်မျက်စိနဲ့ ကြည့်လိုက်မိရင်၊ ကြည့်လိုက်နိုင်ရင်၊ ကြည့်တတ်ရင် ကျန်တဲ့ အာရုံရုပ်ခန္ဓာတွေကလည်း ဒီအတိုင်းပါပဲဆိုတာ မပြောဘဲ၊ မကြည့်ဘဲနဲ့ သဘောပေါက် သိလိုက်နိုင်ပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ခန္ဓာမှန်သမျှ၊ ရုပ်မှန်သမျှ၊နာမ်မှန်သမျှ၊အာရုံမှန်သမျှ၊စိတ်မှန်သမျှ ငါမဆိုင်၊ ငါမပိုင်၊ငါထင်တိုင်းမဟုတ်ဘူးလို့အသိပေးဟောထားတော်မူပါတယ်။

အခုပြောခဲ့တာက အာရုံရုပ်တိုင်း ရုပ်တိုင်း၊ရုပ်အုပစုတွေကိုရှင်းပြခဲ့တာပါ။

ဒါဖြင့်အာရုံရုပ်တရားအုပ်စုကိုသဘောပေါက်ရင် အမှီခံ အထောက်အကူပြု ပသာဒဝတ္ထု မျက်စိရုပ်၊ နားရုပ်၊ နှာခေါင်းရုပ်၊ လျှာရုပ်၊ကိုယ်ကာယရုပ်တွေကို ဉာဏ်နဲ့ကြည့်ကြပါဦးစို့။

ဘာကြောင့် ဉာဏ်နဲ့ကြည့်ကြပါဦးလို့ ပြောသလဲဆိုရင် ဒီရုပ် အမှီခံ ဝတ္ထု ပသာဒရုပ်တွေက ပကတိ မျက်စိရဲ့ အာရုံမဟုတ်ပါဘူး။ ဉာဏ်မျက်စိရဲ့

www.burmeseclassic.com



အာရုံတွေပါ။ ဒါကြောင့် ဉာဏ်မျက်စိနဲ့ ကြည့်ကြပါဦး စို့လို့ ပြောတာပါ။

အဆင်းရုပ်ကို ငါနဲ့မဆိုင်၊ ငါမပိုင်၊ ငါ့ဥစ္စာမဟုတ်၊ ငါထင်သလို မဟုတ်လို့။

အဆင်းရုပ်၊ ရုပ်အာရုံရဲ့ သဘောလက္ခဏာတွေကို သဘောပေါက်ရင် အဆင်းရုပ်နဲ့ ဆိုတဲ့ အမှီခံ မျက်စိဝတ္ထုရုပ်လည်း ဒီလိုပါပဲလို့ သိလာနိုင်ပါတယ်။

အဆင်းရုပ်ရဲ့ လက္ခဏာနဲ့ အမှီခံဝတ္ထုပသာဒရုပ်ရဲ့ ရုပ်လက္ခဏာချင်းက အတူတူပါပဲလို့ ဗုဒ္ဓဘုရားရှင်က ဟောတော်မူပါတယ်။

ဘယ်လိုတူတာလည်းဆိုရင် ရုပ်တရားမှန်သမျှ သဘောအတူတူ၊ ပရမတ်တရားမှန်သမျှ သဘောအတူတူ၊ သင်္ခတ ပရမတ်မှန်သမျှ သဘောအတူတူပါပဲတဲ့။

သူ့အလုပ်သူလုပ်နေကြတာပါငါနဲ့မဆိုင်၊ငါမပိုင်၊ ငါ့ဥစ္စာမဟုတ်၊ ငါထင်သလို၊ ငါတောင့်တသလို မဖြစ်ဆိုတဲ့ သဘောတွေပါ။

အဆင်းရုပ်ကို သဘောပေါက်ရင် မျက်စိရုပ်ကိုလည်း သဘောပေါက်ပါတယ်။ ဒီရုပ်ရဲ့သဘောကို အမှန်အတိုင်း သိတဲ့ဉာဏ်က ရှိပြီးကိုး။

အသံရုပ်ကို သဘောပေါက်ရင် နားရုပ် ဆိုတဲ့ ရုပ်အားလုံးကိုလည်း သဘောပေါက်ပါတယ်။ အနံ့၊ နှာခေါင်း၊

www.burmeseclassic.com

www.burmeseclassic.com



အရသာ၊ လျှာ၊ တွေ့ထိမှု၊ ကိုယ်ကာယ စတဲ့ ရုပ်တရားတွေ့ရဲ့သဘောလည်း အတူတူပါပဲ။

အရှင်ဘုရား၊ အဆင်းကရုပ်၊ မျက်စိကရုပ်၊ မြင်သိစိတ်က နာမ်ဆိုတော့ အဲဒီ မြင်သိစိတ် နာမ်ကိုရော ဘယ်လိုရှုရမလဲဘုရားလို့ မေးချင်းကြပါလိမ့်မယ်။

ဦးပဥ္စင်းတိုက ဘယ်လိုရှုပါလို့ ပြောရတာထက် စိတ်ကလည်း နာမ်ပရမတ် ဆိုတော့၊ သဲ်ဟာ ပရမတ် ပါပဲ။ နာမ်သဘော အနေနဲ့ အာရုံကို သိတတ်၊ ညွတ်တတ်တဲ့ သဘောက သူ့ရဲ့ကိုယ်ပိုင် လက္ခဏာ အနေနဲ့ သီးခြားရှိပါတယ်။ ဒါပေမယ့် သဲ်တပရမတ် သဘောချင်းကတော့ အတူတူပါပဲလို့သာ ပြောပေးချင်တာပါ။

မြင်သိစိတ်လည်း သူ့အလုပ် သူလုပ်နေပါတယ်။ ဓမ္မ သက်သက်ပါပဲ။ ငါနဲ့မဆိုင်၊ ငါမပိုင်၊ ငါ့ဥစ္စာမဟုတ်၊ ငါထင်သလို ဖြစ်နေတာမဟုတ်ဆိုတဲ့ သဘောတရား လက္ခဏာမျိုးတွေချည်းပါပဲ။

မြင်သိစိတ်နာမ်ကိုမြင်နေဆဲမှာအာရုံတစ်ခုအနေနဲ့ တွေ့ချင်တယ်ဆိုပြီးတော့ ကြိုက်သလိုရှုပါ။ ကြိုက်သလို ရှုပါ။ ကြိုက်သလိုမှတ်ပါ။ ပစ္စုပ္ပန် ဖြစ်ဆဲအခိုက်မှာ မြင် နေခိုက်မှာတော့ ဘယ်လိုမှ ရှုလို့ အရနိုင်ပါဘူး။

ဘာလို့လဲဆိုတော့ ဝိပဿနာသတိ၊ ဝိပဿနာ ဉာဏ်ရှိတဲ့ စိတ်ဟာ မြင်ဆဲခဏ စက္ခုဝိညာဏ်ဖြစ်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



အဆင်း၊ မျက်စိ၊ မြင်သိစိတ် ဆုံခိုက်မှာ ဘယ်လိုမှ မဖြစ်နိုင်လို့ပါပဲ။

ဒီအဆင်း၊ မျက်စိ၊ မြင်သိစိတ် သုံးမျိုးဆုံ၊ မြင်တယ်ဆိုတဲ့ မြင်ခိုက် သဘောကလေး ချုပ်ပျောက်ပြီးမှနောက်တစ်ဖန် အာရုံ၊ ဒီအာရုံသဘောတရားအနေနဲ့ ပေါ်လာပြန်ရင်တော့ ဒီဓမ္မာရုံကို သိနိုင် သိတတ်တဲ့ ရှုစိတ်မျိုး ဝိပဿနာစိတ်မျိုး ဆိုတာက ဖြစ်လာပါတယ်။

ဒီနေရာမှာ မြင်ခိုက်၊ ကြားခိုက်၊ နံခိုက်၊ စားခိုက်၊ ထိခိုက်မှာ ဖြစ်ပေါ်နေတဲ့ သုံးခုငါးလီ၊ ဆယ့်ငါးမျိုးရှိတဲ့ ရုပ်ဓမ္မ၊ နာမ်ဓမ္မ၊ ရုပ်နာမ်ဓမ္မ သင်္ခတ ပရမတ်တွေရဲ့ သဘောက အတူတူပဲလို့သာ သဘောပေါက်လိုက်ကြပါလို့ ပြောချင်ပါတယ်။

အာရုံနေနဲ့ ခြောက်ပါးရှိပါတယ်။ ဓာတ်သဘော အနေနဲ့က ခြောက်ပါးသုံးလီ တစ်ဆယ့်ရှစ်ပါး ရှိပါတယ်။

အခု ကျန်နေတဲ့ ဓမ္မာရုံအကြောင်းကို နည်းနည်း ပြောပြပါဦးမယ်။

ဓမ္မာရုံကို ပြောရင် ဓမ္မာရုံနဲ့ ဆုံတတ်တဲ့၊ ဓမ္မာရုံကို သိတတ်တဲ့ မနောဝိညာဏ် စိတ်ဆိုတာလဲ ပါလာပါလိမ့်မယ်။ ဓမ္မာရုံ အာရုံတရားနဲ့ မနောဝိညာဏ်၊ မနောဓာတ် သိစိတ်တရားကို ဆုံရာလို့ ပြေနိုင်တဲ့ ဓာတ်သဘော တစ်မျိုးလည်း ပါလာရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



အာရုံသဘော၊ စိတ်သဘော၊ နောက်ပြီး မှီရာဓာတ်သဘောလို့ ၃-မျိုး ခြောက်လီ တစ်ဆယ့်ရှစ်ပါး ဓာတ်တွေဆိုတာ ရှိပါတယ်။

ဒီဓာတ် တစ်ဆယ့်ရှစ်ပါးလုံးကို ငါနဲ့မဆိုင်၊ငါမပိုင်၊ ငါ့ဥစ္စာမဟုတ်၊ ငါထင်သလို ဖြစ်တာမဟုတ်လို့ သဘောပေါက် သိမြင်ရမှာပါ။

တစ်ဆယ့်ရှစ်ပါးလုံးကို ဒီသဘောတွေ သိမြင်ရမယ်ဆိုတော့ တော်တော့်ကိုပဲ ရှုရမယ်၊ အားထုတ်ရမယ်လို့ထင်ပါလိမ့်မယ်။ တစ်ခုချင်း၊ တစ်ခုချင်း ဓာတ်တစ်ပါးချင်း၊ ဓာတ်တစ်ပါးချင်းကို အလုံးစုံကုန်အောင် လိုက်ပြီးရှုရမယ်လို့ ထင်ကြပါတယ်။

ဘုရားရှင်ရဲ့ ဉာဏ်တော်ကြီးက အလွန်ပဲကြီးမားမြင့်မြတ်ပါတယ်။ ဒီဓာတ်သဘောတွေကလည်း နက်နဲသိမ့်မွေ့ပါတယ်၊ အရေအတွက်ကလည်း များလှပါတယ်။

ဘုရားရှင်က တရားကိုဟောပြတဲ့အခါ တရားနာယူတဲ့ ဝေနေယျပုဂ္ဂိုလ်တွေရဲ့ အဇ္ဈာသယ အလိုဆန္ဒကလည်း အမျိုးစုံရှိကြပါတယ်။ ဒါကြောင့် ကျယ်ကျယ်ပြန့်ပြန့် ဟောပေးတော်မူနိုင်တယ်။ ဟောလည်း ဟောပေးခဲ့ပါတယ်။

ဒါပေမယ့် တရားထူး ရသွားကြတယ်။ တရားသဘောပေါက် သွားကြတယ်ဆိုတာ အဲဒီဓာတ်တွေ တစ်ဆယ့်ရှစ်လုံးစလုံးကို တစ်ခုစီ တစ်ခုစီ ရှုကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကုန် သိပြီးမှ တရားသဘောပေါက်သွားတာ မဟုတ်ပါဘူး။ တစ်ခုသိလည်း သဘောပေါက်နိုင်တာပါပဲ။

ဟုတ်တယ်လေ၊ သဘောပေါက်တယ် ဆိုတာ သေချာသိလိုက်တာ၊ နားလည်လိုက်တာ၊ အမြင်ရှင်းသွားတာပါပဲ။ ကိုယ်တိုင်မြင်၊ ဉာဏ်မြင်အစစ် ဖြစ်ပေါ်လာတာကိုး။

ကိုယ်တိုင် ဉာဏ်အစစ်၊ ကိုယ်တိုင် ဓာတ်နဲ့ သိစရာဓာတ် သဘောတွေကို "ငါနဲ့မဆိုင်၊ ငါမပိုင်၊ ငါ့ဥစ္စာမဟုတ်၊ ငါထင်သလို ဖြစ်နေတာမဟုတ်" ဆိုတဲ့ သဘောကို သေချာ သိလိုက်တာပါ။

ဓာတ်တစ်လုံး၊ ဓာတ်တစ်ခုကို သဘောပေါက်သိမြင်သွားရင် ကျန်ခဲ့ တစ်ဆယ့်ခုနစ်ပါးသော ဓာတ်တွေလည်း ဒီအတိုင်းပါပဲလို့ သိနိုင်တာပါပဲ။

အာရုံဓာတ်တစ်ခုလည်း ဒီလိုပါပဲဆိုရင် ကျန်တဲ့ အာရုံဓာတ်တွေ အားလုံးလည်း ဒီလိုပါပဲလို့ နားလည်ပါတယ်။

စိတ်ဓာတ်တစ်ခုလည်း ဒီလိုပါပဲ ဆိုရင် ကျန်တဲ့ စိတ်ဓာတ်တွေအားလုံးလည်းဒီလိုပါပဲလို့သေချာသိပါတယ်။

အာရုံနဲ့ စိတ်ဓာတ် ဆုံတဲ့အခိုက် မှီရာဝတ္ထု ဓာတ်တစ်ခုလည်း ဒီလိုပါပဲဆိုရင် ကျန်တဲ့ မှီရာဓာတ်

www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ဒီလိုပါပဲလို့ သဘောနားလည်သဘောပေါက် လက်ခံယုံကြည်သွားပါတယ်။

ဒီသဘောတွေကို အသေအချာ သိစေချင်ပါတယ်။

အခုပြောခဲ့တဲ့ အာရုံဓာတ်၊ စိတ်ဓာတ်၊ မှီရာဓာတ် ဆိုတာတွေဟာ "ငါမဆိုင်၊ ငါမပိုင်၊ ငါ့ဉစ္စာမဟုတ်၊ ငါထင်သလို ဖြစ်နေတာမဟုတ်"ဆိုတဲ့ သဘောရှိကြတဲ့ ဓာတ်သဘောတွေပါ။ ဒီဓာတ်တွေဟာ လောကီဆိုင်ရာ ဓာတ်တွေပါ။ လောကီအာရုံ ရုပ် နာမ် ပရမတ်သဘော တွေပါ။

ပညတ်တွေနဲ့ မဆိုင်ပါဘူး၊လောကီကလွန်မြောက် တဲ့ နိဗ္ဗာန်ပရမတ်နဲ့လည်း မဆိုင်ပါဘူး။

ဒီစကားက အရေးကြီးပါတယ်။

"ငါမဆိုင်၊ ငါမပိုင်၊ ငါ့ဉစ္စာအဟုတ်၊ ငါထင်သလို ဖြစ်နေတာမဟုတ်"ဆိုတဲ့ သဘောမျိုးဟာ ပညတ်မှာ မတွေ့နိုင်ပါဘူး။ နိဗ္ဗာန်ပရမတ်အစစ်မှာလည်း အခုလို လောကီသဘောမျိုးတွေကို မတွေ့နိုင်ပါဘူး။

အာရုံခြောက်ပါး၊ ဓာတ်တရားတွေမှာ မှောရုံဆိုတာ ရှိပါတယ်။ ဒီဓမ္မာရုံကလည်း ပသာဒရုပ်ငါးပါး၊ သုခုမ ရုပ် တစ်ဆယ့်ခြောက်ပါး၊ စိတ်တွေ၊ စေတသိက်တွေ ဆိုတဲ့ ပရမတ်တရားတွေ ရှိကြသလို ပညတ်တရားတွေ လည်း ရှိပါတယ်။ နောက်ပြီး လောကီနဲ့မဆိုင်တဲ့ နိဗ္ဗာန် ပရမတ်တရားလည်း ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု အနာထပိဏ် သူဌေးကြီး ကုတင် ညောင်စောင်း အပေါ်မှာ သေခါနီး အခြေအနေနဲ့ လဲလျောင်းနေပါတယ်။ အာရုံပြုကြည့်နိုင်ပါတယ်။

အရှင်သာရိပုတ္တ မထေရ်ကြီးလည်း ရှိပါတယ်။ အရှင်အာနန္ဒာလည်း ရှိပါတယ်။ ဒီပုံတွေ စိတ်မှာ ပေါ်နေကြပါတယ်။ မိမိတို့ရဲ့ ပကတိမျက်စိနဲ့ အဆင်းအာရုံကို တွေ့နိုင်သလို စိတ်ကနေပြီး မြင်နေ သိနေနိုင်ပါတယ်။

မျက်စိမှိတ်ထားပေမယ့် အခုပေါ်နေတဲ့ အဆင်းရုပ်တွေဟာ ပစ္စုပ္ပန်အချိန်၊ အခုအချိန်မှာ မိမိရဲ့စိတ်က မြင်နေတဲ့ ဓမ္မအာရုံ ဓမ္မရုံပါ။

မျက်စိ အကူအညီနဲ့ မြင်သိစိတ်က မြင်တဲ့အခိုက် ပေါ်နေတဲ့ မြင်စရာ အာရုံကို ရူပါရုံလို့ခေါ်ပါတယ်။ မြန်မာလိုပြောရင် အဆင်းရုပ် အာရုံကို ခေါ်ပါတယ်။

အခု မျက်စိ အကူအညီ မပါပါဘူး၊ မနောစိတ်က မြင်နေတဲ့အခိုက်ပါ။ ငါးဒွါရ မဟုတ်ဘဲ၊ မနောဓာတ်တစ်ခုကို မှီးပြီး ဖြစ်ပေါ်နေတဲ့ အာရုံဓမ္မဓာတ်ပါ။ အာရုံက ဓမ္မာရုံပါ။ ပစ္စုပ္ပန် ဓမ္မာရုံပါ။

အခု မိမိတို့စိတ်မှာ တွေ့မြင်နေရတဲ့အနာထပိဏ် သူဌေးကြီးနဲ့ တစ်ပုံစံတည်း ပုံတူပေါ်နေတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ပုံစံတူဖြစ်ဖို့ကတော့ မလွယ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းက ကိုယ့်စိတ်နဲ့ ကိုယ်ထင်သလို ကိုယ့်သညာ မှတ်သားမှုနဲ့ ပုံဖော်ပေးနေကြတာပါ။

ဒီလို လဲ့နေတာ၊ ဒီလို စောင်းနေတာ၊ ဒီအင်္ကျီ ဝတ်ထားတာ၊ ဒီလုံချည် ဝတ်ထားတာ၊ ဒီလိုကုတင်၊ ဒီလိုအသုံးအဆောင်တွေ ရှိနေတာဆိုပြီး ပုံဖော်ယူထား ကြတာပါ။

အဲဒါတွေဟာ ပညတ်တွေပါပဲ၊ ပုံပမ်းသဏ္ဍာန် အရောင်၊ အဆင်း၊ အရွယ်အစား စတဲ့ ပညတ်ပုံရိပ် တွေပါပဲ။

"ဟာ-အရှင်ဘုရား၊ တပည့်တော်တို့က အနာ ထပိဏ် သူဌေးကြီးကို မမြင်ဘူးလို့ ပုံဖော်ယူရတော့ အရင်းအတိတ်တုန်းကနဲ့ မတူလို့ ပညတ်လို့ ပြောတာ လားဘုရား"

လို့ မေးချင်းမေးပါ။ အဖြေပေးပါမယ်။ သေသေ ချာချာ နာယူကြစေချင်ကြပါတယ်။

အခု ဒါယကာကြီး ဦးသိန်းလှိုင် ဆုံးပါသွားခဲ့ပြီး ၇-ရက် တစ်ပတ်ပြည့်ခဲ့ပါပြီ။ ဒါယကာကြီးတစ်ယောက် ဆေးရုံပေါ် ရောက်နေတဲ့အခိုက်တုန်းက မြင်ဖူး၊တွေ့ဖူး ခဲ့တဲ့သူတွေကလည်း အခုလို ပြောနေတော့ ဆေးရုံမှာ မြင်ခဲ့တဲ့အတိုင်း ပြန်ပေါ်နေကြပါလိမ့်မယ်။

စိတ်ထဲမှာ ပြန်ပေါ်နေတာပါ။ မျက်စိနဲ့မြင်နေတာ မဟုတ်ပါဘူး။ စိတ်နဲ့ မြင်နေတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှမဟုတ် ဆေးရုံကို မရောက်ဘဲ အိမ်မှာပဲ ဒါယကာကြီးနဲ့ တွေ့ခဲ့ မြင်ခဲ့တဲ့ လူတွေ၊ နောက်တစ်နေရာရာမှာ ဆုံခဲ့တဲ့သူတွေကလည်း မိမိတို့ မြင်ခဲ့တဲ့ နေရာ မြင်ခဲ့တဲ့အချိန်တုန်းက မြင်ခဲ့သလို ပုံပမ်းသဏ္ဌာန်၊ အရောင်းအဆင်း၊ အရွယ်အစားတွေကို ပြန်ပြီးမြင်နိုင်ကြပါတယ်။

ဒါဟာ အတိတ်က ရူပါရုံကို မြင်ခဲ့စဉ်၊ ဒီရူပါရုံ အဆင်းရုပ်ရဲ့ အရိပ်အယောင် ပုံသဏ္ဌာန် တွေကိုသညာနဲ့မှတ်သားပြီး ဒီသညာရဲ့ သဘောကပဲ ပြန်ပြီး ပုံဖော်ပေးတယ်လို့ ပြောရလောက်အောင် ပုံတွေက ပေါ်တတ်ပါတယ်။

ဒီပြန်ပေါ်တဲ့ ပုံတွေဟာ အတိတ်ရူပါရုံရဲ့ အရိပ်အယောင်တွေပါ။ ပကတိမျက်စိနဲ့ ဆုံတဲ့အခိုက် တွေ့ခဲ့ရမှတ်သားခဲ့ရတဲ့ အာရုံတွေ ဖြစ်လို့ပါပဲ။

အခု ပေါ်နေတဲ့အခိုက်မှာတော့ ဒီအာရုံကို မနောရုံလို့ ခေါ်ပါတယ်။ မျက်စိနဲ့ မြင်ခဲ့တဲ့ ရူပါရုံ အရိပ်အယောင်တွေ၊ ပုံသဏ္ဌာန်တွေလည်း ပါနေတော့ အတိတ်ရူပါရုံကို အကြောင်းပြုပြီး သညာအားနဲ့၊ ပုံပေါ်စေလိုတဲ့ အားတွေနဲ့ အကြောင်းပြုပြီး ပေါ်လာတဲ့ ပုံတွေဖြစ်လို့ မနောရုံ၊ အခုချက်ချင်း အခိုက်အတန့်မှာ ပေါ်လာလို့ ပစ္စုပ္ပန်မနောရုံလို့ ခေါ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီသဘောတွေက နားလည်ချင်မှ နားလည်နိုင်ပါတယ်။ ဒါဖြင့် ဘာဖြစ်လို့ ဒီလောက်အထိ ပြောပေးရတာလည်းဆိုရင ဒီပရိသတ်တွေထဲမှာ အသိဉာဏ်စွမ်းအား မြင့်မားတဲ့သူတွေပါလာခဲ့ရင်၊ဒီလိုအသေးစိတ် သိလိုတဲ့ သူတွေ ပါလာခဲ့ရင် အကျိုးကျေးဇူးများစေချင်လို့ပဲ။

တကယ်တမ်းကတော့ လောကနဲ့ ဆိုင်တဲ့ အာရုံ၊ စိတ်၊ ဝတ္ထုသဘော တရားမှန်သမျှတွေဟာ "ငါနဲ့မဆိုင်၊ ငါမပိုင်၊ ငါ့ဉစ္စာမဟုတ်၊ ငါထင်သလိုမဟုတ်" ဆိုတာကို တွေ့တဲ့အခိုက်၊ ဆုံတဲ့အခိုက်မှာလည်း ဒီသဘောတွေ ပါပဲလို့ သေချာသိနိုင်၊ သဘောပေါက်စေနိုင်ဖို့ပါပဲ။

ဒါပေမယ့် အခုကြည်လေ အနာထပိဏ်သူဌေးကြီးရဲ့ ပုံပေါ်နေတဲ့ သူတွေပဲဖြစ်ဖြစ်၊ ဒါယကာကြီး ဦးသိန်းလှိုင်နဲ့ ဆက်စပ်တဲ့ပုံတွေ ပေါ်နေတဲ့သူပဲဖြစ်ဖြစ် ဒီပုံသဏ္ဌာန် အရိပ်အယောင်တွေဟာ ပျောက်လည်းမသွားကြပါဘူး။ ပျက်လည်းမသွားကြပါဘူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတွေကိုလည်း မမြင်နိုင်ကြပါဘူး။ မြဲနေတယ်၊ ရှိနေတယ်၊ စောစောကလည်း ဒီပုံ၊ ဒီလူနဲ့ ဆက်စပ်နေတဲ့ပုံတွေပါပဲ။ အခုလည်း ဒီပုံ၊ နောင်လည်း ဒီပုံပဲ ဖြစ်နေမှာပဲ ဆိုတဲ့ စိတ်အစွဲက ရှိနေတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဖြစ်တာဟာ ဘာလို့လဲဆိုရင် အာရုံက ပညတ်တွေ ဖြစ်နေလို့ပါ။ သတ်မှတ်ချက်တွေအတိုင်း သတ်မှတ်ထားခဲ့တဲ့အတိုင်း ပေါ်နေလို့ပါပဲ။

ဒီအာရုံ ပညတ်ဆိုတာတွေကို ကိုယ်လိုသလိုပုံဖော်နေကြတာပါ။ ငါထင်သလို ပေါ်နေကြတာပါ။ ပညတ်အာရုံလောက်ကိုသာ မြင်နေရင်လည်း ငါထင်သလိုပုံသဏ္ဌာန်၊ အရွယ်အစား၊ နေရာဒေသ၊ အရိပ်အယောင်တွေကတော့ ပေါ်နေမှာပါပဲ။

ဒီပညတ်အာရုံတွေ၊ အရွယ်အစား၊ နေရာဒေသ၊ အရိပ်အယောင်တွေက ပရမတ်အာရုံကို မတွေ့မမြင်အောင် ဖုံးကွယ် နှောင့်ယှက်တာ မဟုတ်ပါဘူး။

တကယ် အဓိက,ကတော့ "ငါထင်သလိုတွေဖြစ်နေတယ်"ဆိုတဲ့ အထင်စိတ်ဓာတ်တွေ၊ ကြိုက်ရာလိုရာ ပုံဖော်ချင်တဲ့ စိတ်ဓာတ်တွေကသာ ပရမတ်အာရုံကို မတွေ့မမြင်အောင နှောင့်ယှက်တတ်တာပါ။

ဒီအာရုံ ပညတ်တွေဟာ အကြောင်းဆုံရင်တော့ မိမိစိတ်မှာ ပေါ်လာပေမယ့် အခြေခံမူလကတော့ ပရမတ်အာရုံကို အမှီပြုနေတယ်ဆိုတာကို အသိမမေ့စေချင်ပါဘူး။

အခု-ဒါယကာကြီး ဦးသိန်းလှိုင်ရဲ့ ပုံက ပေါ်နေတယ်ဆိုပါစို့၊ ဒီပုံသဏ္ဌာန်ဟာ ပညတ်ပါ။ ပရမတ်

www.burmeseclassic.com

www.burmeseclassic.com



အဆင်း မဟုတ်ပါဘူး။ ပိန်တယ်၊ ဝတယ် ဆိုတာတွေ ကလည်း ပညတ်ပါ။ မျက်နှာ ကြည်တယ်၊ မကြည်ဘူး ဆိုတာကလည်း ပညတ်ပါ။ အကျီအရောင်၊ လုံချည် အရောင်၊ အသားအရေအရောင်၊ ဆံပင်အရောင်၊ ဒါယကာကြီး ဦးသိန်းလှိုင်ပါလို့ သတ်မှတ် ပုံဖော်ထားတဲ့ ပုံသဏ္ဍာန် တွေကလည်း ပညတ်တွေပါ။ ပရမတ်ရုပ်၊ အဆင်းရုပ် မဟုတ်ပါဘူး။

ဝိပဿနာအလုပ် အားထုတ်သူ၊ ဝိပဿနာ အသိ ဉာဏ်ရှိသူတွေက အရောင်ပညတ်ကို ထွင်းဖောက်ပြီး အဆင်းရုပ် ပရမတ်ကို မြင်ရမှာပါ။

ပုံသဏ္ဍာန် ပညတ်ကို ထွင်းဖောက်ပြီး အဆင်းရုပ် ပရမတ် မြင်ရမှာပါ။

အမူအရာ ပညတ်ကိုထွင်းဖောက်ပြီး အဆင်းရုပ် ပရမတ်ကို မြင်ရမှာပါ။

တစ်လုံးတစ်ခဲ တစ်စုတစ်ဝေး ပညတ်တွေကို ထွင်းဖောက်ပြီး အဆင်းရုပ် ပရမတ်ကို မြင်ရမှာပါ။

နေရာဒေသ ပညတ်တွေကို ထွင်းဖောက်ပြီး အဆင်းရုပ် ပရမတ်ကို မြင်ရမှာပါ။

အချိန်ကာလ ပညတ်တွေကို ထွင်းဖောက်ပြီး အဆင်းရုပဖ် ပရမတ်ကို မြင်ရမှာပါ။

ကုတင်ပေါ် လျောင်းနေတယ်၊ မထသေးဘူး၊ ငြိမ်နေတယ်၊ မလှုပ်နိုင်သေးဘူး စတဲ့အချိန်တိုင်း အချိန်

www.burmeseclassic.com

www.burmeseclassic.com



တိုင်း ဒီလိုပုံပါပဲ ဆိုပြီး ထင်နေတာတွေ၊ ထင်ထားတာတွေဟာ သတ်မှတ်ချက် ပညတ်တွေပါ။ ဒီပညတ်တွေကို ထွင်းဖောက်ပြီး အဆင်းရုပ်ပရမတ်ကို မြင်ရမှာပါ။

အဲဒီလို ပညတ်ကို ထွင်းဖောက်ပြီးအဆင်းပရမတ်ကို မြင်တယ်ဆိုတာဟာ ပညာဉာဏ်ရှိမှသာ မြင်နိုင်တယ်အောက်ခြေအဆင့် သဘောပြောရရင်ဝိပဿနာဉာဏ်ရှိမှသာ အဆင်းရုပ် ပရမတ်ကို မြင်နိုင်ပါတယ်။

အဆင်းရုပ်ကို မမြင်သေးသမျှ ဝိပဿနာဉာဏ်နုနုသေးသေးကလေးတောင်မှ မပေါ်လာသေးဘူး ဆိုတာသိသင့်ပါတယ်။

ပညတ်ကို ထွင်းဖောက်တယ်ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ပြောရရင် ပညတ်တွေကို သိတာ မြင်တာမှတ်သားနိုင်တာက သညာနဲ့စိတ်ပါ။ သညာကမှတ်သား၊ စိတ်ကသိ ဆိုတဲ့ သဘောပါပဲ။ ဒီသညာကို ဒီလိုမှတ်၊ ဒီလိုထင်၊ ပဲသတ်မှတ်လိုက်လို့အားပေးအားမြှောက်ပြုတတ်သူတွေကတော့ အများကြီးပေါ့။

ပညတ် သတ်မှတ်ချက်တွေကို သညာဦးဆောင်တဲ့စိတ်က သိပါမယ်။

ပရမတ် အမှန်တရားတွေကို ပညာဦးဆောင်တဲ့စိတ်က သိပါတယ်။

စိတ်မှာ သညာ **အမြဲပါဝင်ပါတယ်။** ပညတ်တွေကိုတော့ လောက သတ်မှတ်ချက် အတိုင်း သိတ်မှတ်သိ၊ သိနေမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်မှာ ပညာဉာဏ်က အမြဲ မပါတတ်ပါဘူး။ ပညာဉာဏ် ပါဝင်လာတဲ့အခါ စိတ်က ပရမတ်အာရုံကို သိပါတယ်။ ပညာက အာရုံရဲ့ သဘောတွေကို လည်း သိပါတယ်။

စိတ်မှာ ပညာဉာဏ်ပါတဲ့ အခိုက် သညာကလည်း ပါဝင်တာပါပဲ။ သညာရော ပညာပါ စိတ်မှာ မှီတွယ် နေကြပါတယ်။

ဒီအခါမှာ စိတ်က အာရုံကို သိတယ်။ သညာက အာရုံရဲ့ အမှတ်အသား သတ်မှတ်ချက်တွေကို မှတ်သား တယ်။ ပညာက အာရုံရဲ့သဘောလက္ခဏာတွေကို သေသေချာချာ သိပါတယ်။

အဲဒီလို ဖြစ်နေကြတဲ့အခိုက် သူ့အလုပ်သူလုပ်၊ သူ့တာဝန် သူကျေကြတဲ့ အခိုက်မှာ ပညာဉာဏ်က အားကောင်းလာတော့ သူလို ကိုယ်လို သညာရဲ့ သတ်မှတ်ချက်တွေကို လွန်မြောက်ပြီး သဘောလက္ခဏာ တွေကို သိမြင်တာ၊ ပရမတ်တွေကို တွေ့မြင်တာပါပဲ။

ဒါကိုပဲ ပညတ်ကို လွန်မြောက် ပရမတ်ကို ရောက် တယ်လို့ ခေါ်ပါတယ်။ ပညတ်ဆိုတာကို ဖျောက်လို့ ပယ်လို့ မရပါဘူး။ လောကီ အာရုံမှန်သမျှနဲ့ ဆုံတိုင်း လောကီပညတ်ချက်ဆိုတာ ပျောက်ပျက်သွားဖို့ရယ်လို့ ထုံးစံမရှိပါဘူး။ ပညတ်ကို ထွင်းဖောက်ပြီး ပရမတ်ကို ရောက်တယ်လို့ပဲ ဆိုလိုချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု-တရားနားကြားနေကြတဲ့သူတော်ကောင်းတို့ ပညတ်ကို ဘာလို့ ထွင်းဖောက်ရတာလဲ၊ ပရမတ်ကို ဘာဖြစ်လို့ မြင်အောင်ကြည့်စေချင်ရတာလဲလို့ မေးလို့တဲ့ စိတ်တွေ ဖြစ်ချင် ဖြစ်နေကြပါလိမ့်မယ်။

အဖြေ ပေးပါမယ်။

ပညတ်ဆိုတာ သတ်မှတ်ချက်ပါ။ ကိုယ်ထင်ချင် သလို ထင်ထားလို့ ရပါတယ်။ ကိုယ်ထင်ချင်သလို ထင်လို့ရလို့လဲ ပညတ်ခေါ်တာပါပဲ။

ပရမတ်ဆိုတာက ကိုယ်ထင်ချင်သလို ထင်လို့ ရတာမျိုး မဟုတ်ပါဘူး။ သူ့သဘောကို သူဆောင်၊ သူ့အရှိကို သူပြ၊ သူ့အလုပ်ကို သူလုပ်နေကြတာပါ။ လူပုဂ္ဂိုလ်ကထင်တဲ့အတိုင်းဖြစ်နေတာမျိုးမဟုတ်ပါဘူး။

**ထင်တဲ့အတိုင်း လုပ်လို့ရတာက ပညတ်။**

**ထင်တဲ့အတိုင်း အဟုတ်တာက ပရမတ်။**

ဒါလေးကိုတော့ သဘောပေါက် နားလည်စေချင် ပါတယ်။ ဝိပဿနာ အလုပ်ဆိုတာ ထင်တိုင်းကျဲ၊ ထင်တိုင်းလုပ်လို့ရတဲ့ အလုပ်မဟုတ်ပါဘူး။

ဝိပဿနာဆိုတာ ပညာဉာဏ်ပါ။ ပညာဉာဏ်က သမ္မာဒိဋ္ဌိပါ။ ပညာဉာဏ် သမ္မာဒိဋ္ဌိ ဆိုတာ ထင်တိုင်း မကျဲတတ်ပါဘူး။ ထင်တိုင်း လုပ်မယူတတ်ပါဘူး။ခိုင်းတဲ့ အတိုင်းလုပ်ပြလိမ့်မယ် မထင်ပါနဲ့၊ ခိုင်းတဲ့အတိုင်းလည်း မလုပ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



သမ္မာဒိဋ္ဌိဆိုတာ "ငါနဲ့မဆိုင်၊ ငါမပိုင်၊ ငါ့ဥစ္စာမဟုတ်၊ ငါထင်သလို ဖြစ်နေတာမဟုတ်"လို့ သဘောပေါက် နားလည်တာကို ခေါ်ပါတယ်။

ဒီသမ္မာဒိဋ္ဌိ အမှန်အတိုင်းမြင်တဲ့ ပညာဉာဏ်ရှိပါမှ မျက်စိကိုလည်း မစွဲပါဘူး။ အဆင်းရုပ်ကိုလည်း မစွဲပါဘူး။ မြင်သိစိတ်ကိုလည်း မစွဲပါဘူးဆိုတာ ဖြစ်လာပါလိမ့်မယ်။

အမှဒိဋ္ဌိ ဉာဏ်ပညာရှိမှ အမှန်အတိုင်းမြင်၊ မစွဲလန်းတဲ့ သဘောက ဖြစ်တာပါ။

ဒါကြောင့် ပရမတ် အမှန်အတိုင်း မြင်ဖို့ ပညတ်ကို တွေ့တိုင်း၊ သတ်မှတ်ထားတာတွေကို တွေ့တိုင်း တွေ့တိုင်း နောက်ကွယ်မှာ ပုန်းဝပ်နေတတ်တဲ့ အမှန်တရား ပရမတ်တွေကို ထွင်းဖောက်ပြီး မြင်အောင်ကြည့်တတ်ကြစေချင်ပါတယ်။

အရှင်သာရိပုတ္တာ မထေရ်မြတ်ကြီးက ကျောင်းဒါယကာကြီး ဖြစ်တဲ့ အနာထပိဏ် သူဌေးကြီးကို ဟောပြပေးနေပါတယ်။

"ဒါယကာကြီး မျက်စိကိုလည်းမစွဲနဲ့၊ မြင်နေသမျှအဆင်းရုပ်ကိုလည်း မစွဲနဲ့၊ မြင်သိစိတ်ကိုလည်း မစွဲပါနဲ့ သင်သည် ဟောဒီလို ကျင့်ရမယ်"လို့ ဟောပေးနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ရဲ့အလိုကျ ပညာရှိ မထေရ်မြတ်ကြီးရဲ့ စကားပါ။

"ဒါယကာကြီး၊ အဲဒါတွေကို မစွဲလန်းပါနဲ့" တဲ့။ မစွဲလန်းတတ်တဲ့ သမ္မာဒိဋ္ဌိ ပညာဉာဏ်နဲ့နေပါ။

စွဲလန်းတတ်တဲ့ ကိလေသာတွေ စိတ်မှာ အဝင် မခံပါနဲ့၊ အဖြစ်မခံနဲ့။

"စိတ်ကို စင်ကြယ်အောင်ထားပါ"လို့ တိုက်ရိုက် မပြောသော်လည်း မဟောသော်လည်း "အဲဒါတွေကို မစွဲလန်းပါနဲ့"ဆိုတဲ့ စကားဟာ အဓိပ္ပာယ်အားလုံးကို ပြီးပြည့်စုံသွားပါတယ်။

နောက်ပြီး "အဲဒါတွေကိုလည်းမစွဲလန်းပါနဲ့"ဆိုတဲ့ စကားဟာ "ဟိုဟာတွေကိုလည်း မစွဲလန်းပါနဲ့၊ ဟိုဟာ ဒီဟာတွေကိုလည်းမစွဲလန်းပါနဲ့၊ဘယ်ဟာကိုမှမစွဲလန်း ပါနဲ့"ဆိုတဲ့ အဓိပ္ပာယ်ကိုပါ နားလည်သဘောပေါက် သွားစေပါတယ်။

ဟုတ်တယ်လေ၊ မြင်ရသမျှမြင်စရာအာရုံ၊အဆင်း ရူပါရုံတွေဟာ ကိုယ်မဆိုင်၊ ကိုယ်မပိုင်၊ ကိုယ်ထင်သလို မဟုတ်လို့ သဘောပေါက်ပြီး၊ မျက်စိလည်းပဲ ဒီသဘော ပါပဲလို့ သဘောပေါက်ပြီး မစွဲလန်းတော့ပါဘူး။

ဒါပေမယ့် မြင်သိစိတ် ဆိုတာက ရှိပါသေးတယ်။

ကိုယ်ကမြင်တယ်၊ ကိုယ်စိတ်နဲ့ ကိုယ်မြင်တယ် ဆိုတဲ့ အထင်မျိုးဟာ ကိုယ့်ရဲ့ မြင်သိစိတ်ကို သဘော

www.burmeseclassic.com

www.burmeseclassic.com



ကျ အားကိုးပြီး မြင်ချင်တာတွေကို မြင်အောင် ကြည့်နေတတ်တာမျိုးပါပဲ။

ပြန်ပြီးစဉ်းစားကြည့်ပါဦး၊ မျက်လုံးကလေး ဖွင့်လိုက်ရုံနဲ့ မြင်နိုင်တာပဲလေ။ အလင်းရောင်တို့၊ အဆင်းရုပ်တို့ နှလုံးသွင်းတို့ကတော့ ရှိနေပြီဆိုပါစို့။

မျက်လုံးကလေးဖွင့်ထားတာနဲ့မြင်နိုင်တာသိမြင်သိစိတ် ပေါ်နိုင်တာကို ဉာဏ်အသိက မသိထားသေးလို့ပဲလား၊ ဒါမှမဟုတ် မတွေ့, တွေ့အောင် လိုက်ရှာပေးရမယ်လို့ ခိုင်းတတ်တဲ့ ကိလေသာတွေကပဲ ခိုင်းအားကောင်းလို့လား မပြောတတ်ပါဘူး။ မြင်ချင်တာတွေကို အတင်း လိုက်ကြည့်နေတတ်ကြတယ်။

ကြည့်တာနဲ့ မြင်တာမတူပါဘူး၊ ကြည့်တာက လိုက်ရှာပြီး ကြည့်တာမျိုးပါ။ လိုက်ရှာပြီး ကြည့်တာထက် မြင်တဲ့သဘောကလေး ဖြစ်တဲ့အခိုက်၊ မြင်စရာကိုပဲ အေးအေးဆေးဆေးနဲ့ မြင်သိနေတာမျိုးက ပိုပြီးအေးချမ်းပါတယ်။ ဒါပေမယ့် လိုက်ကြည့်တာကိုပဲ အားရကျေနပ် နေကြတာများပါတယ်။

အမှန်က အကြောင်းဆုံရင် မြင်တာပါပဲ။ မြင်သိစိတ်ဆိုတာ ပေါ်လာပါပဲ။ အဲဒီနောက်မှ ဖြစ်သင့်တဲ့စိတ်တွေ၊ ဝီထိတွေဆိုတာ ဆက်ကာ ဆက်ကာဖြစ်တော့တာပါပဲ။ ဇောကျတတ်လို့ပဲ လွယ်လွယ်ပြောကိုက်ရင် နားလည်နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တွေ့တာ ဆုံတာဟာ မြင်တယ်ဆိုတဲ့ သဘောပါ။ ဒီသဘောက မပေါ်လွင်တော့ "ကြည့်မှ မြင်တယ်။ ကြည့်စရာတွေကို လိုက်ရှာမှ မြင်တယ်"ဆိုတဲ့ အထင်တွေနဲ့ပဲ လိုက်ကြည့်ပြီး ပင်ပမ်းနေကျတာက များပါတယ်။

အဲဒီတော့ အဆင်း၊ မျက်စိ၊ မြင်သိစိတ် သုံးမျိုးဟာ သူ့အလုပ် သူလုပ်နေကြပါတယ်။ အာရုံ၊ ဝတ္ထု၊ စိတ် သုံးမျိုးကလည်း သူအလုပ် သူလုပ်နေကြပါတယ်။

ကိုယ်ပိုင်အလုပ်ချင်းသာ မတူရင် နေရမယ်၊ ပရမတ်မမှုသဘောတိုင်းဟာ သူ့အလုပ်သူလုပ်နေကြတာကတော့ အတူတူချည်းပါပဲလို့ အဲဒီသဘောကို နားလည်စေချင်ပါတယ်။

နောက်ပြီး သူအလုပ် သူလုပ်နေကြတဲ့ သဘောတွေကို ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်ဘုရားသခင်ဆိုတာကမှ လာပြီးတော့ ကိုယ်ဖြစ်ချင်သလို ကိုယ်ထင်သလို ပုံစံမျိုး လုပ်လို့မရပါဘူး။ လုပ်တဲ့အတိုင်လည်း ပရမတ်သဘောတွေက မဖြစ်ပါဘူး။

အကြမ်းဖျင်းလောက်ကို ပြောရရင်တောင်မှ ပူတဲ့ဓာတ်က ပူမှပဲ။ အေးတဲ့ဓာတ်က အေးမှာပါပဲ၊ လှုပ်တဲ့ဓာတ်က လှုပ်မှာ၊ ငြိမ်တဲ့ဓာတ်က ငြိမ်မှာပဲ။

ပူတာကိုအေးအောင်၊ အေးတာကို ပူအောင် လုပ်ယူလို့မရပါဘူး။ ဖောက်ပြန်ပြောင်းလဲမှုတဲ့ သဘော

www.burmeseclassic.com

www.burmeseclassic.com



ကို လဲ မဖောက်ပြန်အောင်၊ မပြောင်းလဲအောင် လုပ်ယူလို့ မရပါဘူး။

နောက်ပြီး ဟိုလိုတွေ့မှ၊ ဒီလိုဟာတွေကို တွေ့မှသာ တရားပဲဆိုတာမျိုး အထင်တွေလည်း ဖြစ်တတ်ကြပါသေးတယ်။ ကိုယ်ထင်ချင်သလိုထင်တာ၊ ကိုယ်မြင်ချင်သလို မြင်တာတွေဟာလည်း တရားအသိ အစစ်အဟုတ်ပါဘူး။

နားလည်စေချင်ပါတယ်။ ဒီသဘောတွေကိုသဘောပေါက်စေချင်ပါတယ်။

များသောအားဖြင့် လူပ်လှုပ်၊ ရွရွ၊ မွမွ၊ ခုန်ခုန်တွေကို တွေ့မှ ဟိုလို ဒီလိုတွေကိုတွေ့မှ "တရား" လို့လက်ခံနေကြတဲ့ အချိန်မှာ "ငါနဲ့မဆိုင်၊ ငါမပိုင်၊ ငါထင်သလို လုပ်လို့မရပါလား"လို့ သဘောပေါက်တာဟာ **"တရား"ပဲလို့ သိအောင်** ဘယ်လိုပြောရမှန်းကို မသိတော့ပါဘူး။

"ထင်တိုင်း မဟုတ်ပါလား"လို့ သဘောပေါက်လိုက်ကြရင် ဘယ်လောက်ကောင်းလိုက်မလဲ။

"ဓာတ်"ဆိုတဲ့ "ထင်တိုင်း မဟုတ်" သူ့အလုပ်သူလုပ်နေတာ။

"ခန္ဓာ" ဆိုတာ "ထင်တိုင်း မဟုတ်" ဘာမျှအနှစ်မရှိတာ။

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်" ဆိုတာ "ထင်တိုင်းမဟုတ်" သူဖောက်ပြန်ချင်သလို ဖောက်ပြန်နေတာ။

"နာမ်" ဆိုတာ "ထင်တိုင်းမဟုတ်"၊ အာရုံကို သူညွှတ်ချင်သလို၊ သိချင်သလို သိနေတာ။

"ပရမတ်" ဆိုတာ "ထင်တိုင်းမဟုတ်"၊ သူ့အဓိပ္ပါယ် သူရှိနော။

ပြောလို့ကတော့ မကုန်နိုင်တော့ပါဘူး။ဒီလောက် ဆိုရင်ပဲ တော်တော် နားလည်လောက်ပါပြီ။

ဒါကြောင့် ကိုယ့်အထင်နဲ့ကိုယ် သတ်မှတ်၊ကြားဖူးနားဝနဲ့ သတ်မှတ်၊ ဖြစ်ချင်သလို သတ်မှတ်တာမျိုးကို "တရား"ရယ်လို့ရ ထင်လိုက်ရင်တော့ ဝိပဿနာအလုပ်အတွက်က အန္တရယ်အလွန်များပါတယ်။

တစ်ချို့ကရှိသေးတယ်။ အသံကို ရှုတာတဲ့။ "အသံတစ်ခုပြီး တစ်ချ ချုပ်သွားတာကို မြင်တာသိတာဟာ ပရမတ်တွေရဲ့ ဖြစ်ချုပ်သဘော"တဲ့။

ဆိုပါစို့၊ "ဟော့သူငယ်ချင်း"ဆိုတဲ့ စကားသံမှာ "ဟော့"ပြီးမှ "သူ"၊ "သူ"ပြီးမှ "ငယ်"၊ "ငယ်"ပြီးမှ "ချင်း"အဲဒီလို စကားသံတစ်သံပြီးမှ တစ်သံကို ကြားရတာဟာ ဝိပဿနာလို့ ထင်ကြတယ်၊ မဟုတ်ပါဘူး။

**လုပ်ယူနိုင်စွမ်းရှိတဲ့ သတိအားတော့** တော်တော်ကိုပဲ ကောင်းလှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အသံချဲ့စက်တွေမှာ အသုံးပြုတဲ့ အသံလှိုင်းတစ်ဆင်ပြီး တစ်ဆင့် ရိုက်ခတ်တာမျိုးကို ကြားတာနဲ့ ဘာမျှတော့ မထူးသေးပါဘူး။

တကယ်တန်းက "ဟော့ သူငယ်ချင်း" ဆိုတဲ့ စကားသံကလည်း တစ်ခုစိပေါင်းစုထားတာ အမှန်ပါပဲ။ နောက်ပြီး "ဟော့" ဆိုတဲ့ အသံတစ်ခုတည်းမှာပဲ ရုပ်ပေါင်းများစွာ ပေါင်းစုထားပါတယ်။

ဒါပေမယ့် အသံလှိုင်းတွေ တုန်ခါတာမျိုးကို ကြားနိုင်ရုံမျှဟာကိုပဲ မြင်သေးတာ၊ သိသေးတာပါ။ ပရမတ်လက္ခဏာကို သိတာ မဟုတ်သေးပါဘူး၊ ပညတ်ပဲ ရှိပါသေးတယ်။ အရေးကြီးတာက မရမတ်သဘောကို တွေ့ပြီးတော့ မစွဲလန်းတော့ဖို့ အရေးကြီးပါတယ်။

အဆင်းကို မစွဲလန်းတာက သပ်သပ်၊ အဆင်းရဲ့ အဓိပ္ပာယ် ကောင်းကျိုး၊ ဆိုကျိုးသိတာက သပ်သပ်ပါ။ အသံကို မစွဲလန်းတာက သပ်သပ်၊ အသံရဲ့အဓိပ္ပာယ်၊ ကောင်းကျိုး ဆိုးကျိုးတွေကို နားလည်တာက သပ်သပ်ပါ။

အဲဒီလိုပါပဲ ကျန်တဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေကိုလည်း သဘောပေါက် နားလည်စေချင်ပါတယ်။

ဦးပဥ္စင်းတို့က ဒီမှ တရားတစ်ပုဒ် အနေနဲ့ ဟော ပေးနေတော့ ထည့်သင့်တာတွေကို ထပ်ထည့်နေရတာပါ။ နားမလည်း နားလည်အောင် ပြောပေးနေရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံပေါ်မှာတော့ ဒကာကြီး ဦးသိန်းလှိုင်ကို လိုရင်းအဓိကပဲ ပြောပြလိုက်ပါတယ်။

"ဒါယကာကြီး အခု ဘာဖြစ်နေသလဲ။ မောနေသလား" အဲဒီလိုမေးတော့ ဒါယကာကြီးက ခေါင်းကို ညိတ်ပြ ပါတယ်။

"မောနေတဲ့အခိုက်မှာ မောတာကိုတော့ သိနေမှာပေါ့။ သိနေတာကို ဒါယကာကြီးအနေနဲ့ စိတ်ကမြင်တယ်လို့ ပြောရင်းလည်း ရတယ်"။

မျက်စိကလေး ဖွင့်ကြည့်တယ်။ "မြင်ပါတယ်" ဆိုတဲ့ သဘောပေါ့၊ ဆက်ပြီးလဲ "ပြောပါဦးဘုရား"လို့ ဆိုလိုချင်တဲ့ အဓိပ္ပာယ်ကိုလဲ သိလိုက်ပါတယ်။

"လောကမှာ မောတကို တွေ့ရင် ကြိုက်တယ်၊ သဘောကြတယ်ဆိုတာ ရှားပါတယ်။ သဘောမကျ၊ ဒေါသဖြစ်တာ များပါတယ်"

"အခု ဒါယကာကြီး၊ မောတာကို တွေ့နေတယ် သဘောကြတယ်ဆိုတာ ရှားပါးတယ်။ သဘောမကျ၊ ဒေါသဖြစ်တာ များပါတယ်"

ခေါင်းကို နည်းနည်းခါလိုက်တယ်။

"မောတာကို တွေ့နေပြီး၊ ဒေါသ မဖြစ်ရင် မမောတာကို လိုချင်တဲ့ လောဘဖြစ်နေပြီးနဲ့ တူတယ်"

ဒီလိုပြောတော့လည်း ဒါယကာကြီး ခေါင်းကလေးကို အသာခါပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါယကာကြီး ခေါင်းညိမ့် ခေါင်းခါလုပ်တရတာ ပင်ပန်းပါတယ်။ ဦးပဥ္စင်းဘာသာပဲ ဆက်ပြီး ပြောသွားပေးပါမယ်။ ဒါယကာကြီးကသာ အခုလိုစိတ်မျိုးကလေးနဲ့ အေးအေးဆေးဆေး ကြည်ကြည်သာသာ တရားကို ဆက်ပြီး နာထောင်ပေးပါ"

"ဟုတ်တယ်လေ၊ မောတာကိုတွေ့ရင် ဒေါသဖြစ်တယ်။ ဒေါသမဖြစ်ဘူးဆိုရင် မမောတာကိုကြိုက်တဲ့၊ လိုချင်တဲ့ လောဘဖြစ်နေတတ်တယ်။ ဒါမှမဟုတ် မောမှန်းကို မသိတဲ့ မောဟဖြစ်နေရင်လည်း ဒေါသက ကြက်ပျောက် ငှက်ပျောက် ပျောက်နေတတ်တယ်"

"ဒါပေမယ့် အခုဟာက မောမှန်းသိတယ်လောဘလည်းမဖြစ်၊ ဒေါသလည်းမဖြစ်၊ မောဟကတော့ မဖြစ်တာ သေချာပါတယ်။ သိနေတာကိုး"

"ဘာနဲ့သိနေတာလဲ၊ ဘယ်လိုသိနေတာလဲ၊ဉာဏ်သတ္တိကောင်းနဲ့ သိနေတာပါ။ သညာမှတ်သားမှုကမောမှန်းသိနေပါတယ်။ ဉာဏ်ကလည်း မောတဲ့သဘောကသပ်သပ်၊ မောတာကို သေချာသိနေတဲ့ ဉာဏ်ရှိတဲ့ စိတ်က သပ်သပ်လို့ သိနေပါတယ်"

မောတဲ့သဘောက မောမှာပဲ။ မမောတဲ့သဘောက မမောဘူးပေါ့။ သူတို့အလုပ် သူတို့လုပ်နေကြတာပါ"၊

www.burmeseclassic.com

www.burmeseclassic.com



"မောတာကို ပျောက်ချင်တဲ့ ဒေါသနဲ့ ပျောက်အောင် လုပ်မရပါဘူး။ ဒါကိုသိတယ်၊ ဉာဏ်က သိပါတယ်"၊

"မမောတာကို ပေါ်လာအောင် ဖြစ်လာအောင် ခေါ်ယူလို့ မရပါဘူး၊ ဒါကိုလည်း သိတယ်၊ ဉာဏ်က သိပါတယ်။ ဘယ်လောက်ထိ သိသလဲ၊ မောဟာဖြစ် ခိုက် မောတာပဲရှိတယ်။ မမောတာဖြစ်ခိုက် မမောတာပဲ ရှိတယ်။ သူ့အလုပ်သူလုပ်နေတာ၊ ငါ့ကို မောအောင်၊ မမောအောင်လုပ်တာ မဟုတ်ဘူး"၊

"ငါနဲ့က ဘာကမှုမဆိုင်ဘူး၊ မမောလို့ မဆိုင်တာလား၊ မဟုတ်ဘူး၊ မောတယ်။ ငါနဲ့ မဆိုင်တာကို သဘောပေါက် နားလည်းထားလို့ မဆိုင်တာ"၊

"မမောတာကလည်းသူ့အကြောင်းညီရင်ပေါ်လာပဲ။ "လာပါ" "လာပါ" လို့ ကိုယ်ကခေါ်ရတာမဟုတ်ဘူး။

မမောတာ ကောင်းတာပေါ့။ မကြိုက်ဘူးလားလို့ မေးကြလိမ့်မယ်၊ ကြိုက်တယ်ပေါ့။

ကောင်းလို့ ကြိုက်တယ်ဆိုရင် လောဘ၊ မကောင်းရင် ဘယ်ကြိုက်တော့မလဲ။ ဒေါသပေါ့။ "မောတာ၊ မမောတာ"ဆိုတဲ့ သဘောတွေဟာ ကြိုက်ဖို့လည်း မဟုတ်၊ မကြိုက်ဖို့လည်းမဟုတ်ပါဘူး။ သေချာသိဖို့ပါ။ သူတို့သဘောကို နားလည်ဖို့ပါ။ ဒီသဘောတွေအာရုံတရားတွေပါ။ **ဒီလိုမှ နားမလည်ရင် မောဟာဖြစ်ပြီပေါ့။**

www.burmeseclassic.com

www.burmeseclassic.com



မောဟတာကိုပဲ မစွဲပါဘူး။ ဒေါသနည်းတဲ့အတွက်။

မမောဟတာကိုလည်း မစွဲပါဘူး၊ လောဘနည်းတဲ့အတွက်။

ဟိုလိုဒီလို၊ ကိုယ်ထင်သလို ပုံဖော်တာမျိုးလည်း မရှိပါဘူး၊ မောဟနည်းတဲ့အတွက်၊ နေကြည့်ကြစေချင်ပါတယ်။ တကယ်လို့များ လောဘ၊ ဒေါသ၊ မောဟတွေ နည်းရုံမကဘဲ ကုန်နေကြပြီဆိုရင် ဘယ်လောက်များ အေးချမ်းလိုက်မလဲလို့။

"ဒါယကာကြီး ဦးသိန်းလှိုင်က ကံတွေကို၊ အလုပ်, အပြော, အကြံတွေကို စင်ကြယ်သထက်လည်း စင်ကြယ်အောင် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်ပါ"၊

"ပြောကြပါစို့၊ ဆေးရုံပေါ်မှာ သေခါနီးအခါမှာ ကံတွေစင်ကြယ်ရုံသာမက စိတ်တွေကိုပါ စင်ကြယ်အောင် ကျင့်ကြံနေတယ်ဆိုတာ သိသာပါတယ်"၊

"ဘာလို့လဲဆိုတော့ မောဟကို သိတယ်၊ လောဘနဲ့ ကြိုက်တာ၊ ဒေါသနဲ့မကြိုက်တာ၊ မောဟနဲ့ မသိဘဲနေတာမျိုးတွေ မလာအောင် မရှိအောင် နေနိုင်နေလို့ပါပဲ။

ဘာပဲပြောပြော အဲဒီအချိန်မှာ အဲဒီလို နေနိုင်တာဟာ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ နည်းနေလို့ပါပဲ။ စွဲလန်းမှုတွေ နည်းနေလို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာတွေနည်း၊ စွဲလန်းမှုတွေ နည်းတယ်ဆိုတာကလည်း တစ်ဖက်က သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာအားတွေ ကောင်းလာလို့သာ ဆိုတာကို ဒါယကာကြီးရဲ့ မျက်နှာကြည်လင်ပုံ၊ တရားနားရင်း သဘောပေါက်နေပုံ၊ ဆုံးပါးပြီးတော့လည်း ကြည်ကြည်လင်လင် မျက်နှာပဲ ရှိနေပုံတွေက သက်သေပြနေတာပါပဲ။

"ဒါယကာကြီး၊ အခု မောနေတဲ့အခါမှာ မမောတာကို လိုက်မရှာပါနဲ့၊ ရှာရင်လဲတွေ့မယ်လို့ မထင်လိုက်ပါနဲ့၊ မမေတာတို့ ကောင်းတာတို့ကိုလည်း မမျှော်လိုက်ပါနဲ့၊ အဲဒါ လောဘပါ"။

အဲဒီလိုပါပဲ မောတာကိုလည်း မဖယ်ချင်ပါနဲ့၊ ဖယ်ချင်ရင် အဲဒါဒေါသပါ။ ဘယ်အာရုံတွေ ပေါ်ပေါ်လောကက ကောင်းတယ်၊ မကောင်းဘူး သတ်မှတ်ထားတဲ့ ဘယ်အာရုံနဲ့ပဲ ဆုံဆုံ ဒါကသူတို့ရဲ့ သတ်မှတ်ချက် သဘာဝတွေပါ"။

"ဘယ်အာရုံကိုမှလည်း မစွဲလန်းပါနဲ့၊ ဘယ်လို စိတ်မျိုးကိုမှလည်း မစွဲလန်းပါနဲ့၊ ဘာကိုမှ မစွဲလန်းပါနဲ့"။

အခုလို ပြောပေး ဟောပေးတော့ ဒါယကာကြီး အနေနဲ့ မစွဲလန်းနဲ့ ဆိုတာကို သိပြီ။ မစွဲလန်းအောင်လည်း နေနိုင်ပြီ ဆိုပါစို့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုထပ်ပြီး ပြောချင်ပါသေးတယ်။

တရားတော်ကို နာကြား သဘောပေါက်ပြီးတော့ ဘာမျှ မစွဲလန်းဘဲ ဒါယကာကြီးကနေနိုင်ပြီဆိုရင်-

ဒါပေမယ့် တစ်ခါတစ်လေ ဒါယကာကြီး က မစွဲလန်းဘူးဆိုပေမယ့် ဒါယကာကြီးရဲ့ အတွင်းစိတ်က ဟိုဟာတွေ့ချင်၊ ဒီဟာတွေ့ချင်၊ ဟိုလိုဖြစ်ချင်၊ ဒီလိုဖြစ်ချင် ဆိုတာတွေ ပေါ်လာတတ်သေးတယ်။

အဲဒါကိုလည်း ဂရုစိုက်နိုင်တဲ့ သတိဉာဏ်ရှိပါစေ။

ဘာဖြစ်လို့လဲဆိုရင် ဒါယကာကြီး ဆိုတဲ့ လူပုဂ္ဂိုလ်က မစွဲလန်းချင်ပေမယ့် အဲဒီစိတ်အတွင်းမှာ ကိန်းဝပ်ခိုနေတဲ့ အနုသယ ကိလေသာက စွဲလန်းချင်တယ်။ ဟိုလိုဒီလို ဖြစ်ချင်တာတွေ ပေါ်လာတတ်ပါသေးတယ်။

အဲဒီ အနုသယ ကိလေသာ လောဘ၊ ဒေါသ၊ မောဟ စတာတွေကိုလည်း စွဲလန်းခွင့် မပေးပါနဲ့တော့။

ဘာအာရုံတွေ၊ ဘာတွေကိုပဲတွေ့တွေ့ မြင်မြင် ဘာနဲ့ပဲဆုံဆုံ "ထင်သလို မဟုတ်ပါလား"လို့ သဘောပေါက်ထားရင် "ငါဆိုင်၊ ငါပိုင်၊ ငါ့ဥစ္စာ"ဆိုတာတွေပါ ပျောက်ကွယ်သွားပါလိမ့်မယ်။ ကြိုးစားပြီး ထကြွတာကို မခံပါနဲ့၊ သတိဉာဏ် အမြဲရှိနေလိုက်စမ်းပါ။

ဦးပဥ္စင်း တို့က ဒါယကာကြီး ဦးသိန်းလှိုင်ကို ဒီသဘောတွေကိုသိအောင် သေသေချာချာပြောပြနေ

www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ဒါယကာကြီးကလည်း သေသေချာချာ ဂရု တစိုက်နဲ့ နားထောင်နေပါတယ်။

အဲဒီလိုပါပဲ၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး က ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးကို ဟောပြ နေပါတယ်။

"အနာထပိဏ္ဍိကောဝါဒ" သုတ္တန်လို့ ခေါ်ပါတယ်။

တရားဟောပေးလို့ အပြီးမှာ ကျောင်းဒါယကာ အနာထပိဏ်သူဌေးဟာ ငိုပါတယ်။ ငိုပြီးလျှောက်ပါ တယ်။

"အရှင်ဘုရား၊ တပည့်တော်က အရှင်ဘုရားတို့ကို ဆည်းကပ်တာ ကြာပါပြီဘုရား၊ ဒီလိုတရားမျိုးကို မနာ ခဲ့ရဘူးပါဘုရား"၊

"ဒီလို တရားမျိုးကို လူပုဂ္ဂိုလ်တွေ အတွက်လည်း ဟောပေးပါဘုရား၊ အိမ်ရာ တည်ထောင် လူတို့ဘောင် မှာ နေကြသူတွေမှာ တစ်ချို့ ကိလေသာမြူမှုန် နည်းသူ တွေ ရှိကြပါတယ်ဘုရား။ ဟောပေးပါဘုရား။

"တကယ်လို့များ အရှင်ဘုရားတိုက ဒီလို တရား မျိုးကို ဟောမပေးဘူး ဆိုရင် တရားတော်ကို မနာ ကြရတဲ့အတွက်ကြောင့် ကိုသိုလ်တွေယုတ်လျော့၊ အသိ ဉာဏ်နည်းပြီး ဆင်းရဲသထက် ဆင်းရဲကုန်ပါလိမ့်မယ် ဘုရား"လို့ လျှောက်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုလည်းပဲ ဦးပဉ္စင်းတိုက ဒီတရားတော်ကိုပဲ ပြန်ပြီး ဟောပေးပါတယ်။

မြန်မာလိုတော့ "စင်ကြယ်ခြင်း"လို့ အမည်ပေးထားတယ်ပေါ့။ "အရိယာ"ဆိုတဲ့ ပါဠိ စကားလုံးရဲ့ အဓိပ္ပာယ်ပေါင်း များစွာထဲက စင်ကြယ်ခြင်း အဓိပ္ပာယ်ကို ရှင်းပြတာပါပဲ။

ဒီတရားတော်ကို ဆေးရုံပေါ်မှာလည်း ဟောခဲ့ပြီးပါပြီ။ ကဲ-အခုလည်း ဟောလို့ ပြီးပါတော့မယ်။

ယနေ့ လွန်ခဲ့ပြီးတဲ့ ခုနစ်ရက်က တမလွန်ဘဝကို ပြောင်းသွားရှာတဲ့ သားသမီးတို့ရဲ့ ကျေးဇူးရှင် ဖခင်ကြီး ဦးသိန်းလှိုင်ကို အကြောင်းပြုပြီးတော့ မိမိတို့ရဲ့ အိမ်ဂေဟာကို သံဃာတော်မရှင်မြတ်တွေကို ပင့်ဖိတ်လို့၊ သရဏဂုံ သီလတွေကို ဆောက်တည်လို့၊ ဝေယျာဝစ္စတွေကို ဆောင်ရွက်လို့၊ ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတွေကို ဆက်ကပ်လို့၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးဖြာ အလိုရှိရာ သုံးဆောင်နိုင်ဖို့ရာ နဝကမ္မတွေ လှူဒါန်းလို့၊ ဧည့်ပရိသတ်တွေကို ကျွေးမွေးလို့၊ တရားတော်ကို နာကြားမှတ်သား ကျင့်ကြံအားထုတ်လို့ ကုသိုလ်ကောင်းမှုပေါင်းများစွာကို ဆောင်ရွက်တဲ့ ပွဲပါပဲ။

ဒီကုသိုလ် ကံတွေကြောင့် အကုသိုလ်ကံတွေ ကင်းပြီး ကံစင်ကြယ်နေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကံစင်ကြယ်ရုံသာ မကဘဲ မိမိတို့ သန္တာန်မှာ ငုပ်နေ၊ ဖြစ်နေ၊ ရှိနေတတ်တဲ့ ကိလေသာတွေလည်း ကင်းစင်ပြီး စိတ်စင်ကြယ်တဲ့ အဆင့်ကိုရောက်အောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်နိုင်ကြပါစေ။

ကံလည်း စင်ကြယ်၊ ကံစင်ကြယ်တဲ့အတွက် ကောင်းကျိုးမွန်သမျှတွေကို ရရှိပြီး စိတ်လည်းစင်ကြယ် စိတ်စင်ကြယ်တဲ့အတွက် စိတ်စင်ကြယ်သူတို့ စံဝင်ရာ ဖြစ်တဲ့ အမတ ရွှေပြည်နိဗ္ဗာန်ဓာတ်ကိုလည်း ရနိုင် ရောက်နိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန် သတည်း။

BURMESE CLASSIC

**သာဓု သာဓု သာဓုပါဘုရား။**

www.burmeseclassic.com